ကြေးမုံ
The Mirror
Established in 1957

၁၃၇၇ ခုနှစ်၊ ဒုတိယဝါဆိုလပြည့်ကျော် ၇ ရက်၊ သောကြာနေ့၊ (7-8-2015) (၈၂၈၅)

## မေတ္တာ၏ အကျိုးအာနိသင်

မေတ္တာ၏ အကျိုးအာနိသင်သည် အလွန်များပြား ကြီးမားမြင့်မြတ်၏။ ဘဝသမ္ပတ္တိအကျိုးပေးသန်သော ကောင်းသောကံတကာတည်းတွင် ဤမေတ္တာကံသည် အထွတ်မြတ်ဆုံး၊ အသာဆုံးတည်း။ မေတ္တာကံကို တုပြိုင်နိုင်သော ကံဟူ၍ မရှိပေ။

သေက္ချတောင်ဆရာတော် ဦးတိလောက

# အသက်ရှင်ကျန်နေသူများ ဆက်လက်ရှင်သန်ရေး၊ ပြန်လည်ထူထောင်နိုင်ရေး အစွမ်းကုန်ကူညီပေးမည်

**နေပြည်တော် ဩဂုတ် ၆**

မကွေးတိုင်းဒေသကြီးတွင် ရောက်ရှိနေသည့် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ယနေ့နံနက်ပိုင်းတွင် မကွေးမြို့ မြသလွန် စေတီတော်မြတ်ကြီးအား သွားရောက်ဖူးမြော်ကြည်ညိုသည်။

ရှေးဦးစွာ နိုင်ငံတော်သမ္မတသည် စေတီတော်ရင်ပြင်ပေါ်ရှိ မဟာဝိဇယရံသီ တန်ဆောင်းမှနေ၍ စေတီတော်မြတ်ကြီးအား ဆွမ်း၊ ပန်း၊ ရေချမ်း၊ သစ်သီးများကို ဆက်ကပ်လှူဒါန်းသည်။

ယင်းနောက် နိုင်ငံတော်သမ္မတက စေတီတော်မြတ်ကြီးအတွက် အလှူငွေများကို ဂေါပကအဖွဲ့ထံပေးအပ်ပြီး ဂေါပကအဖွဲ့က အမှတ်တရလက်ဆောင် ပြန်လည်ပေးအပ်သည်။

ထို့နောက် နိုင်ငံတော်သမ္မတသည် စေတီတော်မြတ်ကြီး၏ ဧည့်မှတ်တမ်းတွင် လက်မှတ်ရေးထိုးပြီး စေတီတော်မြတ်ကြီးအား လက်ယာရစ်လှည့်လည်ပူဇော်သည်။

**စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆**



နိုင်ငံတော်သမ္မတ ဦးသိန်းစိန် မြောက်ဦးမြို့ရှိ ရေဘေးသင့်ဒေသခံပြည်သူများအား အားပေးစကား ပြောကြားစဉ်။ (ပြန်/ဆက်)

❝ ပြန်လည်ထူထောင်ရာတွင် နေအိမ်များပြန်လည်ပြင်ဆင်နိုင်ရေး၊ မျိုးစပါးများရရှိရေး၊ ငါးဖမ်းလုပ်ငန်းအပါအဝင် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ပြန်လည်စတင်နိုင်ရေး၊ စားနပ်ရိက္ခာဖူလုံရေး၊ လယ်ယာလုပ်ငန်းသုံးပစ္စည်းများရရှိရေးတို့ကို ဆောင်ရွက်ပေးမည် ❞

### ဘင်္ဂလားပင်လယ်အော်အခြေအနေ

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် မုတ်သုံလေအားကောင်းရာမှ အားအလွန်ကောင်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေအားနည်းနေသည်။



ကြေးမုံစာတည်းရှုထောင့် ၇-၈-၂၀၁၅၊ သောကြာနေ့

# အသိပေးနှိုးဆော်ကြိုတင်ကာကွယ်

မြန်မာနိုင်ငံတွင် သဘာဝဘေးအန္တရာယ် ကျရောက်ခဲ့ရပေပြီ။ သဘာဝဘေးအန္တရာယ်ကြောင့် မမျှော်လင့်ဘဲ သတိမမူမိသည့် အခြေအနေအကြောင်းကြောင်းကြောင့် လူ့အသက်ဆုံးရှုံးမှုအနည်းငယ်ရှိခဲ့ပြီး ပစ္စည်းဥစ္စာဆုံးရှုံးမှုများမှာ များပေလိမ့်မည်။ အကြောင်းအရင်းကို အဖြေရှာကြည့်သော် အသိအမြင်နည်းပါးမှုနှင့် အသိပေးနှိုးဆော်မှုအားနည်းခြင်းနှင့် မသိရှိခြင်းတို့လည်း ပါဝင်ပေမည်။

ရာသီဥတုကြောင့်ဖြစ်ပေါ်သော သဘာဝဘေးအန္တရာယ်ဟူသည်မှာ ရက်ပိုင်း၊ နာရီပိုင်းအလိုက် ကြိုတင်သိရှိနိုင်ပေသည်။ ယင်းသို့သိရှိနိုင်အောင် မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက အသိပေးချက်များကို အချိန်နှင့်တစ်ပြေးညီ မီဒီယာများမှတစ်ဆင့် ထုတ်ပြန်ပေးလျက်ရှိသည်။ မီဒီယာများကလည်း မိုးလေဝသသတင်းထူးများကို စဉ်ဆက်မပြတ်ထုတ်ပြန်အသိပေးခဲ့သည်။

ယင်းသို့သောအချိန်ကာလတွင် မီဒီယာများ၏ ထုတ်ပြန်ချက်များကို မျက်ခြည်မပြတ်စောင့်ကြည့်ပြီး မှတ်သားလိုက်နာဆောင်ရွက်ကြရမည်မှာ ပြည်သူများဖြစ်သည်။ ချက်ချင်းတုံ့ပြန်ဆောင်ရွက်ကြရမည်မှာ ဒေသဆိုင်ရာအာဏာပိုင်များဖြစ်သည်။ ပြည်သူများအနေဖြင့် မိုးလေဝသသတင်းထူးများကို ကြားသိလျှင်ကြားသိချင်း မိမိတို့အတွက် ထိခိုက်မှုမရှိစေရန် ပြင်ဆင်ထားရမည်။ အကယ်၍ မကြားသိနိုင်လျှင်လည်း ကြားသိသူများက လက်ဆင့်ကမ်းအသိပေးမျှဝေကြရမည်။ တိုက်တွန်းနှိုးဆော်ကြရမည်။

ပြည်သူများသည် အများအားဖြင့် သဘာဝဘေးအသိအမြင် နည်းပါးကြသည်။ သိရှိလျှင်လည်း မိမိစည်းစိမ်ဥစ္စာ၊ မိမိနေရာဌာနကို စွန့်ခဲလှသည်။ နောင်ခါလာ နောင်ခါချေး၊ လာမည့်ဘေး ပြေးတွေ့၊ ဖြစ်မှလည်းဖြစ် စသည့် ပေါ့ပေါ့ဆဆအတွေးများရှိတတ်ကြသည်။ အထူးသဖြင့် ပုထုဇဉ်လူသားတို့၏ သဘာဝ မိမိစည်းစိမ်ဥစ္စာနှင့်နေရာဌာန မည်သည့်အတိုင်းအတာရှိသည်ဖြစ်စေ ဖက်တွယ်ထားတတ်သည့် သဘောရှိသည်။

ရေဘေးအန္တရာယ်မှာ ကြောက်မက်ဖွယ်ကောင်းသည်ကို သိရှိသော်လည်း ကြိုတင်မပြင်ဆင်ခဲ့ကြသဖြင့် မြန်မာနိုင်ငံအထက်ပိုင်းရှိ ပြည်သူအချို့ အန္တရာယ်နှင့် နဖူးတွေ့ဒူးတွေ့ကြုံခဲ့ကြသည်။ ယခုလည်း မြန်မာနိုင်ငံအောက်ပိုင်းရှိဒေသအချို့တွင် ရေလွှမ်းမိုးမည့်အခြေအနေများရှိနေကြောင်းနှင့် လက်ရှိတွင်လည်း ရေလွှမ်းမိုးစပြုနေခြင်းကို ခံနေရသောပြည်သူအချို့သည် တန်ဖိုးနည်းသော မိမိစည်းစိမ်ဥစ္စာအိမ်ရာတို့ကို မစွန့်လွှတ်နိုင်ဘဲ ရေထပ်တက်လျှင် အိမ်အထက်ဆင့်ထိုးနေမည်ဟု ဆိုလာကြပြန်သည်။

ရေတရိပ်ရိပ်တက်လာလျှင် မဆိုသာသော်လည်း အရှိန်ပြင်းပြင်းနှင့် မိုးရောလေရောပါလာပါက မိမိစည်းစိမ်ဥစ္စာသာမက အသက်အန္တရာယ်ပင်ရှိလာနိုင်သည်ကို ၎င်းတို့သတိမမူနိုင်ကြချေ။ ၎င်းတို့လည်း ထိုနည်းလည်းကောင်းပင်ဖြစ်သည်။ အဆိုပါပြည်သူများ ထိုသို့ခံစားကြသည်မှာ ခံစားနိုင်လောက်သည်။ မိမိတို့တစ်ဝမ်းတစ်ခါး တစ်ကြောစာအတွက် ပိုင်ဆိုင်သမျှမှာ ထိုမျှဖြစ်သည်။ ထိုပိုင်ဆိုင်မှုအနည်းငယ်ကလေးကို အဆုံးအရှုံးမခံနိုင်သဖြင့် ရှိသမျှ ရသမျှ နွယ်တစ်ပင်၊ မြက်တစ်ပင်ကိုပင် ဆုပ်ကိုင်ကြရသည်။

ထိုအခါ သက်ဆိုင်ရာအဖွဲ့အစည်းများတွင် တာဝန်ရှိလာသည်။ အဆိုပါပြည်သူများအား ဘေးအန္တရာယ်ကြီးမားစွာမကျရောက်မီအချိန်တွင် နှစ်သိမ့်ပေးရမည်။ နားချပေးရမည်။ ကူညီရွှေ့ပြောင်းစောင့်ရှောက်ပေးရမည်။ ၎င်းတို့၏ ရှိသမျှစည်းစိမ်ဥစ္စာ အနည်းငယ်မျှကိုပင် မဆုံးရှုံး၊ မပျောက်ပျက်အောင် ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်ပေးရမည်။ မဖြစ်ခင်က ကြိုတင်ဆောင်ရွက်ပေးရမည်မှာ သက်ဆိုင်ရာအဖွဲ့အစည်းများ၏ တာဝန်ဖြစ်သည်။ ထိုသို့မဆောင်ရွက်ပေးခဲ့ပါလျှင် တာဝန်မဲ့ရာရောက်မည်။ တာဝန်မသိရာရောက်မည်။ အသိအမြင်နည်းသူကို အသိအမြင်များအောင်ဆောင်ရွက်ပေးရမည်။ ဒုက္ခရောက်မည့်သူကို ဒုက္ခမရောက်အောင် စောင့်ရှောက်ပေးရမည်။

မျက်မှောက်ကာလ အဖြစ်အပျက်များက မိမိတို့တွင် သင်ခန်းစာများ အမြောက်အမြားရခဲ့ပြီးဖြစ်သည်။ မိမိတို့၏ အားနည်းချက်၊ အားသာချက်များကိုလည်း တွေ့ခဲ့ရပြီးဖြစ်သည်။ နောင်ကာလတွင် ထိုသို့မဖြစ်အောင် ပြုပြင်ပြောင်းလဲဆောင်ရွက်ကြရမည်။ လက်ရှိတွင် ထပ်မံကြုံတွေ့ရမည့် အခြေအနေများရှိနေသည်။ ထို့ကြောင့် အားနည်းချက်၊ ချို့ယွင်းချက်များမရှိအောင် ဆက်လက်ကြိုးပမ်းဆောင်ရွက်ကြဖို့ တိုက်တွန်းအပ်ပါသည်။ ။

## ခိုကိုးရာမဲ့ကလေးငယ်များနှင့် ချို့တဲ့ကလေးငယ်များဘဝမြှင့်တင်ရေး အလေးထား

**နေပြည်တော် ဩဂုတ် ၆**

မြန်မာနိုင်ငံအမျိုးသမီးများနှင့် ကလေးသူငယ်များ ဘဝမြှင့်တင်ရေးအသင်း (MWCDF)၏ နှစ်ပတ်လည်နေ့ အခမ်းအနားကို ဩဂုတ် ၅ ရက် နံနက် ၉ နာရီတွင် နေပြည်တော် ဥတ္တရသီရိမြို့နယ်ရှိ အသင်းရုံးချုပ်၌ ကျင်းပသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံအမျိုးသမီးများနှင့် ကလေးသူငယ်များ ဘဝမြှင့်တင်ရေး အသင်း နာယက ဒေါ်ခင်ခင်ဝင်းက အဖွင့်အမှာစကားပြောကြားရာတွင် **(ယာပုံ)**အသင်း၏ နှစ်နှစ်တာကာလအတွင်း ကြိုးပမ်းဆောင်ရွက်ချက်များသည် အမျိုးသမီးများနှင့် ကလေးသူငယ်များ၏ ဘဝမြှင့်တင်ရေး ရည်ရွယ်ချက်အတိုင်း ပီပီပြင်ပြင် ဆောင်ရွက်နေသည်ကို တွေ့မြင်ရပါကြောင်း၊ အသင်းဝင်များ၏ လုပ်ဆောင်ချက်များကို အသိအမှတ်ပြုပါကြောင်း၊ အထူးအားဖြင့် ခိုကိုးရာမဲ့ ကလေးငယ်များနှင့် ချို့တဲ့သော ကလေးငယ်များ ဘဝမြှင့်တင်ရေးကို အလေးထားဆောင်ရွက်လိုပါကြောင်း တိုက်တွန်းပြောကြားခဲ့သည်။



ထို့နောက် အသင်းဥက္ကဋ္ဌ ဒေါက်တာဒေါ်ဝေဝေသာက ကြိုဆိုနှုတ်ခွန်းဆက်စကားနှင့် ကျေးဇူးတင်စကား ပြောကြားသည်။

ဆက်လက်၍ အသင်းတွဲဖက်အတွင်းရေးမှူး ဒေါ်ခင်မိုးဆမ်းက အသင်း၏ ရည်ရွယ်ချက်၊ ရည်မှန်းချက်၊ လုပ်ငန်းတာဝန်များနှင့် နှစ်နှစ်တာကာလအတွင်း အသင်းမှလုပ်ဆောင်ထားသော ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ ကျေးရွာရေရရှိရေး၊ ကျေးရွာမီးရရှိရေးနှင့်အရေးပေါ် ကူညီထောက်ပံ့မှုများအား ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ အသင်းရန်ပုံငွေအတွက် စေတနာရှင်များက လှူဒါန်းသော အလှူငွေများအား လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## သုံးခွ-ရန်ကုန် ယာဉ်မောင်းများ တစ်နေ့တာပြေးဆွဲခငွေလှူဒါန်း

**နေပြည်တော် ဩဂုတ် ၆**

မင်္ဂလာတောင်ညွန့်မြို့နယ် အထက်ပုဇွန်တောင်လမ်းရှိ ရွှေရန်ကုန် Taxi အမြန်ယာဉ်ငယ်ဂိတ် (သုံးခွ-ရန်ကုန်)အငှားယာဉ်မောင်းများက ယနေ့ တစ်နေ့တာပြေးဆွဲ၍ ရရှိသော ငွေများကို ရေဘေးသင့်ဒေသများရှိပြည်သူများအတွက် လှူဒါန်းသွားမည်ဖြစ်ကြောင်းသိရသည်။

အဆိုပါကားဂိတ်မှ အငှားယာဉ်မောင်းတစ်ဦးက "မီဒီယာတွေ၊ လူမှုကွန်ရက်စာမျက်နှာတွေ မှာ ရေဘေးသင့်ပြည်သူတွေကို အားတက်သရော လှူဒါန်းတာတွေ့မြင်ရတော့ ကျွန်တော်တို့ အငှားယာဉ်မောင်းအဖွဲ့တွေကလည်း စုပေါင်းလှူဒါန်းချင်စိတ်ပေါ်ပေါက်လာတာနဲ့ အခုလို လှူဒါန်းကြခြင်းဖြစ်ပါတယ်"ဟု ပြောသည်။ **အေးကို(သတင်းစဉ်)**

## အထွေထွေရွေးကောက်ပွဲကို ၂၀၁၅ ခုနှစ် နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပမည်

မဲစာရင်းမှာအမည်ပါမှ မဲပေးနိုင်ကြောင်း သတိချပ်စေလိုပါသည်။ မဲစာရင်းများယွင်းမှု ရှိနေသော်လည်း မဲပေးခွင့်မဆုံးရှုံးနိုင်ပါ။ မဲပေးပိုင်ခွင့်ရှိသူ အမှန်ဖြစ်ကြောင်း တာဝန်ခံပြောကြားသူရှိလျှင် ပြင်ဆင်ရေးမှတ်၍ မဲပေးခွင့်ပြုရမည်ဟု လွှတ်တော်ရွေးကောက်ပွဲနည်းဥပဒေများ ၅၀(ဂ)တွင် အတိအလင်း ပြဋ္ဌာန်းထားပါသည်။



## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

**ရန်ကုန် ဩဂုတ် ၆**

| | | |
|---|---|---|
| ရန်ကုန် | ရွှေဈေး | ၇၂၁၀၀၀ - ၇၂၂၀၀၀ |
| မန္တလေး | ရွှေဈေး | ၇၂၀၅၀၀ - ၇၂၁၅၀၀ |

**စက်သုံးဆီဈေးနှုန်း**

| | | | |
|---|---|---|---|
| (က) | ဒီဇယ် | တစ်လီတာ | ၆၈၀ ကျပ် |
| (ခ) | အောက်တိန်း 95 | တစ်လီတာ | ၈၂၀ ကျပ် |
| (ဂ) | အောက်တိန်း 92 | တစ်လီတာ | ၇၂၀ ကျပ် |
| (ဃ) | ဓာတ်ဆီ | တစ်လီတာ | ၇၁၀ ကျပ် |

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | | |
|---|---|---|---|---|
| (က) | အမေရိကန် | တစ်ဒေါ်လာ | = | ၁၂၃၄.၀ |
| (ခ) | ဥရောပ | တစ်ယူရို | = | ၁၃၄၇.၀ |
| (ဂ) | တရုတ် | တစ်ယွမ် | = | ၁၉၈.၇၂ |
| (ဃ) | ထိုင်း | တစ်ဘတ် | = | ၃၅.၀၉၇ |
| (င) | မလေးရှား | တစ်ရင်းဂစ် | = | ၃၁၇.၈၄ |
| (စ) | အိန္ဒိယ | တစ်ရူပီး | = | ၁၉.၃၅၈ |
| (ဆ) | ဂျပန် | တစ်ရာယန်း | = | ၉၈၈.၆၂ |
| (ဇ) | တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၀၅.၃၇ |
| (ဈ) | ဩစတြေးလျ | တစ်ဒေါ်လာ | = | ၉၀၇.၂၅ |
| (ည) | စင်ကာပူ | တစ်ဒေါ်လာ | = | ၈၉၂.၂၃ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဗဟိုဘဏ် သတ်မှတ်ရည်ညွှန်းနှုန်း

ကြေးမုံ
နေ့စဉ်သတင်းစာ

**စာတည်းမှူးချုပ်** - ဦးခင်မောင်ကျော်ဒင်
**စာတည်းများ** - ဦးလှစိန်၊ ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်၊ ဦးစန်းအောင်
**သတင်းထောက်မှူး** - ဦးငွေအောင်
**ဘာသာပြန်စာတည်းများ** - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ အေဝမ်းစိုး၊ အောင်ကျော်ကျော်
**အနုပညာစာတည်း** - ခင်ခင်သက်
**အားကစားစာတည်း** - မေလှဲ့သင်း
**ဆောင်းပါးစာတည်း** - စန္ဒာဝင်း
**အကြီးတန်းသတင်းထောက်များ** - ဟိန်းထက်လင်း၊ နိုင်လင်းကြည်၊ ဖြိုးစန္ဒာမြင့်၊
**အငယ်တန်းသတင်းထောက်များ** - သီသီမင်း၊ အောင်ကျော်ဦး၊ ခင်ဇာလီ၊ သန့်ဇင်ဝင်း၊ မေသကြိန်၊ အေးအေးမြင့်၊ ခင်စုစုလှိုင်၊
**ဓာတ်ပုံသတင်းထောက်** - ခင်မောင်ဝင်း၊ ဇေယျာဝင်း(ဖိုးခွား)
**အထူးသတင်းထောက်** - စုနှင်းလှဲ့၊ သီရိ

## ပြည်တွင်းရေးရာ



နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ရခိုင်ပြည်နယ်အတွင်း ရေဘေးသင့်ပြည်သူများအတွက် ထောက်ပံ့ပစ္စည်းများကို ရခိုင်ပြည်နယ်ဝန်ကြီးချုပ်ထံ ပေးအပ်စဉ်။ (ပြန်/ဆက်)

☆ **ရှေ့ဖုံးမှ**

ယင်းနောက် ပွင့်ဖြူမြို့နယ်ရှိ ရေဘေးသင့်ပြည်သူများအား သွားရောက်လှူဒါန်းမည့် စေတနာရှင်ပြည်သူများအားတွေ့ဆုံ၍ ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များသည် မကွေးတိုင်းဒေသကြီးမှ ရခိုင်ပြည်နယ်သို့ လေကြောင်းခရီးဖြင့် ဆက်လက်ထွက်ခွာလာကြရာ ရခိုင်ပြည်နယ် စစ်တွေလေဆိပ်တွင် ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးမောင်မောင်အုန်းနှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတသည် စစ်တွေမြို့ ဦးဥတ္တမခန်းမ၌ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိမြို့ဖများ၊ လူမှုရေးအဖွဲ့အစည်းများ၊ ဒေသခံပြည်သူများနှင့် တွေ့ဆုံသည်။

ယင်းသို့တွေ့ဆုံရာတွင် ရခိုင်ပြည်နယ်ဝန်ကြီးချုပ်က ဆိုင်ကလုန်းမုန်တိုင်း ကိုမန်ကြောင့် ပြည်နယ်အတွင်း ရေကြီးရေလျှံမှုများ ဖြစ်ပေါ်ခဲ့သည့် အခြေအနေများ၊ ပျက်စီးဆုံးရှုံးမှုများနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းစဉ်များကို အသေးစိတ်ရှင်းလင်းတင်ပြသည်။

ထို့နောက် နိုင်ငံတော်သမ္မတက အမှာစကားပြောကြားရာတွင် ရေကြီးရေလျှံမှုဖြစ်စဉ်များအတွင်း သေဆုံးခဲ့ရသည့် ပြည်သူများအတွက် မိသားစုများနှင့်ထပ်တူ ဝမ်းနည်းပါကြောင်း၊ အသက်ရှင်ကျန်နေသူများ ဆက်လက်ရှင်သန်ရေး၊ ပြန်လည်ထူထောင်နိုင်ရေးအတွက် အစွမ်းကုန်ကူညီပေးမည်ဖြစ်ပါကြောင်း၊ ကယ်ဆယ်ရေးစခန်းများ၌ နေထိုင်ချိန်တွင် စားသောက်ရေးသာမက အဝတ်အထည်နှင့် နေ့စဉ်အသုံးအဆောင် လိုအပ်ချက်များပါ ဖြည့်ဆည်းပေးနိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ပြန်လည်ထူထောင်ရာတွင် နေအိမ်များ ပြန်လည်ပြင်ဆင်နိုင်ရေး၊ မျိုးစပါးများရရှိရေး၊ ငါးဖမ်းလုပ်ငန်းအပါအဝင် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ပြန်လည်စတင်နိုင်ရေး၊ စားနပ်ရိက္ခာဖူလုံရေး၊ လယ်ယာလုပ်ငန်းသုံးပစ္စည်းများ ရရှိရေးတို့ကို ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း၊ အားလုံးက လူသားချင်းစာနာစိတ်၊ မျိုးချစ်စိတ်၊ တာဝန်သိမှု၊ တာဝန်ရှိမှု၊ တာဝန်ယူမှုများဖြင့် ပူးပေါင်းဆောင်ရွက်ရန် လိုအပ်ပါကြောင်း ပြောကြားသည်။

ယင်းနောက် နိုင်ငံတော်သမ္မတက ရခိုင်ပြည်နယ်အတွင်း ရေဘေးသင့်ပြည်သူများအတွက် ထောက်ပံ့ပစ္စည်းများကို ရခိုင်ပြည်နယ်ဝန်ကြီးချုပ်ထံ ပေးအပ်သည်။

ထို့နောက် ဒေသခံတစ်ဦးက ကျေးဇူးတင်စကားပြောကြားပြီး ပြန်လည်ထူထောင်ရေးအတွက် လိုအပ်ချက်ဆိုင်ရာများကို ရှင်းလင်းတင်ပြရာ နိုင်ငံတော်သမ္မတက တင်ပြချက်များနှင့်စပ်လျဉ်း၍ လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ဆက်လက်၍ ရခိုင်ပြည်နယ်အတွင်း ရေဘေးသင့်ပြည်သူများအတွက် စေတနာရှင်၊ အလှူရှင်များက အလှူငွေများပေးအပ်ကြရာ ကမ္ဘောဇဘဏ်လီမိတက်မှ တာဝန်ရှိသူတစ်ဦးက ငွေကျပ်သိန်း ၆၀၀၀၊ ရွှေသံလွင်ကုမ္ပဏီလီမိတက်မှ တာဝန်ရှိသူတစ်ဦးက ငွေကျပ်သိန်း ၈၆၀၀၊ စီဘီဘဏ်မှ တာဝန်ရှိသူတစ်ဦးက ငွေကျပ်သိန်း ၆၀၀၀ တို့ကို အသီးသီးပေးအပ်လှူဒါန်းကြရာ ရခိုင်ပြည်နယ်ဝန်ကြီးချုပ်က လက်ခံရယူပြီး ကျေးဇူးတင်စကားပြောကြားသည်။

ယင်းနောက် နိုင်ငံတော်သမ္မတသည် တွေ့ဆုံပွဲသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ပြီး စစ်တွေမြို့တွင်းနှင့် ကမ်းနားလမ်း တစ်လျှောက်သို့ မော်တော်ယာဉ်ဖြင့် လှည့်လည်ကြည့်ရှုသည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များသည် ရဟတ်ယာဉ်များဖြင့် ထွက်ခွာပြီး မြောက်ဦးမြို့သို့ ရောက်ရှိကြရာ တိုင်းမှူး ဗိုလ်ချုပ်အောင်လင်းဒွေးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ကြိုဆိုကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတသည် မြောက်ဦးမြို့ အောင်မြေဗောဓိမမ္မရိပ်သာ အလိုတော်ပြည့်ကျောင်းတိုက်ဆရာတော် ဒေါက်တာ အရိယဝံသအား သွားရောက်ဖူးမြော်ပြီး ရေဘေးသင့်ကယ်ဆယ်ရေးလုပ်ငန်းများနှင့်ပတ်သက်၍ ဆောင်ရွက်ထားရှိမှုအခြေအနေများကို လျှောက်ထားသည်။

ထို့နောက် နိုင်ငံတော်သမ္မတသည် အလိုတော်ပြည့်ကျောင်းဓမ္မာရုံ၌ ရေဘေးသင့် ပြည်သူများနှင့် တွေ့ဆုံကာ ကယ်ဆယ်ရေး၊ ကူညီထောက်ပံ့ရေး၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး ကယ်ဆယ်ရေးပစ္စည်းများ ထောက်ပံ့ပေးအပ်သည်။


ယင်းနောက် ဒေသခံပြည်သူတစ်ဦးက ကျေးဇူးတင်စကားပြန်လည်ပြောကြားသည်။

ထိုမှတစ်ဆင့် နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များသည် မင်းပြားမြို့သို့ ရောက်ရှိပြီး ရာမောင်ခန်းမ၌ ရေဘေးသင့်ပြည်သူများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် တွေ့ဆုံသည်။

တွေ့ဆုံရာတွင် ပြည်နယ်ဝန်ကြီးချုပ် ဦးမောင်မောင်အုန်းက ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို တင်ပြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတက ရေဘေးသင့် ပြည်သူများအား ကယ်ဆယ်ရေး၊ ကူညီထောက်ပံ့ရေး၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး ကယ်ဆယ်ရေးပစ္စည်းများ ထောက်ပံ့ပေးအပ်သည်။

ထို့နောက် ဒေသခံပြည်သူတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားကာ ပြည်နယ်ဝန်ကြီးချုပ်က လိုအပ်သည်များကို ဖြည့်စွက်ရှင်းလင်းတင်ပြသည်။ **(သတင်းစဉ်)**



## ရခိုင်ပြည်နယ်အတွင်း ဇူလိုင် ၂၄ ရက်မှ ဩဂုတ် ၅ ရက်အထိ သဘာဝဘေးအန္တရာယ်ကြောင့် သေဆုံးမှုနှင့် ပျက်စီးဆုံးရှုံးမှုအခြေအနေ

| စဉ် | သေဆုံး/ပျက်စီးဆုံးရှုံးမှုအခြေအနေ | အရေအတွက် |
|---|---|---|
| ၁။ | လူသေဆုံးမှု | ကျား(၂၉)၊မ(၂၆)၊ ပေါင်း (၅၅) |
| ၂။ | ကျွဲ၊နွားသေဆုံးမှု | ကျွဲ(၁၈၅၂)၊ နွား (၂၈၀၂) ပေါင်း ၄၆၅၄ |
| ၃။ | ရေဘေးသင့်အိမ်ထောင်စု | ၁၆၆၅၆ |
| ၄။ | ရေဘေးသင့်လူဦးရေ | ၈၅၄၂၆ |
| ၅။ | ရေမြုပ်/ရေဝင်အိမ် | ၈၄၅၅၉ |
| ၆။ | ရေမြုပ်/ရေဝင်ကျောင်း | ၂၁၁ |
| ၇။ | ရေမြုပ်/ရေဝင်ဘုန်းကြီးကျောင်း | ၆၁ |
| ၈။ | ရေမြုပ်/ရေဝင်လယ်ဧက | ၃၀၅၇၇၀၁ |
| ၉။ | ရေမြုပ်/ရေဝင်အခြား | ၉၀၈၆ |
| ၁၀။ | ပြိုကျ/ပျက်စီးအိမ် | ၁၀၉၅၆ |
| ၁၁။ | ပြိုကျ/ပျက်စီးကျောင်း | ၂၇၂ |
| ၁၂။ | ပြိုကျ/ပျက်စီးဘုန်းကြီးကျောင်း | ၁၀၂ |
| ၁၃။ | ပြိုကျ/ပျက်စီးလယ်ဧက | ၂၁၇၅၈၀ |
| ၁၄။ | ပြိုကျ/ပျက်စီးအခြား | ၄၅၄၇ |
| ၁၅။ | ပြိုကျ/ပျက်စီးဆည် | ၂၄၁ |
| ၁၆။ | ပြိုကျ/ပျက်စီးတံတား | ၂၁ |
| ၁၇။ | ပြိုကျ/ပျက်စီးလမ်း | ၁၁ |
| ၁၈။ | ပျက်စီးဆုံးရှုံးမှုတန်ဖိုးကျပ်သန်းပေါင်း | ၃၄၂၉၀. ၃၈၆ |

## ရေဘေးသင့်ပြည်သူများအား ကယ်ဆယ်ရေးပစ္စည်းများ ထောက်ပံ့ထားရှိမှုအခြေအနေ

| စဉ် | ခရိုင်/မြို့နယ် | ကျားလုံချည် (ထည်) | မလုံချည် (ထည်) | စောင် (ထည်) | မျက်နှာသုတ်ပဝါ(ထည်) | ဒန်အိုး (လုံး) | ဇလုံ (လုံး) | တီရှပ် (ထည်) | ဆပ်ပြာ (တောင့်) | ခြင်ထောင် (လုံး) |
|---|---|---|---|---|---|---|---|---|---|---|
| ၁။ | မောင်တောခရိုင် | ၁၀၀၀ | ၁၀၀၀ | ၂၀၀ | ၁၀၀၀ | ၂၀၀ | ၂၀၀ | ၄၀၀ | ၁၀၀၀ | ၂၀၀ |
| ၂။ | ဘူးသီးတောင်မြို့နယ် | ၁၀၅၀ | ၁၀၅၀ | ၁၀၅၀ | ၁၀၅၀ | ၁၀၅၀ | ၁၀၅၀ | ၂၁၀၀ | ၁၀၅၀ | ၁၀၅၀ |
| ၃။ | စစ်တွေမြို့နယ် | ၂၇ | ၂၇ | ၂၇ | ၂၇ | ၂၇ | ၂၇ | ၅၄ | ၂၇ | ၂၇ |
| ၄။ | ပုဏ္ဏားကျွန်းမြို့နယ် | ၄၀၀ | ၄၀၀ | ၃၀၀ | ၄၀၀ | ၃၀၀ | ၃၀၀ | ၆၀၀ | ၄၀၀ | ၃၀၀ |
| ၅။ | ကျောက်တော်မြို့နယ် | ၁၅၀ | ၁၅၀ | ၁၅၀ | ၁၅၀ | ၁၅၀ | ၁၅၀ | ၃၀၀ | ၁၅၀ | ၁၅၀ |
| ၆။ | မြောက်ဦးမြို့နယ် | ၃၀၀ | ၃၀၀ | ၃၀၀ | ၃၀၀ | ၃၀၀ | ၃၀၀ | ၆၀၀ | ၃၀၀ | ၃၀၀ |
| ၇။ | မင်းပြားမြို့နယ် | ၃၅၀ | ၃၅၀ | ၃၅၀ | ၃၅၀ | ၃၅၀ | ၃၅၀ | ၇၀၀ | ၃၅၀ | ၃၅၀ |
| ၈။ | အမ်းမြို့နယ် | ၁၀၀ | ၁၀၀ | ၁၀၀ | ၁၀၀ | ၁၀၀ | ၁၀၀ | ၂၀၀ | ၁၀၀ | ၁၀၀ |
| ၉။ | ရသေ့တောင်မြို့နယ် | ၅၀ | ၅၀ | ၅၀ | ၅၀ | ၅၀ | ၅၀ | ၁၀၀ | ၅၀ | ၅၀ |
| ၁၀။ | တပ်မတော်(တပ်ရင်း) | ၁၀၀ | ၁၀၀ | ၁၀၀ | ၁၀၀ | ၁၀၀ | ၁၀၀ | ၂၀၀ | ၁၀၀ | ၁၀၀ |
| ၁၁။ | လေဆိပ် | ၁၀၀ | ၁၀၀ | ၁၀၀ | ၁၀၀ | ၁၀၀ | ၁၀၀ | ၂၀၀ | ၁၀၀ | ၁၀၀ |
| | **စုစုပေါင်း** | **၃၆၂၇** | **၃၆၂၇** | **၂၇၂၇** | **၃၆၂၇** | **၂၇၂၇** | **၂၇၂၇** | **၅၄၅၄** | **၃၆၂၇** | **၂၇၂၇** |

## ရေဘေးကြောင့် ပျက်စီးခဲ့ရမှုများကို အမြန်ဆုံးပြန်လည်တည်ဆောက် ပြုပြင်ဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဩဂုတ် ၆**

ရန်ကုန်-စစ်တွေလမ်း မိုင်တိုင်အမှတ်(၂၇/၀)တွင် တည်ရှိသည့် ပေ ၉၉၀ အရှည်ရှိသော ဒလက်ချောင်းတံတား ပျက်စီးနေသည့်နေရာတွင် ပြည်သူအများ ကူးလူးသွားလာဆက်သွယ်မှု လွယ်ကူစေရန်အတွက် ဇက်ရေယာဉ်ရောက်ရှိနေပြီဖြစ်ကြောင်း သိရသည်။

အဆိုပါလမ်းကို ချဉ်းကပ်လမ်းနှစ်ဖက် ကျောက်လမ်းခင်းပြီး ယနေ့ညနေပိုင်းတွင် ဇက်ရေယာဉ်ဖြင့် ဖြတ်သန်းနိုင်မည်ဖြစ်ကြောင်း သိရသည်။

အလားတူ မိုင်တိုင်အမှတ်(၁၀၂/၂-၁၀၂/၃) အကြားရှိ ပေ ၄၀ အရှည် ရှမ်းတောင်ကွန်ကရစ်တံတားနေရာတွင် ပေ ၈၀ နှစ်လွှာတစ်ထပ် ဘေလီတံတား တည်ဆောက်ပြီးဖြစ်ပြီး ရန်ကုန်-စစ်တွေလမ်းအား ယနေ့တွင် စတင်ဖြတ်သန်းအသုံးပြုနိုင်ပြီဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

# သဘာဝဘေးအန္တရာယ်ကျရောက်သော်လည်း ရွေးကောက်ပွဲရွှေ့ဆိုင်းရန်မရှိ ဥပဒေအရ နိုင်ငံသား၊ ဧည့်နိုင်ငံသား၊ နိုင်ငံသားပြုခွင့်ရသူများကိုသာ မဲပေးခွင့်ပြု



**နေပြည်တော်　ဩဂုတ်　၆**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေးသည် ကုလသမဂ္ဂ၏ မြန်မာနိုင်ငံလူ့အခွင့်အရေးအခြေအနေဆိုင်ရာ အထူးအစီရင်ခံစာတင်သွင်းသူ မစ္စ ရန်ဟီလီနှင့်အဖွဲ့အား ယနေ့နံနက် ၁၀ နာရီခွဲတွင် နေပြည်တော်ရှိ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌက ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲအတွက် ဆောင်ရွက်နေမှုများနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားရာ မစ္စ ရန်ဟီလီက အခြေခံမဲစာရင်းအမှားများနှင့်စပ်လျဉ်း၍လည်းကောင်း၊ သဘာဝဘေးအန္တရာယ်ကျရောက်နေသည့်ဒေသများရှိမဲဆန္ဒရှင်များ မဲစာရင်းကြည့်ရှုပြင်ဆင်ရန် အခက်အခဲနှင့်စပ်လျဉ်း၍လည်းကောင်း၊ ယင်းဒေသများအား ရွေးကောက်ပွဲရွှေ့ဆိုင်းရန် ရှိ၊ မရှိ၊ နယ်မြေအေးချမ်းမှုမရှိသောဒေသများတွင် ရွေးကောက်ပွဲကျင်းပနိုင်မည့်အခြေအနေ၊ ကြိုတင်မဲပေးခြင်းကိစ္စ၊ စစ်ဘေးရှောင်စခန်းများရှိ မဲဆန္ဒရှင်များမဲပေးနိုင်ရေး ဆောင်ရွက်ထားရှိမှု၊ တပ်ဇရိယာအတွင်းရှိမဲရုံများသို့ ရွေးကောက်ပွဲစောင့်ကြည့်လေ့လာသူများ ဝင်ရောက်ကြည့်ရှုခွင့် ရှိ၊ မရှိ၊ ယာယီသက်သေခံလက်မှတ်များ သိမ်းဆည်းပြီးနောက် ထုတ်ပေးသည့်အစိမ်းရောင်ကတ် ကိုင်ဆောင်ထားသူများအနေဖြင့် ဆန္ဒမဲပေးခွင့် ရှိ၊ မရှိတို့ကို မေးမြန်းရာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌက မဲစာရင်းနှင့်စပ်လျဉ်း၍ အခြေခံမဲဆန္ဒရှင်စာရင်းကို ၂၀၁၅ ခုနှစ် နှစ်စပိုင်းမှစတင်၍ (၄) ကြိမ် ကပ်ထားကြေညာခဲ့ကြောင်း၊ ကော်မရှင်အနေဖြင့် မဲစာရင်းမှန်ကန်ရေးအတွက် ဆောင်ရွက်နေပြီး အခြေခံမဲစာရင်းများ ရှိထားပြီးဖြစ်ကြောင်း၊ မဲစာရင်းမှားရုံဖြင့် မဲပေးခွင့်မဆုံးရှုံးကြောင်း၊ မဲပေးခွင့်ရှိသူအမှန်ဖြစ်ကြောင်း၊ တာဝန်ခံပြောကြားသူရှိလျှင် ပြင်ဆင်ရေးမှတ်၍ မဲပေးခွင့်ပြုရမည်ဟု လွှတ်တော်ရွေးကောက်ပွဲ နည်းဥပဒေများ ၅၀ (ဂ)တွင် အတိအလင်း ပြဋ္ဌာန်းထားပါကြောင်း၊ သဘာဝဘေးအန္တရာယ် ကျရောက်ခြင်းနှင့်စပ်လျဉ်း၍ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ရွှေ့ဆိုင်းနိုင်သည်ဟု ပြဋ္ဌာန်းထားသော်လည်း ယခုဖြစ်စဉ်မှာ ရွေးကောက်ပွဲကျင်းပမည့်နေ့ရက်နှင့် ရက်ပေါင်း ၉၀ ခန့် ဝေးကွာသေးသဖြင့် ရွေးကောက်ပွဲရွှေ့ဆိုင်းရန်အကြောင်းမရှိပါကြောင်း၊ ကော်မရှင်အနေဖြင့် မဲစာရင်းတွင်ပါရှိသည့် မဲဆန္ဒရှင်များအား မဲဆန္ဒရှင်သက်သေခံလက်မှတ်များထုတ်ပေးရန် ဆောင်ရွက်ထားသဖြင့် မှတ်ပုံတင်၊ အိမ်ထောင်စုစာရင်း ပျောက်ဆုံးသော်လည်း မဲဆန္ဒရှင်သက်သေခံလက်မှတ်ဖြင့် မဲပေးနိုင်အောင် ဆောင်ရွက်ထားကြောင်း၊ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ရွေးကောက်ပွဲကျင်းပနိုင်ရေးအတွက် မဲဆန္ဒနယ်မြေများ သတ်မှတ်ကြေညာထားပြီးဖြစ်ပါကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် နယ်မြေလုံခြုံရေးအခြေအနေအရ လွတ်လပ်မျှတသော ရွေးကောက်ပွဲကျင်းပရန်မဖြစ်နိုင်ပါက ရွှေ့ဆိုင်းနိုင်သည်ဟုပြဋ္ဌာန်းထားပါကြောင်း၊ လုံခြုံရေးအရ မဲဆန္ဒနယ်တစ်ခုလုံးအား ရွှေ့ဆိုင်းခြင်းမပြုဘဲ မဲဆန္ဒနယ်တစ်နယ်အတွင်း ရွေးကောက်ပွဲကျင်းပနိုင်သည့် ရပ်ကွက်/ကျေးရွာအုပ်စုများတွင် ကျင်းပပေးပြီး လူထုကိုယ်စားလှယ်များ ရွေးကောက်တင်မြှောက်နိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ကြိုတင်မဲနှင့်ပတ်သက်၍ အစိုးရ၏ခွင့်ပြုချက်ဖြင့် နိုင်ငံပြင်ပရောက်မဲဆန္ဒရှင်များ၊ မဲဆန္ဒနယ်ပြင်ပရောက် ဆေးရုံတက်၊ သင်တန်းတက်များအနေဖြင့် ကြိုတင်ဆန္ဒမဲပေးလိုပါက ပုံစံ(၁၅) ဖြင့် တောင်းခံရမည်ဖြစ်ကြောင်း၊ ကြိုတင်မဲပေးသူစာရင်းကို ပြုစုပြီး သက်ဆိုင်ရာမဲရုံများတွင် ကြေညာထားမှာဖြစ်ကြောင်း၊ မဲရုံပိတ်ချိန် ညနေ ၄ နာရီတွင် ကြိုတင်ဆန္ဒမဲလက်မှတ်များအားရေတွက်ပြီး ညနေ ၄ နာရီ နောက်ပိုင်းရောက်ရှိသော ကြိုတင်ဆန္ဒမဲများအား ရေတွက်ခြင်းမပြုဘဲ ပယ်မဲအဖြစ် သတ်မှတ်ရန် နည်းဥပဒေတွင်ပြင်ဆင်ပြဋ္ဌာန်းထားပြီးဖြစ်ကြောင်း၊ စစ်ဘေးရှောင်စခန်းရှိမဲဆန္ဒရှင်များ မဲပေးနိုင်ရေးနှင့်စပ်လျဉ်း၍ စခန်းရှိစာရင်းများတွင် မူလနေထိုင်ရာဒေသစာရင်းများရှိပါကြောင်း၊ ယင်းဒေသများအလိုက်အုပ်စုခွဲ၍ သက်ဆိုင်ရာကိုယ်စားလှယ်များအား မဲပေးနိုင်ရေးဆောင်ရွက်နိုင်ပါကြောင်း၊ သို့မဟုတ် ၎င်းတို့အနေဖြင့် ရက်ပေါင်း ၁၈၀ ကျော်လွန်နေထိုင်ပါက ပုံစံ (၃-က) ဖြင့် လျှောက်ထားပြီး ရောက်ရှိဒေသမှ ကိုယ်စားလှယ်ကိုလည်း မဲပေးရွေးချယ်နိုင်ပါကြောင်း၊ ထိုနှစ်ချက်အနက် မဲဆန္ဒရှင်၏ဆန္ဒအတိုင်း ဆောင်ရွက်စေမှာဖြစ်ပါကြောင်း၊ တပ်ဇရိယာအတွင်းရှိ မဲရုံများသို့ ရွေးကောက်ပွဲကိုယ်စားလှယ်များ၊ မဲရုံကိုယ်စားလှယ်များ၊ ရွေးကောက်ပွဲစောင့်ကြည့်လေ့လာသူများ၊ မီဒီယာများကို ဝင်ခွင့်ပြုရန်နှင့် ခွင့်မပြုနိုင်ပါက တပ်ဇရိယာပြင်ပတွင် မဲရုံဆောက်လုပ်ရန် တပ်မတော်နှင့် ညှိနှိုင်းထားပြီးဖြစ်ပါကြောင်း၊ ဥပဒေအရ နိုင်ငံသား၊ ဧည့်နိုင်ငံသား၊ နိုင်ငံသားပြုခွင့်ရသူများကိုသာ မဲပေးခွင့်ပြုထားပါကြောင်း၊ ယခုထုတ်ပေးထားသော အစိမ်းရောင်ကတ်မှာလည်း မဲပေးခွင့်ပြုခြင်း၊ မပြုခြင်းကို ဥပဒေအရ ပြဋ္ဌာန်းထားခြင်းမရှိ၍ မဲပေးခွင့်ပြု၍မရကြောင်း၊ ကော်မရှင်အနေဖြင့် ဥပဒေအရသာ ဆောင်ရွက်ခွင့်ရှိကြောင်း ရှင်းလင်းပြောကြားသည်။

ယင်းသို့တွေ့ဆုံရာတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌနှင့်အတူ ကော်မရှင်အဖွဲ့ဝင်များ၊ အတွင်းရေးမှူးနှင့် ကော်မရှင်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ရေဘေးသင့်ဒေသများသို့ လေယာဉ်များဖြင့် ကယ်ဆယ်ရေးပစ္စည်းပို့ဆောင်နိုင်ရေး စီစဉ်ဆောင်ရွက်

**နေပြည်တော် ဩဂုတ် ၆**

သဘာဝဘေးအန္တရာယ် ကြုံတွေ့နေရသည့် ရေဘေးသင့်ဒေသများရှိ ပြည်သူများထံသို့ ကယ်ဆယ်ရေးပစ္စည်းများ ထောက်ပံ့ပေးအပ်နိုင်ရန် တပ်မတော်နှင့် ပြည်တွင်းလေကြောင်းလိုင်းများမှ လေယာဉ်၊ ရဟတ်ယာဉ်များဖြင့်ဆက်လက်ပေးပို့လျက်ရှိသည်။

ပြည်တွင်း လေကြောင်းလိုင်းမှ လေယာဉ်များဖြင့် ကယ်ဆယ်ရေးနှင့် ထောက်ပံ့ပစ္စည်းများ ပို့ဆောင်ပေးလျက်ရှိရာ ယနေ့တွင် ရခိုင်ပြည်နယ် စစ်တွေလေဆိပ်သို့ တပ်မတော်လေယာဉ်၊ ရွှေမြန်မာလေကြောင်းလိုင်းနှင့် ကမ္ဘောဇလေကြောင်းလိုင်းတို့မှ လေယာဉ်သုံးခါက်ဖြင့် ရေဘေးသင့်ပြည်သူများအတွက် လှူဒါန်းသည့် လူသုံးကုန်ပစ္စည်း၊ ရေသန့်ဘူး၊ ခေါက်ဆွဲခြောက်၊ စားသုံးဆီ၊ မုန့်မျိုးစုံ၊ အဝတ်အထည်မျိုးစုံ၊ မီးစက်များကိုလည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီး ကလေးလေဆိပ်သို့ တပ်မတော်လေယာဉ်၊ မြန်မာအမျိုးသားလေကြောင်း၊ ကမ္ဘောဇလေကြောင်းလိုင်းတို့မှ လေယာဉ် ၁၀ ခေါက်ဖြင့် ဆန်အိတ်၊ အဝတ်အထည်၊ ခေါက်ဆွဲခြောက်၊ ဆေးဝါးမျိုးစုံ၊ လူသုံးကုန်ပစ္စည်းများကိုလည်းကောင်း၊ အိန္ဒိယနိုင်ငံအစိုးရမှ လှူဒါန်းသည့် ဆန်အိတ်၊ ခေါက်ဆွဲထုပ်နှင့် ဆေးဝါးမျိုးစုံတို့ကိုလည်းကောင်း ပေးပို့လျက်ရှိသည်။

ထို့အပြင် ဂျပန်နိုင်ငံအစိုးရမှ ရေဘေးသင့် ပြည်သူများအတွက် လှူဒါန်းသည့် အမေရိကန်ဒေါ်လာ ၁၀၀၀၀၀ တန်ဖိုးရှိ အိပ်ယာခင်း ၆၈၄ ထည်၊ စောင် ၃၄၄၂ ထည်နှင့် ပလတ်စတစ်အခင်း ၆၀ တို့ စင်ကာပူလေကြောင်းလိုင်းဖြင့် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ရောက်ရှိပြီး ရေဘေးသင့်ပြည်သူများရှိရာ နေရာဒေသများသို့ တပ်မတော်လေယာဉ်ဖြင့် ဆက်လက် ပေးပို့သွားမည်ဖြစ်ကြောင်း ပို့ဆောင်ရေးဝန်ကြီးဌာနမှ သတင်းရရှိသည်။ **(သတင်းစဉ်)**

# တရုတ်နိုင်ငံမှ ကယ်ဆယ်ရေးပစ္စည်းများ မူဆယ်မြို့မှတစ်ဆင့်ရောက်ရှိ

**မူဆယ်　ဩဂုတ်　၆**

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ယူနန်ပြည်နယ်အစိုးရမှ မြန်မာပြည်ရေဘေးသင့်ပြည်သူများအား ကူညီထောက်ပံ့နိုင်ရန်အတွက် လှူဒါန်းပစ္စည်းများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် မူဆယ်မြို့ မန့်ဝင်းစစ်ဆေးရေးဂိတ်သို့ဝင်ရောက်လာရာ အဆိုပါအဖွဲ့အား မူဆယ်ခရိုင် အထွေထွေအုပ်ချုပ်ရေးမှူး ဦးကျော်ကျော်ထွန်း၊ ခရိုင်ရဲမှူးကြီး ဦးမင်းမင်းဦး၊ ခရိုင်လဝကဦးစီးမှူးနှင့် တာဝန်ရှိသူများကကြိုဆိုကြသည်။

အဆိုပါ အလှူရှင်အဖွဲ့တွင်တရုတ်နိုင်ငံ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ယူနန်ပြည်နယ် နိုင်ငံခြားရေးရုံးမှ ညွှန်ကြားရေးမှူး မစ္စတာဟိုတောန် ဦးဆောင်ပြီးအဖွဲ့ဝင် ၂၁ ဦးလိုက်ပါလာကာ လှူဒါန်းပစ္စည်းများဖြစ်သော လူ (၄-၆) ဦးခန့်ဆံ့ မိုးကာတဲ ၁၀၀၀၊ နို့မှုန့်ဖာကြီး၅၀၀၊ ခေါက်ဆွဲခြောက်ဖာ ၁၀၀၀၀၊ ဆန်တန်ချိန် ၁၀၀တို့ကို ၁၂ ဘီးတွဲယာဉ် ၁၄ စီးနှင့်အတူ လှူဒါန်းမှုပစ္စည်းစုစုပေါင်းတန်ဖိုး တရုတ်ယွမ်ငွေ ၂၄၁၀၀၀ တန်ဖိုးရှိ ပစ္စည်းများ တင်ဆောင်ကာ မူဆယ်မြို့မှ ၁၀၅ မိုင်ကုန်သွယ်ရေးဇုန်သို့ ရောက်ရှိသည်။ ထိုမှတစ်ဆင့် ကွတ်ခိုင်မြို့၊ သိန်းနီမြို့များကိုဖြတ်ကျော်ကာ မန္တလေးသို့ထွက်ခွာသွားကြောင်းသိရသည်။ ထိုအဖွဲ့နှင့်အတူ မူဆယ်ခရိုင် ရဲမှူးကြီး ဦးမင်းမင်းဦး ဦးဆောင်၍ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဦးဇော်မင်း၊ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှ တာဝန်ရှိသူတို့က မန္တလေးမြို့အထိ ပို့ဆောင်ကြကြောင်း သိရသည်။

**(ခရိုင်ပြန်/ဆက်)**



# အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ အရေးပေါ်အခြေအနေစီမံခန့်ခွဲမှုဗဟိုဌာနကို ၂၄ နာရီ ဖွင့်လှစ်ဆောင်ရွက်လျက်ရှိကြောင်းနှင့် ဆက်သွယ်ရမည့်ဖုန်းနံပါတ်များ အသိပေးခြင်း

မြန်မာနိုင်ငံတစ်ဝန်းတွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ၂၀၁၅ ခုနှစ် ဇူလိုင်လနှင့် ဩဂုတ်လများတွင် ဖြစ်ပွားခဲ့သော ရေဘေးသင့်ဒေသများအတွက် ကူညီကယ်ဆယ်ရေး၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများနှင့်ပတ်သက်၍ ဆက်သွယ်မေးမြန်းအကူအညီတောင်းခံလိုပါက လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတွင် ၂၄ နာရီ ဖွင့်လှစ်ထားရှိသော အရေးပေါ်အခြေအနေစီမံခန့်ခွဲမှုဗဟိုဌာန၏ အောက်ပါဖုန်းနံပါတ်များသို့ ဆက်သွယ်နိုင်ပါကြောင်း အသိပေးအပ်ပါသည် -

| စဉ် | ရာထူး/ဌာန | ဖုန်းအမှတ် |
|---|---|---|
| ၁ | အရေးပေါ်အခြေအနေစီမံခန့်ခွဲမှုဗဟိုဌာန<br>Hot Line | ၀၆၇-၄၀၄၀၂၁၊ ၀၆၇-၄၀၄၀၂၂<br>၀၆၇-၄၀၄၅၄၀ (Fax) |
| ၂ | အရေးပေါ်အခြေအနေစီမံခန့်ခွဲမှုဗဟိုဌာနရုံး | ၀၉-၄၂၃၀၀၀၂၉၇၊ ၀၉-၄၂၃၀၀၀၂၉၈<br>၀၉-၈၆၀၃၄၀၁၊ ၀၉-၈၆၀၃၄၀၂ |
| ၃ | ညွှန်ကြားရေးမှူးချုပ်၊ ကယ်ဆယ်ရေးနှင့်<br>ပြန်လည်နေရာချထားရေးဦးစီးဌာန | ၀၆၇-၄၀၄၅၄၁၊ ၀၉-၈၆၀၀၀၂၅ |
| ၄ | ဒုတိယညွှန်ကြားရေးမှူးချုပ်၊ အမျိုးသား<br>သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီရုံး | ၀၆၇-၅၉၀၀၀၆၊ ၀၆၇-၆၉၀၁၁ |
| ၅ | ဒုတိယအမြဲတမ်းအတွင်းဝန်၊ လူမှု/ကယ်ဆယ်<br>ဝန်ကြီးဌာန | ၀၆၇-၄၀၄၀၂၂၊ ၀၉-၄၉၂၀၂၀၂၂ |
| ၆ | ဒုတိယညွှန်ကြားရေးမှူးချုပ်<br>ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဦးစီးဌာန | ၀၆၇-၄၀၄၀၄၈၊ ၀၉-၈၆၀၁၁၆၅ |
| ၇ | လက်ထောက်အတွင်းဝန်၊ လူမှု/ကယ်ဆယ်<br>ဝန်ကြီးဌာန | ၀၆၇-၄၀၄၀၂၁၊ ၀၉-၄၉၂၀၈၇၁၈ |
| ၈ | လက်ထောက်အတွင်းဝန်၊ လူမှု/ကယ်ဆယ်ဝန်ကြီးဌာန | ၀၆၇-၄၀၄၃၃၇၊ ၀၉-၄၃၀၂၆၆၇၀ |
| ၉ | လက်ထောက်အတွင်းဝန်၊ လူမှု/ကယ်ဆယ်ဝန်ကြီးဌာန | ၀၆၇-၄၀၄၃၇၃၊ ၀၉-၂၅၀၉၆၅၈၈၉ |
| ၁၀ | ညွှန်ကြားရေးမှူး(စီမံဘဏ္ဍာ)<br>ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေး<br>ဦးစီးဌာန | ၀၆၇-၄၀၄၃၁၆၊ ၀၉-၂၀၂၁၄၉၁ |
| ၁၁ | ညွှန်ကြားရေးမှူး(ပြန်/ထူ)<br>ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး<br>ဦးစီးဌာန | ၀၆၇-၄၀၄၃၁၇၊ ၀၉-၂၅၄၁၇၀၀၁၁ |
| ၁၂ | ညွှန်ကြားရေးမှူး(ကယ်ဆယ်ရေး)<br>ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဦးစီးဌာန | ၀၆၇-၄၀၄၃၁၈၊ ၀၉-၄၃၁၂၀၈၆၅ |
| ၁၃ | ညွှန်ကြားရေးမှူး(ညှိ/သု)<br>ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန | ၀၆၇-၄၀၄၄၈၅၊ ၀၉-၄၃၁၂၀၈၆၄ |
| ၁၄ | ညွှန်ကြားရေးမှူး(ကယ်ဆယ်ရေး)<br>ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန | ၀၆၇-၄၀၄၄၂၀၊ ၀၉-၄၂၈၁၂၅၀၂၇ |

**အရေးပေါ်အခြေအနေစီမံခန့်ခွဲမှုဗဟိုဌာန**

# တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာစာချုပ် အချောသပ်နိုင်ရေးအတွက် နှစ်ဖက်အဖွဲ့များ (၉)ကြိမ်မြောက် ဆွေးနွေး

ရန်ကုန် ဩဂုတ် ၆

**ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီ(UPWC)နှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၏ တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေးဆိုင်ရာ အဆင့်မြင့်ညှိနှိုင်းရေးကိုယ်စားလှယ်အဖွဲ့(SD) တို့သည် ယနေ့မွန်းလွဲ ၁ နာရီက မြန်မာနိုင်ငံ ငြိမ်းချမ်းရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းဗဟိုဌာန(MPC)တွင် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာစာချုပ် (NCA) အချောသပ်နိုင်ရေးအတွက် (၉)ကြိမ်မြောက်အစည်းအဝေးအဖြစ် ကျင်းပခဲ့သည်။**(အောက်ယာပုံ)



အစည်းအဝေး မကျင်းပမီ ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီ(UPWC)မှ ခေါင်းဆောင်များနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၏ တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေးဆိုင်ရာအဆင့်မြင့်ညှိနှိုင်းရေးကိုယ်စားလှယ်အဖွဲ့(SD)မှ ခေါင်းဆောင်များက နှုတ်ခွန်းဆက်စကား အသီးသီးပြောကြားကြသည်။

ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီ(UPWC)ဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်းက နှုတ်ခွန်းဆက်စကားပြောကြားရာတွင် ယခုအချိန်သည် မြန်မာနိုင်ငံ၏ ပြည်နယ်နှင့် တိုင်းဒေသကြီး ၁၂ ခုတွင် မုန်တိုင်း၊ မိုးရွာသွန်းမှုတို့ကြောင့် ရေလွှမ်းမိုးမှုကြုံနေရပြီး အစိုးရ၊ တပ်မတော်၊ ပြည်သူလူထု၊ လူထုလူတန်းစားအဖွဲ့အစည်းအားလုံးက ဝိုင်းဝန်းရင်ဆိုင်ဖြေရှင်းနေရသည့်အချိန်ပင်ဖြစ်ပါကြောင်း။

ဩဂုတ်လ ၃ ရက်နေ့တွင် KNU, Peace Council, DKBA နှင့် RCSS ခေါင်းဆောင်များနှင့် သမ္မတကြီးတို့ တွေ့ဆုံဆွေးနွေးခဲ့ကြောင်း၊ သမ္မတကြီးက တချို့အဖွဲ့များ အနေဖြင့် လက်ရှိတွင် NCA လက်မှတ်ရေးထိုးရန်အကြောင်း အမျိုးမျိုးကြောင့် အခက်အခဲများ ရှိကောင်းရှိနိုင်ကြောင်း၊ အဆိုပါအဖွဲ့များကိုလည်း ငြိမ်းချမ်းရေး မလိုလားသူများဟု တံဆိပ်ကပ်ပြီး ချန်လှပ်မထားသင့်ဘဲ လိုက်ပါလာနိုင်စေရန် တံခါးဖွင့်ထားရမည်ဖြစ်ကြောင်း၊ နိုင်ငံရေးဆွေးနွေးပွဲကို အားလုံးပါဝင်နိုင်အောင် အခင်းအကျင်းများ လုပ်နိုင်ရန် လိုအပ်သည်ဟု ဆွေးနွေးခဲ့ကြောင်း။

NCA ကို လုပ်ဆောင်ရာတွင် ရည်မှန်းချက်(၃)ခု ရှိပြီး ငြိမ်းချမ်းရေးဖြစ်စဉ်ကို နောင်မည်သည့်အစိုးရ တက်တက်ဆက်လုပ်သွားနိုင်မည့် အုတ်မြစ်တစ်ခုချနိုင်ရန်၊ အပစ်အခတ်ရပ်စဲရေးခိုင်ခံ့အောင်လုပ်ရန်နှင့် နိုင်ငံရေးဆွေးနွေးပွဲများ စတင်နိုင်ရန်တို့ဖြစ်ပြီး အစိုးရ၏ အဓိက ရည်မှန်းချက်သည် အဆိုပါရည်ရွယ်ချက် (၃)ခုကို အကောင်အထည်ဖော်နိုင်ရန်ဖြစ်ကြောင်း၊ နှစ်ဖက်အဖွဲ့ အနေဖြင့် ကျော်လွှားရမည့် အားလုံးပါဝင်ဆွေးနွေးရေး ဆိုသည့် အဓိကအချက်(၁)ခုရှိနေပြီး NCA စာချုပ်ပါ အချက်များသည် အစည်းအဝေးတွင် ပြီးပြတ်သွားမည် ဖြစ်ကြောင်း၊ ငြိမ်းချမ်းရေးဖြစ်စဉ်တွင် နိုင်ငံရေးဆွေးနွေးပွဲ များအား တံခါးဖွင့်ထားပြီး နိုင်ငံရေးဆွေးနွေးပွဲများမှ တစ်ဆင့် အင်အားစုအားလုံးပါဝင်လာနိုင်အောင် ကြိုးစား သွားမည်ဖြစ်ပါကြောင်း၊ NCA စာချုပ်မူချောကို လုပ်နိုင်ပြီ ဆိုပါက နှစ်ဖက်လုံး၏ကြိုးပမ်းမှုများကို လူထုနှင့် နိုင်ငံတကာက အသိအမှတ်ပြုကြမည်ဖြစ်ကြောင်း၊ ထို့ကြောင့် NCA ကို လက်မှတ်ရေးထိုးနိုင်ရန် မိမိတို့ အားလုံးဝိုင်းဝန်း ကြိုးစားကြပါစို့လို့ ဆန္ဒပြုကြောင်း ပြောကြားသည်။

တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများ၏ တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေးဆိုင်ရာ အဆင့်မြင့် ညှိနှိုင်းရေးကိုယ်စားလှယ်အဖွဲ့(SD)မှ အဖွဲ့ခေါင်းဆောင် ပဒိုနော်စီဖိုးရာစိန်က ပြောကြားရာတွင် ယခုလက်ရှိပြည်နယ် နှင့် တိုင်းဒေသကြီးအတော်များများတွင် တွေ့ကြုံနေရ သည့် ရေဘေးဒုက္ခအား မိမိတို့အနေဖြင့် အလွန်စိတ်မကောင်း ဖြစ်ရကြောင်း၊ ကယ်ဆယ်ရေးလုပ်ငန်းများကိုလည်း အစိုးရ အနေဖြင့် အကောင်းဆုံးလုပ်ဆောင်နိုင်မည်ဟု ယုံကြည်ပါ ကြောင်း၊ မိမိတို့အနေဖြင့် ပံ့ပိုးနိုင်သည်များကို အကောင်းဆုံး ပံ့ပိုးပေးရန် စိတ်ဆန္ဒရှိပါကြောင်း၊ မိမိတို့တိုင်းရင်းသား လက်နက်ကိုင်တော်လှန်ရေးအဖွဲ့အစည်းများက ယခု အချိန်သည် အလွန်အရေးကြီးသည့်အချိန်ဖြစ်ပြီး တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးစာချုပ်ကို အားလုံး ပါဝင်လက်မှတ်ရေးထိုးနိုင်ရန်အတွက် အရေးကြီးသည်ကို နားလည်သဘောပေါက်ပါကြောင်း။

တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘော တူညီချက်စာချုပ်တွင် အားလုံးပါဝင်နိုင်ရန်အတွက် အစိုးရ ဘက်ကလည်း နည်းလမ်းရှာမည်ဟု ယုံကြည်ပါကြောင်း၊ လက်နက်ကိုင်တော်လှန်ရေးအဖွဲ့အစည်းအားလုံးက အဖွဲ့ကြီးသည်ဖြစ်စေ၊ ငယ်သည်ဖြစ်စေ လက်နက်ကိုင် ပဋိပက္ခများနှင့် ပတ်သက်နေသောကြောင့် ငြိမ်းချမ်းရေး တည်ဆောက်ရေးတွင် အားလုံးပါဝင်မှသာ မိမိတို့သွားနေ သည့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တစ်ခုလုံးကို အောင်မြင်စွာ အကောင်အထည်ဖော်နိုင်မည် ဖြစ်ကြောင်းပြောကြားသည်။

ဆက်လက်၍ ပြည်သူ့လွှတ်တော်တိုင်းရင်းသားရေးရာ နှင့် ကျေးလက်လူမှုဘဝမြှင့်တင်ရေး၊ ပြည်ထောင်စု ငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီ(UPWC) ဒုတိယဥက္ကဋ္ဌ ဦးသိန်းဇော်က တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများ အဓိကတွေးပူနေကြသည့် ငြိမ်းချမ်းရေး လက်မှတ်ရေးထိုးပြီးနောက် နိုင်ငံရေးအာမခံချက်များရရှိရန် ဖြစ်သည်ကို နိုင်ငံတော်အနေဖြင့် နားလည်သဘောပေါက် ကြောင်း၊ ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စု စနစ်ကို အကောင်အထည်ဖော်နိုင်ပါက နိုင်ငံရေးအာမခံချက် အတွက် စိုးရိမ်စရာမရှိပါကြောင်း၊ အဓိကအရေးကြီး သည်မှာ အားလုံးညီညီညွတ်ညွတ်ဖြင့် တိုင်းပြည်တိုးတက် ရေးဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ငြိမ်းချမ်းရေး လက်မှတ်ရေးထိုးရာတွင်လည်း အားလုံးပါဝင်ဆောင်ရွက် သွားကြရန် အရေးကြီးကြောင်း၊ စာချုပ်အချောသပ် အတည်ပြုပြီးပါက လက်မှတ်ရေးထိုးကြမည့် ပုဂ္ဂိုလ်များ၊ အဖွဲ့အစည်းများ၊ သက်သေများကိုစွနှင့် လက်မှတ်ရေးထိုး မည့်နေ့ရက်တို့ကို နှစ်ဖက်တာဝန်ရှိသူများဆက်လက် တွေ့ဆုံညှိနှိုင်းသွားကြမည်ဆိုလျှင် လုပ်ငန်းစဉ်များအားလုံး ပြီးမြောက်သွားနိုင်ပြီဟု တင်ပြဆွေးနွေးလိုကြောင်း ပြော ကြားသည်။

တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေးဆိုင်ရာ အဆင့်မြင့် ညှိနှိုင်းရေးကိုယ်စားလှယ်အဖွဲ့(SD)၏ ဒုတိယအဖွဲ့ ခေါင်းဆောင်(၁)ဒေါက်တာလဂျာက ပြောကြားရာတွင် ယခု(၉)ကြိမ်မြောက် တွေ့ဆုံဆွေးနွေးမှုတွင် ကျန်ရှိနေ သေးသည့် အချက်များ အဆင်ပြေချောမွေ့အောင်မြင်မည် ထင်ကြောင်း၊ အဖွဲ့အစည်းများ အားလုံး ပါဝင်လက်မှတ် ရေးထိုးနိုင်ကြရေးကို ယခု (၉)ကြိမ်မြောက်တွေ့ဆုံ ဆွေးနွေးမှုမှာ ဆွေးနွေးကြရမည်ဖြစ်ပြီး တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများအားလုံး NCA တွင် ပါဝင် လက်မှတ်ရေးထိုးနိုင်ကြရေး၏ အကျိုးဆက်သည် ပြည်သူ တစ်ရပ်လုံးအတွက် အေးချမ်းလုံခြုံစေသောအကျိုးရလဒ် များဖြစ်ထွန်းစေမည်ဖြစ်ကြောင်း ပြောသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးမြင့်စိုးက NCA မှာ နိုင်ငံရေးအရ အာမခံချက်များ အပြည့်အဝပါရှိပြီးဖြစ် ကြောင်း၊ စစ်ရေးအရ အာမခံချက်များတွင် ပစ်ခတ် တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ စည်းမျဉ်းစည်းကမ်းနှင့် ပတ်သက်သည့်အချက်များ၊ စစ်ဘက်ဆိုင်ရာကျင့်ဝတ် များသည် စစ်ရေးအရ မိမိတို့အနေဖြင့် အာမခံရမည့် အာမခံချက်များ အခန်းတစ်ခန်းအနေဖြင့်ပါဝင်ကြောင်း၊ နှစ်ဖက်ညှိနှိုင်းရေးဆွဲ၍ NCA လက်မှတ်ရေးထိုးပြီးပါက ပူးတွဲစောင့်ကြည့်ရေးများ၊ နှစ်ဖက်လိုက်နာရမည့် ကျင့်ဝတ် များ စသည့် ကိစ္စရပ်များသည် မလွဲမသွေအကောင် အထည်ဖော်ဆောင်ရွက်ရမည့် ကိစ္စရပ်များဖြစ်သောကြောင့် စစ်ရေးအရ အာမခံချက်များသည် သံသယဖြစ်စရာ မရှိကြောင်း၊ လူမှုရေးအရအာမခံချက်များတွင်လည်း တိုင်းရင်းသားအဖွဲ့အစည်းအသီးသီးက NCA ကို လက်မှတ်ရေးထိုးပြီးပါက ကိုယ့်ခြေထောက်ပေါ် ကိုယ်ရပ်တည်နိုင်ရန် နိုင်ငံတော်မှ စီးပွားရေး၊ လူမှုရေး စသည့် ဆောင်ရွက်ပေးရမည့်အပိုင်းများအား နိုင်ငံတကာ စံညွှန်းများနှင့်အညီ အာမခံချက်များကို ဆောင်ရွက်ပေး ရမည်ဖြစ်ကြောင်း၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကလည်း တစ်ဦးအပေါ်တစ်ဦး အပြည့်အဝယုံကြည် စိတ်ချစွာဖြင့် ရဲရဲတင်းတင်းလက်မှတ်ရေးထိုးလိုက်ပါက မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးဖြစ်စဉ်ကို အဆုံးသတ် ဆောင်ရွက်နိုင်မည်ဖြစ်သည်ဟု ပြီးခဲ့သည့် အစည်းအဝေး တွင် ပြောကြားကြောင်း ပြောကြားခဲ့သည်။

ထို့နောက် တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေးဆိုင်ရာ အဆင့်မြင့်ညှိနှိုင်းရေးကိုယ်စားလှယ်အဖွဲ့ (SD)၏ ဒုတိယ အဖွဲ့ခေါင်းဆောင်(၂) ပူးဇင်ကျုံးကလည်း အဆင့်မြင့် ညှိနှိုင်းရေးအဖွဲ့ (SD)အနေဖြင့် ဇူလိုင်လ ၂၆ ရက်နေ့မှ ၂၉ ရက်နေ့အထိပြုလုပ်ခဲ့သည့် မိမိတို့ တိုင်းရင်းသားလက်နက်ကိုင် တော်လှန်ရေးအဖွဲ့များ၏ ထိပ်သီးအစည်းအဝေးတွင် (၈)ကြိမ်မြောက်ဆွေးနွေးပွဲရလဒ်များအား တင်ပြ၍ အတည်ပြုချက်ရယူခဲ့ပြီး UPWC ၏ သဘောထား တင်ပြချက် အားလုံးကိုလည်း တင်ပြဆွေးနွေးခဲ့ကြကြောင်း၊ အဆိုပါအစည်းအဝေးမှ ဆုံးဖြတ်ထားသည့် အခြေခံအချက် အလက်များနှင့် အမြင်သဘောထားများအား ယူဆောင် လာခဲ့ကြကြောင်း၊ အစိုးရ၊ လွှတ်တော်၊ တပ်မတော်ဘက်မှ မိမိတို့ SD ၏တင်ပြချက်များကို သဘောထားကြီးကြီးဖြင့် လက်ခံမည်ဆိုပါက ယနေ့ပြုလုပ်သည့် ဆွေးနွေးပွဲသည် NCA လက်မှတ်ရေးထိုးနိုင်ရေးအတွက် အလွန်တန်ဖိုး ရှိသော ဆွေးနွေးပွဲဖြစ်ပါလိမ့်မည်ဟု ယုံကြည်ပါကြောင်း ပြောကြားခဲ့သည်။

တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ စာချုပ် NCA အချောသပ်နိုင်ရေးအတွက် (၉)ကြိမ်မြောက် အစည်းအဝေးသို့ UPWC မှ ဒုတိယဥက္ကဋ္ဌများဖြစ်ကြသည့် ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်း၊ လွှတ်တော် ကိုယ်စားလှယ် ဦးသိန်းဇော်၊ အဖွဲ့ဝင်များဖြစ်ကြသော ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးသက်နိုင်ဝင်း၊ ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုး၊ ပြည်ထောင်စုဝန်ကြီး ဦးခင်ရီ၊ ပြည်ထောင်စုဝန်ကြီး ဦးသန်းဌေး၊ ဒုတိယ ဗိုလ်ချုပ်ကြီးမြင့်စိုး၊ ဒုတိယဗိုလ်ချုပ်ကြီး ခင်ဇော်ဦး၊ ဒုတိယ ဗိုလ်ချုပ်ကြီး ရဲအောင်၊ ဒုတိယရှေ့နေချုပ် ဦးထွန်းထွန်းဦး၊ ဗိုလ်မှူးကြီးကျော်စိုးဝင်း၊ ဦးစောထွန်းမြအောင်၊ ဒေါ်မိယဉ်ချမ်း နှင့် ဦးခက်ထိန်နန်တို့ တက်ရောက်ခဲ့ကြသည်။

တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၏ တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေးဆိုင်ရာ အဆင့်မြင့် ညှိနှိုင်းရေးကိုယ်စားလှယ်အဖွဲ့(SD)၏ အဖွဲ့ခေါင်းဆောင် ပဒိုနော်စီဖိုးရာစိန်၊ ဒုတိယအဖွဲ့ခေါင်းဆောင်(၁) ဒေါက်တာလဂျာ၊ ဒုတိယ အဖွဲ့ခေါင်းဆောင်(၂)ပူးဇင်ကျုံး၊ အဖွဲ့ဝင်များ ဖြစ်ကြသော ခိုင်စိုးနိုင်အောင်၊ ဦးနိုင်ဟံသာ၊ ဦးမျိုးဝင်း၊ ဦးခွန်မြင့်ထွန်း၊ ဦးရွှေမျိုးသန့်၊ စဝ်ခွန်ဆိုင်း၊ ပဒိုစောကွယ်ထူးဝင်း၊ ဒေါက်တာဆလိုင်းလျန်မှုန်းဆာခေါင်း၊ ဗိုလ်မှူးကြီးခွန်ဥက္ကာ၊ ဒေါ်စောမြရာဇာလင်း၊ တာအိုက်ညွန့်၊ ဗိုလ်မှူးကြီးဆော်လမွန်၊ ဗိုလ်မှူးကြီးကျော်ဟန်နှင့် ဦးထွန်းဇော်တို့ တက်ရောက်ခဲ့ကြသည်။

ယနေ့ပြုလုပ်သော အစည်းအဝေးသို့ ကမ္ဘာ့ကုလသမဂ္ဂ ကိုယ်စားပြု မစ္စမာရီယမ်၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ အထူးကိုယ်စားလှယ် မစ္စတာ စန်ဂေါင်ဇင်းတို့က နိုင်ငံတကာ လေ့လာသူအဖြစ်တက်ရောက်ပြီး တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းအသီးသီးမှ ကိုယ်စားလှယ်များ တက်ရောက်လေ့လာခဲ့ကြသည်။

ယနေ့ဆွေးနွေးပွဲကို ညနေ ၅ နာရီခန့်တွင် ပြီးဆုံးပြီး သတင်းမီဒီယာများအား နှစ်ဖက်ခေါင်းဆောင်များက ညနေ ၅ နာရီခွဲတွင် သတင်းစာရှင်းလင်းပွဲပြုလုပ်ခဲ့သည်။ ဒုတိယနေ့ အစည်းအဝေးအဖြစ် ဩဂုတ် ၇ ရက် နံနက် ၉ နာရီတွင် ဆက်လက်ကျင်းပမည်ဖြစ်သည်။

**(သတင်းစဉ်)**

# တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)အား လက်မှတ်ရေးထိုးရာတွင် အစိုးရဘက်မှ နိုင်ငံတော်သမ္မတနှင့် ကာကွယ်ရေးဦးစီးချုပ်တို့ လက်မှတ်ရေးထိုးမည်

သတင်း ›› ရဲခေါင်ညွန့်၊ မြတ်သန္တာမောင်၊ ဓာတ်ပုံ ›› ဖိုးထောင်

ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီ(UPWC)နှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၏ တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေး ဆိုင်ရာ အဆင့်မြင့်ညှိနှိုင်းရေးကိုယ်စားလှယ်အဖွဲ့(SD)တို့၏ တစ်နိုင်ငံလုံးပစ်ခတ် တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)အတွက် (၉)ကြိမ်မြောက်ဆွေးနွေးပွဲ ပထမနေ့ ဆွေးနွေးမှုများအပြီးတွင် MPC မှ အထူးအကြံပေး ဦးလှမောင်ရွှေ၊ SD မှ ဒုတိယအဖွဲ့ခေါင်းဆောင်(၂) ပူးဇင်ကျုံးနှင့် အဖွဲ့ဝင်ပဒိုစောကွယ်ထူးဝင်းတို့က ဩဂုတ် ၆ ရက် ဆွေးနွေးမှုများနှင့် ပတ်သက်၍ သတင်းစာရှင်းလင်းပွဲပြုလုပ်ခဲ့သည်။

အဆိုပါ သတင်းစာရှင်းလင်းပွဲတွင် MPC မှ အထူးအကြံပေး ဦးလှမောင်ရွှေနှင့် SD မှ ဒုတိယအဖွဲ့ ခေါင်းဆောင်(၂) ပူးဇင်ကျုံးတို့အား မြန်မာ့သတင်းစဉ်၏ မေးမြန်းမှု အပေါ် ကောက်နုတ်ဖော်ပြအပ်ပါသည်။

**ဦးလှမောင်ရွှေ**
**အထူးအကြံပေး(မြန်မာနိုင်ငံငြိမ်းချမ်းရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းဗဟိုဌာန-MPC)**

ပြီးခဲ့တဲ့လ (၈)ကြိမ်မြောက်အစည်းအဝေးအပြီးမှာတော့ NCA စာချုပ်မူကြမ်းမှာ စာအားဖြင့် ချောဖို့တစ်ချက်နဲ့ အစည်းအဝေးဆုံးဖြတ်ချက်မှာ ထည့်ဖို့အချက် နှစ်ချက်ပဲ ကျန်ခဲ့ပါတယ်။ ဒီနေ့မှာ အဲဒီသုံးချက်လုံးကို ဆွေးနွေးပြီးတော့ နှစ်ဖက်ခေါင်းဆောင်တွေ သဘောတူတာဖြစ်လို့ စာကြမ်းပြင်တာတစ်ခုနဲ့ အစည်းအဝေးဆုံးဖြတ်ချက်မှာထည့်တာ နှစ်ခုကို သဘောတူပါတယ်။

**ပါဝင်လက်မှတ်ရေးထိုးဖို့ ကျွန်တော်တို့ဘက်က ဘယ်အဆင့်နဲ့ တိုင်းရင်းသားဘက်က ဘယ်အဆင့်တွေ လက်မှတ်ထိုးမယ်ဆိုတာကိုလည်း**

စာမျက်နှာ ၁၄ သို့

## မစ္စ ရန်ဟီလီ ပြည်ထောင်စုအစိုးရအဖွဲ့မှ တာဝန်ရှိသူများနှင့်တွေ့ဆုံဆွေးနွေး

**နေပြည်တော် ဇူလိုင် ၆**

ကုလသမဂ္ဂ၏ မြန်မာနိုင်ငံ လူ့အခွင့်အရေးအခြေအနေဆိုင်ရာ အထူးအစီရင်ခံစာ တင်သွင်းသူ မစ္စ ရန်ဟီလီသည် ယနေ့နံနက်ပိုင်းတွင် နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန့်ကျော်နှင့် နေပြည်တော်ရှိ အဆိုပါ ဝန်ကြီးရုံးဧည့်ခန်းမ၌ တွေ့ဆုံပြီး မြန်မာနိုင်ငံမှ ပါဝင်ရန်ကျန်ရှိသည့် နိုင်ငံတကာလူ့အခွင့်အရေးဆိုင်ရာ အဓိကစာချုပ်များသို့ ဝင်ရောက်ရေးကိစ္စတွင်တိုးတက်ဆောင်ရွက်လျက်ရှိသည့်အခြေအနေနှင့် လူ့အခွင့်အရေးကာကွယ်မြှင့်တင်ရေးဆိုင်ရာကိစ္စရပ်များကိုဆွေးနွေးကြသည်။

ထို့နောက် မစ္စ ရန်ဟီလီသည် နံနက် ၉ နာရီ ၄၅ မိနစ်တွင် ကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သော်နှင့်တွေ့ဆုံပြီး ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ၊ လူ့အခွင့်အရေးနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ကိစ္စရပ်များ၊အရွယ်မရောက်သေးသူ ကလေးသူငယ်များအား စစ်မှုထမ်းခြင်းမှ ကာကွယ်တားဆီးထိန်းသိမ်းရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးခဲ့သည်။

ဆက်လက်၍ မစ္စ ရန်ဟီလီသည် ပြည်ထဲရေးဝန်ကြီးဌာန၌ ပြည်ထောင်စုဝန်ကြီး ဒုတိယ ဗိုလ်ချုပ်ကြီးကိုကိုနှင့် တွေ့ဆုံ၍ မြန်မာနိုင်ငံ၏ လူ့အခွင့်အရေးဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးသည်။

မွန်းလွဲပိုင်းတွင် မစ္စ ရန်ဟီလီသည် ပြည်ထဲရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ မြေယာအသုံးချမှုစီမံခန့်ခွဲရေးဗဟိုကော်မတီ အတွင်းရေးမှူး ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဇံမြင့်နှင့် ကော်မတီအဖွဲ့ဝင်များအား ဆက်လက်တွေ့ဆုံပြီး မြေယာအသုံးချမှုဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးခဲ့သည်။

ထို့နောက် မစ္စ ရန်ဟီလီသည် ညနေ ၃ နာရီ ၁၅ မိနစ်တွင် ပြည်ထောင်စု ရှေ့နေချုပ်ရုံး၌ ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာ ထွန်းရှင်နှင့် လည်းကောင်း၊ ညနေ ၄ နာရီ ၁၀ မိနစ်တွင် ပြည်ထောင်စုအစိုးရအဖွဲ့ရုံး၌ နိုင်ငံတော်သမ္မတ၏ ဥပဒေ၊ နိုင်ငံရေး၊ စီးပွားရေးအကြံပေးအဖွဲ့ဝင်များနှင့်လည်းကောင်း သီးခြားစီတွေ့ဆုံဆွေးနွေးခဲ့သည်။

ယင်းနောက် မစ္စ ရန်ဟီလီနှင့် အဖွဲ့သည် နေပြည်တော်မှ ရန်ကုန်မြို့သို့ လေကြောင်းခရီးဖြင့် ပြန်လည်ထွက်ခွာသွားကြောင်း သိရသည်။ **(သတင်းစဉ်)**



## မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကျင်းပ

**နေပြည်တော် ဩဂုတ် ၆**

မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၏ ၂၀၁၅ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲအခမ်းအနားကို ယနေ့ နံနက် ၈ နာရီတွင် နေပြည်တော် ဒက္ခိဏသီရိမြို့နယ် သုခမလမ်းရှိ မြန်မာနိုင်ငံမိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းရုံးဝင်း၌ ကျင်းပသည်။

အခမ်းအနားသို့ မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၏ ဂုဏ်ထူးဆောင်နာယကများဖြစ်ကြသည့် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်၏ဇနီး ဒေါ်ခင်ခင်ဝင်း၊ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း၏ဇနီး ဒေါ်နန်းရွှေမှုန်၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာသက်သက်ဇင်၊ မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနာယကများ၊ ဥက္ကဋ္ဌ၊ဒုတိယဥက္ကဋ္ဌနှင့် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်မှ နာယကများ၊ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံအမျိုးသမီးများနှင့် ကလေးသူငယ်များဘဝမြှင့်တင်ရေးဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ နေပြည်တော်မိခင်နှင့်ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့နာယက၊ဝန်ကြီးဌာနများ၏ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနာယကများ၊ နေပြည်တော်မိခင်နှင့် ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့်အဖွဲ့ဝင်များ၊ နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌများနှင့်အခြားဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ဂုဏ်ထူးဆောင်နာယကများနှင့်တက်ရောက်လာသူများက သတ်မှတ်နေရာများတွင် ကံ့ကော်ပင်များကို စိုက်ပျိုးကြသည်။ ဆက်လက်၍ ဝန်ထမ်းများစုပေါင်း၍ သစ်ပင်ပျိုးပင်များ စိုက်ပျိုးခဲ့ကြရာ ဂုဏ်ထူးဆောင်နာယကများအဖွဲ့က လှည့်လည်ကြည့်ရှုအားပေးကြသည်။

မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်း၏ ၂၀၁၅ ခုနှစ် မိုးရာသီသစ်ပင် စိုက်ပျိုးပွဲတွင် ကံ့ကော်ပင် ၅၃ ပင်၊ ပျဉ်းမပင် ၁၀၊ငုဝါပင် ၅၀ ၊စိန်ပန်းပင် ၂၀၊ ခရေပင် ၅၀၊ သရက်ပင် ၂၀၊ မဲဇလီပင် ၅၀၊ ပုန်းညက်ပင် ၂၀၊ မဟော်ဂနီပင် ၃၀ စသည့် အရိပ်ရ လေကာအပင်နှင့် သီးပင်စားပင်၊ ပန်းအလှပင်စုစုပေါင်း ၃၂၃ ပင်ကို စိုက်ပျိုးခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**

## * အရန်ဆန်မှ

တိတိကျကျ ဖြန့်ဖြူးရောင်းချပေးနိုင်ရေးတို့ကို အဓိကထားဆောင်ရွက်နေပြီး ရေလွှမ်းဧရိယာများ ရေပြန်လည်ကျဆင်းသွားချိန်တွင် ပြန်လည်ထူထောင်ရေးနှင့် စိုက်ပျိုးမြေများအချိန်မီ ပြန်လည်စိုက်ပျိုးနိုင်ရေးတို့အတွက် အဓိကထားကူညီထောက်ပံ့မှုများကို ဆောင်ရွက်သွားမည်ဟု သိရသည်။

"အခုအချိန်မှာ အရေးအကြီးဆုံးက ကူညီကယ်ဆယ်ရေး၊ ဆန်လုံလောက်မှုရှိဖို့နဲ့ ဈေးနှုန်းတည်ငြိမ်ဖို့ပါ။ ဒါကိုလည်း အသင်းအဖွဲ့တွေ၊ ဌာနဆိုင်ရာတွေနဲ့ ပူးပေါင်းဆောင်ရွက်နေပါတယ်။ သဘာဝဘေးကြောင့် ရေလွှမ်းသွားတာက ဧကတစ်သန်းခွဲလောက်ရှိမယ်။ ပျက်စီးသွားတာက ဧက ၂ သိန်း၊ ၃ သိန်း ရှိနိုင်မယ်လို့ခန့်မှန်းပါတယ်။ ရေမနစ်မြုပ်တဲ့ ကျန်တဲ့စိုက်မြေဧရိယာက ၁၄ သန်း၊ ၁၅ သန်းလောက် ကျန်နေပါတယ်။ ရေမြုပ်ဧရိယာတွေမှာ ရေပြန်ကျတဲ့အခါရာသီချိန်ရှိတဲ့အတွက် အချိန်မီ ပြန်လည်စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်ရမှာပါ။ မိုးနှောင်းမှာ ဘာဖြစ်နိုင်မလဲ။ တစ်ခါပြိုလဲပြီး နောက်ထပ်ဖြစ်ရင် ဆုံးရှုံးမှာလား၊ ဝန်ကြီးဌာနနဲ့ အသင်းအဖွဲ့ချုပ်တွေက မျိုးတွေစီစဉ်ဖို့၊ ပြန်စိုက်ဖို့ အချိန်ရရင် ပြန်စိုက်နိုင်ဖို့အတွက် ကူညီဖို့တွေလုပ်သွားမှာပါ။ ရေမြုပ်ဧရိယာတွေမှာ ပြန်စိုက်နိုင်အောင်နဲ့ လိုအပ်တာတွေ ဆောင်ရွက်ပေးနိုင်အောင် စီစဉ်သလို ရေမမြုပ်တဲ့ဧရိယာတွေမှာလည်း အထွက်တိုးအောင်၊ ရိတ်သိမ်းချိန်လွန်နည်းပညာတွေနဲ့ အလေအလွင့်နည်းအောင်လုပ်ဖို့ပညာပေးဖို့တွေလည်း ရှိပါတယ်။ ဒါဆိုရင်ကောင်းတဲ့ ဧရိယာတွေမှာ တစ်ဧက လေး၊ငါးတင်း ပိုထွက်ရင် ဆန်တန်ချိန် တစ်သန်း ပိုထွက်နိုင်ပါတယ်။ ဆန်လုံလောက်မှုရှိတဲ့အတွက် စိုးရိမ်ပူပန်စရာမလိုဘဲ အခုအချိန်မှာ ဆန်ဖြန့်ဖြူးတာ၊ ဆန်ဈေးကွက် တည်ငြိမ်ဖို့နဲ့ မှန်မှန်ကန်ကန်ရောင်းချဖို့ ကယ်ဆယ်ရေးနဲ့ ရိက္ခာဖြန့်ဖြူးရေးကို ဦးစားပေးလုပ်နေပါတယ်"ဟု မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်မှ တာဝန်ရှိသူတစ်ဦးကပြောသည်။

မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်အပြင် မြန်မာ့စီးပွားရေး ဦးပိုင်လီမိတက်တို့တွင်လည်း အရန်ဆန်များရှိနေသည့်အတွက် ပြည်တွင်းအတွက်ဆန်ဖူလုံမှုရှိနေကြောင်း၊ ပြည်ပသို့ ဆန်တင်ပို့မှုကိုလည်း ခေတ္တရပ်ဆိုင်းထားပြီး ပြည်တွင်းဖူလုံမှုရှိစေရန် စီစဉ်ဆောင်ရွက်ထားကြောင်း သိရသည်။ မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်မှ အရန်ဆန်အိတ်တစ်သိန်းခုနစ်သောင်းကျော်ကို မန္တလေး၊ ရန်ကုန်၊ မြောင်းမြ၊ ကျိုက်လတ်၊ နေပြည်တော်၊ ဓနုဖြူတို့မှ ဝယ်ယူစုဆောင်းထားရှိကြောင်း သိရသည်။ လက်ရှိတွင် ရေဘေးသင့်ဒေသများသို့ ဆန်များ ဖြန့်ဖြူးပေးလျက်ရှိပြီး ဧည့်မထ ၂၅ မှတ်ဆန်နှင့် ဧည့်မထရှယ် ဆန်အမျိုးအစားကို ရေဘေးအန္တရာယ်မကြုံတွေ့မီက ဈေးနှုန်းများနှင့် ကွာခြားမှုမရှိဘဲ ထိရောက်မှန်ကန်စွာ ဖြန့်ဖြူးရောင်းချပေးနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **(ဝဝ၁)**

## ရေဘေးသင့်ပြည်သူများအား လှူဒါန်းကူညီရန် အိန္ဒိယနိုင်ငံမှ ထောက်ပံ့ရေးလေယာဉ်နှစ်စင်းရောက်ရှိ

**မန္တလေး ဩဂုတ် ၆**

မြန်မာနိုင်ငံ ရေဘေးသင့်ပြည်သူများအား လှူဒါန်းရန် အိန္ဒိယနိုင်ငံ နယူးဒေလီမြို့မှ ထွက်ခွာလာသော ထောက်ပံ့ရေးလေယာဉ်နှစ်စင်းသည် ဆန်၊ ခေါက်ဆွဲခြောက်နှင့် ဆေးဝါးပစ္စည်းမျိုးစုံတင်ဆောင်ပြီး မန္တလေး အပြည်ပြည်ဆိုင်ရာလေဆိပ် (တံတားဦး)နှင့် ကလေးလေဆိပ်တို့သို့ ယနေ့ရောက်ရှိလာကြောင်းသိရသည်။

မြန်မာနိုင်ငံရှိ ရေဘေးသင့်ပြည်သူများအတွက် နိုင်ငံတကာမှ လေကြောင်းဖြင့် ပေးပို့ထောက်ပံ့လှူဒါန်းမှုအဖြစ် အိန္ဒိယနိုင်ငံမှ ပထမဆုံးအကြိမ်ရောက်ရှိလာခြင်းဖြစ်ပြီး မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်သို့ စီ-၁၇ လေယာဉ်ဖြင့် ည ၇နာရီ ၄၅မိနစ်တွင်ဆိုက်ရောက်ခဲ့ခြင်းဖြစ်သည်။ ဆန် ၄၅တန်၊ ခေါက်ဆွဲ ကီလိုဂရမ် ၃၀၀၊ ဆေးဝါးနှင့် အခြားပစ္စည်းများ ကီလိုဂရမ် ၃၀၀ စုစုပေါင်း တန်၅၀ သယ် ဆောင်လာခဲ့ကြောင်း၊ ကလေးလေဆိပ်သို့လည်း စီ-၁၃၀လေယာဉ်ဖြင့် မွန်းလွဲ ၁နာရီ ၁၅ မိနစ်တွင် ဆိုက်ရောက်ပြီး ဆန်ကိုးတန်၊ ခေါက်ဆွဲခြောက် ကီလိုဂရမ် ၂၀၀နှင့် ဆေးဝါး ကီလိုဂရမ် ၂၀၀ လှူဒါန်းခဲ့သည်။

"ကျွန်တော်တို့ အိန္ဒိယနိုင်ငံအနေနဲ့ မြန်မာနိုင်ငံရေဘေးသင့်ပြည်သူတွေအတွက် လေယာဉ်နှစ်စင်းနဲ့ ဆန်၊ ခေါက်ဆွဲခြောက်နဲ့ ဆေးဝါးတွေ လှူဒါန်းဖို့ရောက်ရှိလာတာဖြစ်ပါတယ်။ နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုအရ စာနာစိတ်များနဲ့ ကူညီလှူဒါန်းခြင်းဖြစ်ပါတယ်။ နောက်ရက်တွေမှာလည်း ကလေးမြို့နဲ့ စစ်တွေမြို့တွေကို ထောက်ပံ့ရေးပစ္စည်းတွေ လေယာဉ်နဲ့ ဆက်လက်ပေးပို့သွားမှာဖြစ်ပါတယ်။ မြန်မာပြည်သူတွေ ဒီအခက်အခဲတွေကနေ အမြန်ဆုံးလွတ်မြောက်ပြီး အေးချမ်းနိုင်စေဖို့ အိန္ဒိယအစိုးရကိုယ်စား ဆုတောင်းပေးပါတယ်" ဟု အိန္ဒိယကောင်စစ်ဝန်ချုပ် Dr. Nagendran Nandakumarက ပြောသည်။

အဆိုပါ ထောက်ပံ့ရေးပစ္စည်းများကို ရေဘေးသင့်ဒေသများသို့ အမြန်ဆုံးပို့ဆောင်လှူဒါန်းသွားမည်ဖြစ်ကြောင်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ်ဦးအောင်ခိုင်က ပြောကြားသည်။

**မင်းထက်အောင် (မန်းကိုယ်ပွား)**

## ကလေး-ဟားခါးကားလမ်း ယနေ့မှစ၍ ယာဉ်ငယ်များသွားလာနိုင်

**နေပြည်တော် ဩဂုတ် ၆**

စစ်ကိုင်းတိုင်းဒေသကြီးနှင့် ချင်းပြည်နယ်တို့တွင် ဇွန်၊ ဇူလိုင်လများအတွင်း မိုးသည်းထန်စွာရွာသွန်းခဲ့မှုကြောင့် ကလေး-ဟားခါးကားလမ်းတစ်လျှောက်ရှိ နေရာအချို့တွင် မြေပြိုမှုများဖြစ်ပွားပြီး ယာဉ်သွားလာမှုပြတ်တောက်ခဲ့ရာ ယခုအခါ ပြုပြင်ပြီးစီး၍ ယာဉ်ငယ်များသွားလာနိုင်ပြီဖြစ်သည်။

အဆိုပါလမ်းပိုင်းရှိ မြေပြိုမှုများအား ဆောက်လုပ်ရေးဝန်ကြီးဌာန လမ်းဦးစီးဌာနမှ အမြန်ပြုပြင်ဆောင်ရွက်ခဲ့ရာ ဩဂုတ် ၃ ရက်တွင် ကလေးနှင့်ဖလမ်းအထိ ယာဉ်ငယ်များသွားလာနိုင်ခဲ့ပြီး ဖလမ်းနှင့်ဟားခါးအကြားကို ဆက်လက်ပြုပြင်ခဲ့ရာ ယနေ့ ည ၇ နာရီတွင် မိုင်တိုင် (၁၀၂) တစ်ဝိုက်အမြန်ဆုံးပြုပြင်ခဲ့ပြီးဖြစ်ရာ ယာဉ်ငယ်များသွားလာနိုင်ပြီဖြစ်ကြောင်းနှင့် အသေးစိတ်ပြုပြင်ခြင်းကို ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **(သတင်းစဉ်)**

## မြန်မာနိုင်ငံအတွင်းဖြစ်ပွားလျက်ရှိသော ရေကြီးရေလျှံမှုများနှင့် မြေပြိုမှုများကြောင့် ဘေးသင့်ပြည်သူများအတွက် ပြည်တွင်း/ပြည်ပအလှူရှင်များက အလှူငွေများလှူဒါန်းနိုင်ရန် ငွေစာရင်းအမှတ်များ အသိပေးဖော်ပြခြင်း

**နေပြည်တော် ဩဂုတ် ၆**

မြန်မာနိုင်ငံအတွင်းဖြစ်ပွားလျက်ရှိသော ရေဘေးသင့်ပြည်သူများအတွက် အလှူငွေနှင့်ပစ္စည်းများကို ပြည်တွင်းပြည်ပအလှူရှင်များမှ နေပြည်တော်ရှိအမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ၊ လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနနှင့် ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန တိုင်းဒေသကြီး/ပြည်နယ်ဦးစီးမှူးရုံးများသို့ လာရောက်လှူဒါန်းလျက် ရှိပါသည်။ အလှူရှင်များ လွယ်ကူစွာလှူဒါန်းနိုင်ရန်အတွက် အောက်ပါ ငွေစာရင်းအမှတ်များဖွင့်လှစ်ပြီးဖြစ်၍ တိုက်ရိုက် ထည့်သွင်းလှူဒါန်းနိုင်ပါရန် ဖော်ပြအပ်ပါသည် -

(၁) **မြန်မာငွေ**

| | |
|---|---|
| ငွေစာရင်းအမည် | -သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုလုပ်ငန်းကော်မတီ |
| ငွေစာရင်းအမှတ် | - CF-002301 |
| ဘဏ်အမည် | - မြန်မာ့စီးပွားရေးဘဏ်၊ နေပြည်တော် |
| လိပ်စာ | - အမှတ်(၂၆)၊ သီရိကျော်စွာလမ်း၊ ဘဏ်ဇုန်၊ နေပြည်တော် |

(၂) **နိုင်ငံခြားငွေ**

| | |
|---|---|
| ငွေစာရင်းအမှတ် | - 1 DA-0300086 |
| ငွေစာရင်းအမည် | - Myanmar Disaster Preparedness Agency |
| ဘဏ်အမည် | - Myanmar Foreign Trade Bank |
| SWIFT CODE | - MFTB MMMY |
| လိပ်စာ | - No(80-86)၊ Maha Bandoola Garden Street, Kyauktada Township, Yangon, Myanmar |
| ဆက်သွယ်ရန်လိပ်စာ | - ဦးစိုးအောင်၊ ညွှန်ကြားရေးမှူးချုပ် |

ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန
ဖုန်း ၀၆၇-၄၀၄၀၅၀၊ ၀၉-၈၆၀၀၀၂၅
ဦးမျိုးဆက်အောင်၊ လက်ထောက်အတွင်းဝန် (ညွှန်ကြားရေးမှူး)လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ဖုန်း ၀၆၇-၄၀၄၃၇၃၊ ၀၉-၂၅၀၉၆၅၈၈၉
ဒေါ်လှဲ့လှဲ့အေး၊ ညွှန်ကြားရေးမှူး
ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန
ဖုန်း ၀၆၇-၄၀၄၃၁၆၊ ၀၉-၂၀၂၁၄၉၁
ဒေါ်နီလာထွန်း၊ ဒုတိယညွှန်ကြားရေးမှူး
ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဦးစီးဌာန
ဖုန်း ၀၆၇-၄၀၄၂၄၃၊ ၀၉-၄၂၀၇၀၃၆၄၇

# အိုင်တီယူပစ္စည်းများကို အသုံးပြု၍ ရေကြီးရေလျှံမှု၊ မြေပြိုမှုများကို ကူညီထောက်ပံ့နိုင်မည့်အပြင် သတင်းအချက်အလက်များကိုပါ အချိန်နှင့်တစ်ပြေးညီ သိရှိနိုင်

အင်တာဗျူး - သုရဇော်၊
ဓာတ်ပုံ - ရွှေကိုလေး(သတင်းစဉ်)

**အပြည်ပြည်ဆိုင်ရာကြေးနန်းဆက်သွယ်ရေးအဖွဲ့ချုပ်က မြန်မာနိုင်ငံအနှံ့အပြားမှ ရေကြီးရေလျှံမှုများဖြစ်ပေါ်နေသည့်ဒေသများတွင် ဆက်သွယ်မှုမပြတ်တောက်စေရေးအထောက်အကူဖြစ်စေရန်အတွက် ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာနမှတစ်ဆင့် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီသို့ ပေးပို့ကူညီခဲ့ကြောင်းသိရသည့်အတွက် သက်ဆိုင်ရာတာဝန်ရှိသူများနှင့် ယခုလိုမေးမြန်းခဲ့သည်-**



**မစ္စ ငီဆာဖက်တိုင်းပါဆဲလ်
အရေးပေါ်ဆက်သွယ်ရေးဆိုင်ရာဌာနအကြီးအကဲ
အပြည်ပြည်ဆိုင်ရာကြေးနန်းဆက်သွယ်ရေးအဖွဲ့ချုပ်**

၂၀၁၄ ခုနှစ်မှာကျင်းပခဲ့တဲ့ ကမ္ဘာလုံးဆိုင်ရာအရေးပေါ်ဆက်သွယ်ရေးဖွံ့ဖြိုးတိုးတက်မှုညီလာခံမှာ လူသားချင်းစာနာထောက်ထားမှုအကူအညီပေးရေးနဲ့ ပတ်သက်ပြီး သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးသတိပေးစနစ်နဲ့ ကူညီကယ်ဆယ်ရေးလုပ်ငန်းတွေမှာ တယ်လီကွန်းနဲ့ အိုင်စီတီနည်းပညာများကိုအသုံးပြုပြီး ဆောင်ရွက်ပေးနိုင်ဖို့ ဆုံးဖြတ်ခဲ့ပါတယ်။ ဒီဆုံးဖြတ်ချက်နဲ့အညီ အိုင်တီယူရဲ့ အဖွဲ့ဝင်နိုင်ငံတွေမှာ သဘာဝဘေးအန္တရာယ်ဖြစ်ပေါ်ခံစားရပြီဆိုရင် ပံ့ပိုးကူညီမှုတွေပေးဖို့ အိုင်တီယူကို တောင်းဆိုလာပါက အရေးပေါ်ကူညီကယ်ဆယ်ရေးလုပ်ငန်းတွေမှာအသုံးပြုဖို့ ဂြိုဟ်တုဆက်သွယ်ရေးဖုန်းတွေအပါအဝင် ဆက်သွယ်ရေးပစ္စည်းတွေပေးပို့ပြီး ကူညီကယ်ဆယ်ရေးလုပ်ငန်းတွေမှာ ထိရောက်စွာဆောင်ရွက်နိုင်ဖို့ အိုင်တီယူအနေနဲ့ ပံ့ပိုးကူညီဆောင်ရွက်ပေးနေပါတယ်။

အခုမြန်မာနိုင်ငံမှာ တွေ့ကြုံခံစားနေရတဲ့ ရေကြီးရေလျှံမှုတွေ၊ မြေပြိုမှုတွေနဲ့ပတ်သက်ပြီး အိုင်တီယူက အကူအညီပေးဖို့ မြန်မာနိုင်ငံဆက်သွယ်ရေးဝန်ကြီးဌာနက အကူအညီတောင်းခံတဲ့အတွက် အခုလိုဆက်သွယ်ရေးပစ္စည်းတွေကို ပံ့ပိုးပေးခြင်းဖြစ်ပါတယ်။ ဒီပစ္စည်းတွေကို အသုံးပြုပြီး ရေကြီးရေလျှံမှုတွေ၊ မြေပြိုမှုတွေနဲ့ ကြုံတွေ့နေရတဲ့ ဒေသခံပြည်သူရဲ့လိုအပ်ချက်တွေကို ဆက်သွယ်ကူညီထောက်ပံ့ပေးနိုင်မယ့်အပြင် သတင်းအချက်အလက်များကိုပါ အချိန်နဲ့တစ်ပြေးညီ သိရှိနိုင်မှာဖြစ်ပါတယ်။

အခု ကျွန်မနဲ့အတူသယ်ဆောင်လာတဲ့ ဆက်သွယ်ရေးပစ္စည်းတွေ အသုံးပြုပုံကိုသင်တန်းပို့ချပေးသွားမှာဖြစ်ပါတယ်။ ဒီပစ္စည်းတွေက ပုံမှန်ဆက်သွယ်ရေးကွန်ရက်နဲ့ မိုဘိုင်းဆက်သွယ်ရေးတွေမရရှိတဲ့ ဒေသတွေမှာလည်း ဆက်သွယ်အသုံးပြုနိုင်ပါတယ်။ ဒါ့အပြင် ကျွန်မအနေနဲ့ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက တာဝန်ရှိသူတွေနဲ့ တွေ့ဆုံပြီး အရေးပေါ်ဆက်သွယ်ရေးကဏ္ဍနဲ့ ပတ်သက်ပြီး အိုင်တီယူက ဆောင်ရွက်နေတဲ့ အတွေ့အကြုံတွေကို မျှဝေဆွေးနွေးသွားဖို့ရှိပါတယ်။



**အပြည်ပြည်ဆိုင်ရာကြေးနန်းဆက်သွယ်ရေး အဖွဲ့ချုပ်မှ ကူညီပံ့ပိုးပစ္စည်းများ။**

ဒီလိုမျှဝေရာမှာ အိုင်တီယူအနေနဲ့ ဖွံ့ဖြိုးဆဲနိုင်ငံတွေမှာ အမျိုးသားအဆင့် အရေးပေါ်ဆက်သွယ်ရေးလုပ်ငန်းစီမံချက်တွေ ရေးဆွဲနိုင်ဖို့ မူဝါဒချမှတ်နိုင်ရေးကို ကူညီဆောင်ရွက်ပေးနေမှုတွေကို ရှင်းပြသွားမှာ ဖြစ်ပါတယ်။ အခုလာရောက်ကူညီတာဟာ လတ်တလော သဘာဝဘေးအန္တရာယ်ခံစားနေရချိန်အတွင်းမှာ အသုံးပြုဖို့ ကူညီတာဖြစ်ပြီး ရေရှည်အနေနဲ့ အရေးပေါ်ဆက်သွယ်ရေးလုပ်ငန်းစီမံချက် ရေးဆွဲဆောင်ရွက်သွားနိုင်အောင် ကူညီပေးသွားမှာဖြစ်ပါတယ်။

**ဦးခင်မောင်သက်
အမြဲတမ်းအတွင်းဝန်(ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန)**

အပြည်ပြည်ဆိုင်ရာ ကြေးနန်းဆက်သွယ်ရေးအဖွဲ့ချုပ်(ITU)က သဘာဝဘေးအန္တရာယ်ကျရောက်တဲ့ဒေသတွေမှာ ဆက်သွယ်မှုအဆင်ပြေစေဖို့ ဆက်သွယ်ရေးပစ္စည်းတွေကို အကူအညီပေးတာဖြစ်ပါတယ်။ ဒီစက်ပစ္စည်းတွေကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနဲ့ ပြန်လည်နေရာချထားရေးဝန်ကြီးဌာနနဲ့ ချိတ်ဆက်ပြီးတော့ အရေးပေါ်အခြေအနေစီမံခန့်ခွဲမှုဗဟိုဌာနကနေ သဘာဝဘေးအန္တရာယ်ကျရောက်နေတဲ့ နေရာဒေသတွေကို ဆက်လက်ခွဲဝေပေးပို့သွားမှာ ဖြစ်ပါတယ်။

စက်ပစ္စည်းတွေ ကိုင်တွယ်အသုံးပြုပုံကိုလည်း ITU က ကျွမ်းကျင်ပညာရှင် မစ္စ ငီဆာဖက်တိုင်းပါဆဲလ်က ပြည်နယ်နဲ့ တိုင်းဒေသကြီးအသီးသီးက ဝန်ထမ်းတွေကို သင်တန်းပေးနေပါတယ်။ သဘာဝဘေးအန္တရာယ်ကျရောက်တဲ့ဒေသတွေမှာ စက်ပစ္စည်းတွေ ကိုင်တွယ်အသုံးပြုပုံနဲ့ ဆက်သွယ်ပုံကို ဝန်ထမ်းတွေက ကူညီဆောင်ရွက်နိုင်အောင် ဖြစ်ပါတယ်။

မြန်မာနိုင်ငံဟာ အပြည်ပြည်ဆိုင်ရာ ကြေးနန်းဆက်သွယ်ရေးအဖွဲ့ချုပ်ရဲ့ အဖွဲ့ဝင်နိုင်ငံပေါင်း ၁၉၃ နိုင်ငံထဲက အဖွဲ့ဝင်နိုင်ငံတစ်ခု ဖြစ်ပါတယ်။ ITUအနေနဲ့ အဖွဲ့ဝင်နိုင်ငံတွေမှာအကြောင်းအမျိုးမျိုးကြောင့် သဘာဝဘေးအန္တရာယ်ကျရောက်ပြီဆိုရင် ဆက်သွယ်မှု အခက်အခဲမရှိအောင် ယခုလိုမျိုးကူညီပေးပါတယ်။

# အပြည်ပြည်ဆိုင်ရာကြေးနန်းဆက်သွယ်ရေးအဖွဲ့ချုပ်က ဂြိုဟ်တုစနစ်သုံးတယ်လီဖုန်းများ ပေးပို့ကူညီ

**နေပြည်တော် ဩဂုတ် ၆**

မြန်မာနိုင်ငံအနှံ့အပြားတွင် သဘာဝဘေးအန္တရာယ်ကျရောက်ပြီး ရေကြီးရေလျှံမှုများ ဖြစ်ပေါ်နေသည့်ဒေသများတွင် ဆက်သွယ်မှုမပြတ်တောက်စေရေး အထောက်အကူဖြစ်စေရန်အတွက် အပြည်ပြည်ဆိုင်ရာ ကြေးနန်းဆက်သွယ်ရေးအဖွဲ့ချုပ်က ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာနမှတစ်ဆင့် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီသို့ ယနေ့တွင် ပေးပို့ကူညီခဲ့ကြောင်း သိရသည်။

အဆိုပါပစ္စည်းများကို ရေကြီးရေလျှံမှုများ ဖြစ်ပေါ်နေသည့်ဒေသများတွင် ဆက်သွယ်မှုမပြတ်တောက်စေရေး အထောက်အကူဖြစ်စေရန် ဂြိုဟ်တုစနစ်သုံးတယ်လီဖုန်း အလုံး ၂၀၊ ဂြိုဟ်တုစနစ်သုံး ဒေတာပေးပို့ဆက်သွယ်နိုင်သည့် Broadband Global Area Network Terminal သုံးခုနှင့် လက်တော့ပ်ကွန်ပျူတာသုံးလုံးကို ပေးပို့ကူညီသွားမည်ဖြစ်ပြီး ၎င်းစက်ပစ္စည်းများအပြင် အပြည်ပြည်ဆိုင်ရာကြေးနန်းဆက်သွယ်ရေးအဖွဲ့ချုပ်မှ အရေးပေါ်ဆက်သွယ်ရေးဆိုင်ရာဌာနအကြီးအကဲ မစ္စ ငီဆာဖက်တိုင်းပါဆဲလ်က လိုအပ်သည့် သင်တန်းများပို့ချပေးခြင်းနှင့် အတွေ့အကြုံများမျှဝေပေးခြင်း လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာနမှ သိရသည်။ **(သတင်းစဉ်)**

# ရဲတပ်ဖွဲ့ဝင်တစ်ဦးအား သေဆုံးအောင် အလစ်အငိုက်တိုက်ခိုက်ခဲ့သူများကို အချိန်တိုအတွင်း ဖမ်းဆီးရမိ

**ရန်ကုန် ဩဂုတ် ၆**

ဇူလိုင် ၂၆ ရက် ညနေ ၅ နာရီခွဲက အင်းစိန်မြို့မရဲစခန်းမှ နယ်ထိန်းရဲတပ်ကြပ် ချစ်ကိုကိုမောင်သည် ရပ်ကွက်အုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ ရပ်မိရပ်ဖများနှင့်အတူ ရပ်ကွက်အတွင်း ခါးပိုက်နှိုက်မှုများ၊ ခိုးမှုများ၊ လုယက်မှုများ မဖြစ်ပွားစေရေးနှင့် တရားခံပြေးများ ဖမ်းဆီးရမိရေးအတွက် ကမ်းနားအနောက်ရပ်ကွက် အောင်ဇေယျအိမ်ရာလမ်းရှိ လက်ဖက်ရည်ဆိုင်တွင် သတင်းစုံစမ်းနေစဉ် အင်းစိန်မြို့နယ်နေ ပြစ်ချက်ဟောင်းရှိသူ ချစ်ကိုက စကေဘာဖြင့် ထိုးခဲ့ပြီး တက်ပု(ခ)သက်အောင်က ဓားရှည်ဖြင့်ခုတ်သဖြင့် ရဲတပ်ကြပ်ချစ်ကိုကိုမောင်၏ခန္ဓာကိုယ်တွင် ဒဏ်ရာများရရှိကာ အင်းစိန်ဆေးရုံသို့ တင်ပို့ကုသစဉ် ကွယ်လွန်သွားခဲ့သည်။

နယ်မြေအတွင်း အေးချမ်းသာယာရေး၊ တရားဥပဒေစိုးမိုးရေးနှင့် ပြည်သူ့ဘဝလုံခြုံရေးတို့အတွက် ပြည်သူများနှင့်ပူးပေါင်း၍ တာဝန်ထမ်းဆောင်နေသည့် ရဲတပ်ဖွဲ့ဝင်တစ်ဦးအား ယခုကဲ့သို့ အကြမ်းဖက်၍ရဲတင်းစွာ ပြစ်မှုကျူးလွန်ခဲ့သူများအား ဖမ်းဆီးရမိရေးဆောင်ရွက်ခဲ့ရာ ထိုနေ့ည ၁၁ နာရီတွင် ပြစ်မှုကျူးလွန်သူများဖြစ်ကြသည့် ချစ်ကို(၂၇)နှစ်နှင့် တက်ပု(ခ)သက်အောင် (၂၀) နှစ်တို့အား ၎င်းတို့ပုန်းအောင်းနေသော ရွာမအနောက်ရပ်ကွက်အတွင်း၌ ပြစ်မှုကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် ငှက်ကြီးတောင်ဓားတစ်ချောင်းနှင့် သုံးမြှောင့်ချွန်စကေဘာတစ်ချောင်းတို့နှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

ရဲတပ်ကြပ် ချစ်ကိုကိုမောင်အား အလစ်အငိုက်တိုက်ခိုက်ခဲ့သည့် ပြစ်မှုကျူးလွန်သူများအပေါ် တရားဥပဒေနှင့်အညီ ထိရောက်စွာအရေးယူသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# မရမ်းကုန်းမြို့နယ်တွင် ဓားပြမှုကျူးလွန်သည့်အဖွဲ့အား အချိန်တိုအတွင်း ဖမ်းဆီးရမိအရေးယူ

**ရန်ကုန် ဩဂုတ် ၆**

မရမ်းကုန်းမြို့နယ်နေ ကိုကျော်ကျော်သည် ဩဂုတ် ၂ ရက် ညနေ ၃ နာရီခန့်တွင် မရမ်းကုန်းမြို့နယ် ကံ့ကော်လမ်းနှင့် ခရေလမ်းထောင့်၌ လမ်းလျှောက်နေစဉ် အင်းစိန်မြို့နယ်နေ ဝင်းဇော်ဦးပါ အမျိုးသား ၁၂ ဦးခန့်က DD---- Caldina အငှားယာဉ်တစ်စီး၊ ဆိုင်ကယ်ငါးစီးတို့ဖြင့် ရောက်ရှိလာပြီး ငွေကျပ် ၇၀၀၀၀ ကို ဓားဖြင့် ခြောက်လှန့်၍ တောင်းယူသွားခဲ့သဖြင့် ဘုရင့်နောင်နယ်မြေရဲစခန်းသို့ ဖုန်းဖြင့်ဆက်သွယ်တိုင်တန်းခဲ့သည်။

အဆိုပါ ဖြစ်စဉ်သတင်း ရရှိသည်နှင့် ဘုရင့်နောင်နယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များက ပိတ်ဆို့ရှာဖွေဖမ်းဆီးခဲ့ရာ ယင်းသို့ကျူးလွန်သူများဖြစ်သည့် အင်းစိန်မြို့နယ်နေ ဝင်းဇော်ဦး (၃၂) နှစ်၊ အောင်မျိုးကျော်(၂၉)နှစ်၊ ဒွေးလွင်(၄၇)နှစ်၊ မရမ်းကုန်းမြို့နယ်နေ သိန်းစိုး(ခ)သန်းအောင်ထွေး(၃၁)နှစ်၊ စိန်လှ(၅၇)နှစ်၊ ဇော်မျိုးလွင်(၃၈)နှစ်၊ ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ်နေ အောင်တင်နိုင်(၄၆)နှစ်၊ နေပြည်တော် ပျဉ်းမနားမြို့နယ်နေ ဇေရာလွင်(၂၈)နှစ်နှင့် လှိုင်မြို့နယ်နေ ယာဉ်မောင်းရဲမြင့်(ခ)ဟာနစ်(၅၉) နှစ်တို့ ကိုးဦးအား ဖမ်းဆီးရမိခဲ့ပြီး ဘုရင့်နောင်နယ်မြေရဲစခန်းမှ (ပ) ၃၉၇/၂၀၁၅၊ ပြစ်မှု ပုဒ်မ-၃၉၅ ဖြင့် အမှုဖွင့်အရေးယူ ဆောင်ရွက်ခဲ့သည်။

ယင်းသို့ဖမ်းဆီးရမိစဉ် ၎င်းတို့ထံမှ DD---- Caldina အငှားယာဉ်တစ်စီး၊ ဆိုင်ကယ်နှစ်စီး၊ ဓားရှည်တစ်ချောင်း၊ ဓားမြှောင်တစ်ချောင်း၊ ရဲဒင်းတစ်လက်၊ သံတုတ်နှစ်ချောင်း၊ ဓားမတစ်ချောင်း၊ လေးခွတစ်လက်၊ ဖန်ဂေါ်လီ၊ ကုန်းသီးများနှင့် နံကျပ်ကူတစ်လက်တို့ သိမ်းဆည်းရမိခဲ့သည်။

အဆိုပါ ပြစ်မှုကျူးလွန်ရာတွင် ပါဝင်ပြီး ထွက်ပြေးတိမ်းရှောင်သွားသူများမှာ မင်းသိန်း၊ ဗန်ဒိန်း(ခ) ဝင်းထွန်းနှင့် မိုးဇော်တို့ဖြစ်ကြောင်း သိရှိရသဖြင့် တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံး၊ အနောက်ပိုင်းခရိုင် ရဲတပ်ဖွဲ့မှူးရုံးတို့မှ တပ်ဖွဲ့ဝင်များနှင့် ဘုရင့်နောင် နယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များက ဖမ်းဆီးရမိရေး ဆက်လက်စုံစမ်းဆောင်ရွက်ခဲ့ရာ ဩဂုတ် ၃ ရက် နံနက်ပိုင်းတွင် ထွက်ပြေးတိမ်းရှောင်နေသူ ရွှေပြည်သာမြို့နယ်နေ မင်းသိန်း (၄၀)နှစ်နှင့် လှိုင်မြို့နယ်နေ ဗန်ဒိန်း(ခ)ဝင်းထွန်း (၄၂)နှစ်တို့နှစ်ဦးအား ၎င်းတို့၏ နေအိမ်အသီးသီးမှ ထပ်မံဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိသူ ၁၁ ဦးအား အမှုနှင့်ပတ်သက်၍ စစ်ဆေးဆောင်ရွက်လျက်ရှိပြီး ကျန်သက်သေခံပစ္စည်းများသိမ်းဆည်းနိုင်ရေးနှင့် ထွက်ပြေးတိမ်းရှောင်နေသူ မိုးဇော်အား ဖမ်းဆီးရမိရေး ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**(သတင်းစဉ်)**



## ပြည်တွင်းရေးရာ

**☆ ကျောဖုံးမှ**

လျှုဒါန်းငွေကျပ်သိန်း ၁၅၀၀ ကို လက်ခံရယူ၍ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီဥက္ကဌ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဒေါ်မြတ်မြတ်အုန်းခင်က ကျေးဇူးတင်စကားပြန်လည်ပြောကြားသည်။

ထို့နောက် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ အတွင်းရေးမှူး၊ ဒုတိယဝန်ကြီးတို့က တိုင်းဒေသကြီး၊ ပြည်နယ်အသီးသီးရှိ ရေဘေးဒဏ်သင့်ဒေသများ၏ ထိခိုက်ပျက်စီးမှုပမာဏစာရင်း ကောက်ယူရရှိမှု၊ ထောက်ပံ့ဖြည့်တင်းပေးရန် လိုအပ်သည့်ပစ္စည်းအမျိုးအစားအလိုက် လိုအပ်ချက်များတွက်ချက်မှု၊ တိုင်းဒေသကြီး၊ ပြည်နယ်ဒေသအသီးသီးသို့ ထောက်ပံ့ရေးပစ္စည်းများ လတ်တလောဖြည့်ဆည်းပေးနေမှုအခြေအနေနှင့် ပြည်ပနိုင်ငံများ၊ နိုင်ငံတကာအဖွဲ့အစည်းများထံမှ အကူအညီထောက်ပံ့ပေးမှုအခြေအနေများကို ရှင်းလင်းတင်ပြရာ ဒုတိယသမ္မတက ထိခိုက်ပျက်စီးဆုံးရှုံးမှု စာရင်းဇယားအချက်အလက်များ တိကျမှန်ကန်စွာကောက်ယူရရှိရေး၊ ပြည်တွင်း၊ ပြည်ပအလှူရှင်များ၏ အလှူငွေနှင့် ပစ္စည်းများ စနစ်တကျ စိစစ်ထိန်းသိမ်းလက်ခံ၍ ရေဘေးသင့်ဒေသများသို့ လိုအပ်ချက်နှင့်အညီ ထိရောက်လျင်မြန်စွာရောက်ရှိစေရေးနှင့် ပြန်လည်ထူထောင်ရေးဆောင်ရွက်မည့်အစီအမံများ စနစ်တကျရှိစေရေးတို့နှင့်စပ်လျဉ်း၍ လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။


**(သတင်းစဉ်)**

# ဟသ်ာတ၊ ငါးသိုင်းချောင်း၊ ဇလွန်နှင့် ဆိပ်သာမြို့နယ်များတွင် ဇူလိုင်လကုန်မှစ၍ စိုးရိမ်ရေမှတ် ကျော်လွန်လျက်ရှိ


**နေပြည်တော် ဩဂုတ် ၆**

ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ ဟသ်ာတမြို့နယ်၊ ဇလွန်မြို့နယ်နှင့် ဆိပ်သာမြို့နယ်များ၏ ဧရာဝတီမြစ်ရေစိုးရိမ်ရေအမှတ်နှင့် ငါးသိုင်းချောင်းမြို့နယ်၏ ဝဲန်မြစ်ရေစိုးရိမ်ရေအမှတ်သည် ဇူလိုင်လကုန်ခန့်မှစ၍ နေ့စဉ်မြင့်တက်လျက်ရှိရာ စိုးရိမ်ရေအမှတ်များကို ကျော်လွန်လျက်ရှိကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၏မှတ်တမ်းများအရ သိရသည်။ **(သတင်းစဉ်)**


ဧရာဝတီတိုင်းဒေသကြီး ဟသ်ာတမြို့နယ်၏ နေ့အလိုက် စိုးရိမ်ရေမှတ်များ




ဧရာဝတီတိုင်းဒေသကြီး ငါးသိုင်းချောင်းမြို့နယ်၏ နေ့အလိုက် စိုးရိမ်ရေမှတ်များ



ဧရာဝတီတိုင်းဒေသကြီး ဇလွန်မြို့နယ်၏ နေ့အလိုက် စိုးရိမ်ရေမှတ်များ



ဧရာဝတီတိုင်းဒေသကြီး ဆိပ်သာမြို့နယ်၏ နေ့အလိုက် စိုးရိမ်ရေမှတ်များ



# ဧရာဝတီ၊ ချင်းတွင်း၊ သံလွင်၊ စစ်တောင်းနှင့် ဝဲန်မြစ်ရေကြီးမှုများအခြေအနေ

**နေပြည်တော် ဩဂုတ် ၆**

**(၁) စိုးရိမ်ရေမှတ်အောက် ကျဆင်းနိုင်မှုအခြေအနေ**

ယနေ့ မွန်းလွဲ ၁၂နာရီခွဲအချိန်တိုင်းထွာချက်အရ ချင်းတွင်းမြစ်ရေသည် မုံရွာမြို့တွင် တစ်ပေခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်နေပြီး နောက်တစ်ရက်အတွင်း မုံရွာမြို့တွင် ယင်းမြို့၏စိုးရိမ်ရေမှတ်အောက် ပြန်လည်ကျဆင်းနိုင်သည်။

ယနေ့မွန်းလွဲ ၁၂နာရီခွဲအချိန်တိုင်းထွာချက်အရ ဧရာဝတီမြစ်ရေသည် ပခုက္ကူမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ပေဝက်ခန့်တွင်ရောက်ရှိနေသော်လည်း နောက် ၁၂ နာရီအတွင်း ယင်းမြို့၏စိုးရိမ်ရေမှတ်အောက် ပြန်လည်ကျဆင်းသွားမည်ဖြစ်သည်။

ယနေ့ မွန်းလွဲ ၁၂ နာရီခွဲအချိန်တိုင်းထွာချက်များအရ ဧရာဝတီမြစ်ရေသည် ညောင်ဦးမြို့တွင် သုံးပေခန့်၊ မင်းဘူးမြို့တွင် နှစ်ပေခွဲခန့်၊ မကွေးမြို့တွင် နှစ်ပေခန့်၊ အောင်လံမြို့တွင် နှစ်ပေခွဲခန့်၊ ပြည်မြို့တွင် နှစ်ပေခန့် ယင်းမြို့များ၏ စိုးရိမ်ရေမှတ်အသီးသီးအထက်သို့ ကျော်လွန်နေပြီး နောက်နှစ်ရက်မှ သုံးရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက်ပြန်လည်ကျဆင်းနိုင်သည်။

ယနေ့မွန်းလွဲ ၁၂ နာရီခွဲအချိန်တိုင်းထွာချက်များအရ သံလွင်မြစ်ရေသည် ဘားအံမြို့တွင် တစ်ပေခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်နေပြီး နောက်နှစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် ပြန်လည်ကျဆင်းနိုင်သည်။

**(၂) စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်မှုအခြေအနေ**

ယနေ့ မွန်းလွဲ ၁၂ နာရီခွဲအချိန်တိုင်းထွာချက်များအရ ဧရာဝတီမြစ်ရေသည် ဆိပ်သာမြို့တွင် နှစ်ပေခွဲခန့်၊ ဟသ်ာတမြို့နှင့် ဇလွန်မြို့တို့တွင် သုံးပေခွဲခန့်စီ၊ ဝဲန်မြစ်ရေသည် ငါးသိုင်းချောင်းမြို့တွင် သုံးပေခွဲခန့် ယင်းမြို့များ၏ စိုးရိမ်ရေမှတ်အသီးသီးအထက်သို့ ကျော်လွန်နေသည်။ နောက်သုံးရက်အတွင်း ယင်းမြို့များ၏စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ယနေ့မွန်းလွဲ ၁၂ နာရီခွဲအချိန်တိုင်းထွာချက်အရ စစ်တောင်းမြစ်ရေသည် မဒေါက်မြို့တွင် သုံးပေခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်နေသည်။ နောက်သုံးရက်အတွင်း တစ်ပေခွဲခန့် ကျဆင်းနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်တွင် ဆက်လက်တည်ရှိနိုင်သည်။

မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြပါရန် အကြံပြုအပ်ပါကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက ထုတ်ပြန်ထားသည်။ **(ကြေးမုံ)**

# လွှတ်တော်ကိုယ်စားလှယ်လောင်းအမည်စာရင်းများ ဆက်လက်တင်သွင်းလျက်ရှိ

**နေပြည်တော် ဩဂုတ် ၆**

၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲအတွက် လွှတ်တော်ကိုယ်စားလှယ်လောင်း အမည်စာရင်းများ ဆက်လက်တင်သွင်းလျက်ရှိရာ ဩဂုတ် ၆ ရက်တွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်လောင်း ၁၂၃ ဦး၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်လောင်း ၅၈ ဦး၊ တိုင်းဒေသကြီး/ပြည်နယ် လွှတ်တော်ကိုယ်စားလှယ်လောင်း ၂၄၇ ဦးနှင့် တိုင်းဒေသကြီး/ပြည်နယ်တိုင်းရင်းသားလူမျိုးလွှတ်တော်ကိုယ်စားလှယ်လောင်း ရှစ်ဦးတို့ တင်သွင်းခဲ့သည်။ ဇူလိုင် ၂၀ ရက်မှ ဩဂုတ် ၆ ရက်အထိ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်လောင်း ၈၇၁ ဦး၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်လောင်း ၄၁၃ ဦး၊ တိုင်းဒေသကြီး/ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်လောင်း ၁၆၇၅ ဦးနှင့် တိုင်းဒေသကြီး/ပြည်နယ် တိုင်းရင်းသားလူမျိုးလွှတ်တော်ကိုယ်စားလှယ်လောင်း ၉၅ ဦး စုစုပေါင်း ၃၀၅၄ ဦးရှိပြီဖြစ်ပြီး နိုင်ငံရေးပါတီ ၆၆ ပါတီနှင့် တစ်သီးပုဂ္ဂလ ၁၀၇ ဦးတို့က အမည်စာရင်းတင်သွင်းခဲ့ကြကြောင်း သိရသည်။ အမည်စာရင်းတင်သွင်းမှု အသေးစိတ်အား ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် Website www.uecmyanmar.org တွင် ကြည့်ရှုနိုင်ကြောင်းသတင်းရရှိသည်။ **(သတင်းစဉ်)**

# ဆိုးရွားသည့် ရာသီဥတုနှင့် ခက်ခဲသည့်မြေအနေအထားတွင် လေယာဉ်၊ ရဟတ်ယာဉ်များဖြင့် သယ်ယူပို့ဆောင်ခြင်း လုပ်ငန်းများသည် သက်စွန့်ဆံဖျားလုပ်ဆောင်နေရ



တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အင်ပူမြို့နယ်မှ ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။ (မြဝတီ)

**နေပြည်တော် ဩဂုတ် ၆**

ရေဘေးကယ်ဆယ်ရေးလုပ်ငန်းများတွင် တပ်မတော်အနေဖြင့် လူအင်အားနှင့် ယာဉ်၊ ယန္တရားများကို ထုတ်လုပ်နိုင်သမျှ အစွမ်းကုန် အသုံးပြုဆောင်ရွက်နေသကဲ့သို့ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများကိုလည်း စွမ်းအားပြည့်ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ထိုသို့စေတနာမှန်ဖြင့် လုပ်ဆောင်နေသော်လည်း လူမှုကွန်ရက်အချို့က တပ်မတော်၏ရေဘေးကယ်ဆယ်ရေး ဆောင်ရွက်မှုများအပေါ် မဟုတ်မမှန်ပုတ်ခတ်ပြောဆိုမှုများကို စိတ်မကောင်းစွာကြားသိရပါကြောင်း၊ အချို့သော ကယ်ဆယ်ရေးလုပ်ငန်းများ၊ အထူးသဖြင့် **ဆိုးရွားသည့် ရာသီဥတုနှင့် ခက်ခဲသည့်မြေအနေအထားတွင် လေယာဉ်၊ ရဟတ်ယာဉ်များဖြင့် သယ်ယူပို့ဆောင်ခြင်း လုပ်ငန်းများသည် သက်စွန့်ဆံဖျား လုပ်ဆောင်နေရခြင်းဖြစ်ကြောင်း၊** ယင်းအပေါ်တွင် မကောင်းသည့်အမြင်ဖြင့် တိုက်ခိုက်ပြောဆိုမှုများရှိပါကြောင်း၊ **တပ်မတော်အနေဖြင့် ရေဘေးကယ်ဆယ်ရေး လုပ်ငန်းများတွင် အစွမ်းကုန် ကြိုးပမ်းဆောင်ရွက်ပေးနေသည်ကို နားလည်ပေးစေလို**ပါကြောင်းဖြင့် တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ယနေ့နံနက်ပိုင်းတွင် အင်ပူမြို့နယ် ခန်းမ၌ ဒေသခံပြည်သူများအားတွေ့ဆုံအားပေးစကား ပြောကြားရာတွင် ထည့်သွင်းပြောကြားသည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ဇနီး ဒေါ်ကြူကြူလှ၊ ကာကွယ်ရေး ဦးစီးချုပ်(ရေ)ဗိုလ်ချုပ်ကြီး သူရ သက်ဆွေ၊ ကာကွယ်ရေး ဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီးခင်အောင်မြင့်နှင့် ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ တပ်မတော် အရာရှိကြီးများ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူးတို့နှင့်အတူ ယနေ့နံနက် ၈ နာရီတွင် မင်္ဂလာဒုံလေတပ်စခန်းဌာနချုပ်အတွင်းရှိ ရေဘေးသင့်ပြည်သူများအတွက် လှူဒါန်းသည့်ထောက်ပံ့ရေးပစ္စည်းများ လက်ခံသည့်ဌာနသို့ ရောက်ရှိပြီး လှူဒါန်းမှုအခြေအနေများကို ကြည့်ရှုအားပေးသည်။

ရှေးဦးစွာ ထောက်ပံ့ရေးပစ္စည်းများ လာရောက်လှူဒါန်းသည့် မွန်ပြည်နယ် မုဒုံမြို့မှ သံဃာတော်များနှင့် မြို့သူမြို့သားများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စကား ပြောကြားသည်။

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် မင်္ဂလာဒုံ လေတပ်စခန်းဌာနချုပ်မှ ဧရာဝတီတိုင်းဒေသကြီး အင်ပူမြို့နယ်သို့ ထောက်ပံ့ရေးပစ္စည်းများ ပို့ဆောင်မည့်ရဟတ်ယာဉ်နှင့်အတူ ဆက်လက်ထွက်ခွာပြီး ဧရာဝတီတိုင်းဒေသကြီးအတွင်း ရေလွှမ်းမိုးမှုအခြေအနေများကို လိုက်လံကြည့်ရှုသည်။

ထို့နောက် အင်ပူမြို့သို့ရောက်ရှိရာ အားကစားကွင်းတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်တိုင်းမှူးတို့က အင်ပူမြို့နယ်အတွင်း ရေဝင်ရောက်နေမှုနှင့် ကယ်ဆယ်ရေးလုပ်ငန်းများဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြရာ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်က ကွဲ၊ နွား၊ တိရစ္ဆာန်များအား ရေလွတ်ရာသို့ နယ်မြေအတွင်းရှိ လှေများ၊ တပ်မတော်ဖိုက်ဘာစက်လှေများဖြင့် သယ်ဆောင်ရန်၊ ဆက်လက်၍ တပ်မတော်ကမ်းထိုးရေယာဉ်များဖြင့် ရေလွတ်ရာသို့အမြန်ဆုံးရွှေ့ပြောင်းနိုင်ရန်နှင့် လတ်တလော ရေဘေးသင့် ပြည်သူများ လိုအပ်သည့် ဆန်၊ဆီ၊ဆား၊ပဲနှင့် ကြက်ဥများအား ရန်ကုန်မြို့မှတစ်ဆင့် မော်တော်ယာဉ်များဖြင့် အမြန်ပို့ဆောင်ရေးဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ဆက်လက်ပြီး အင်ပူမြို့နယ်ခန်းမတွင် ရေဘေးသင့်ပြည်သူများနှင့် တွေ့ဆုံစဉ် မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် တိုင်းဒေသကြီးဝန်ကြီးချုပ်တို့က အင်ပူမြို့နယ်အတွင်း ရေဝင်ရောက်မှုအခြေအနေ၊ ရေဘေးကယ်ဆယ်ရေးစခန်းများ ဖွင့်လှစ်ထားရှိပြီး ကယ်ဆယ်ရေး လုပ်ငန်းများနှင့်စားဝတ်နေရေးစီစဉ် ဆောင်ရွက်ပေးနေမှု အခြေအနေများကို ရှင်းလင်းတင်ပြရာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ယခုနှစ်အတွင်း မိုးလေဝသအခြေအနေ ပြောင်းလဲမှုများကြောင့် သဘာဝဘေးဒဏ်များ ဖြစ်ပေါ်ခံစားနေရသည်မှာ မိမိတို့တစ်နိုင်ငံတည်းမဟုတ်ဘဲ ကမ္ဘာနှင့်တစ်ဝန်းဖြစ်ပါကြောင်း၊ သဘာဝဘေးအန္တရာယ်များရင်ဆိုင်ကြုံတွေ့ရသည့် အချိန်တွင်လည်း ညီညီညွတ်ညွတ်ဖြင့် အောင်မြင်စွာဖြတ်ကျော်ရမည်ဖြစ်ပါကြောင်း၊ ရေကြီးမှုဒဏ်ကို လူများသာမက ကွဲ၊ နွား၊ တိရစ္ဆာန်များပါ ခံစားနေကြရာ ဦးစွာအသက်ရှင်ရပ်တည်နိုင်ရေးအတွက် ဘေးကင်းရာသို့ရွှေ့ပြောင်းခြင်း၊ စားသောက်ရေးကိစ္စများ စီစဉ်ပေးခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ **ယခုကဲ့သို့ ဒုက္ခရောက်ချိန်တွင် လူသဘောသဘာဝအရ လိုအပ်မှုဆန္ဒများ ပိုမိုပြင်းထန်လာတတ်သည်ကို သိရှိနားလည်ပြီး စီမံခန့်ခွဲသူများအနေဖြင့် ထောက်ပံ့ကူညီမှုများကို အတတ်နိုင်ဆုံး မျှမျှတတဆောင်ရွက်ပေးစေလို**ပါကြောင်း။

**ယခု ကူညီထောက်ပံ့မှုများသည် လတ်တလောတွင် စားဝတ်နေရေး အဆင်ပြေစေရန်အတွက် ကူညီထောက်ပံ့ခြင်းသာဖြစ်ပြီး ရေကျသွားချိန်တွင် ပြန်လည်ထူထောင်ရေး လုပ်ငန်းများကို အင်တိုက်အားတိုက် ပူးပေါင်းဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ ယင်းကိစ္စအားလုံးတွင် တပ်မတော်မှလိုအပ်သည့် လုပ်အား၊ငွေကြေးနှင့် ပို့ဆောင်ရေးတို့ကို တတ်စွမ်းသရွေ့ ပါဝင်ကူညီဆောင်ရွက်ပေးသွားမည်**ဖြစ်ကြောင်း။

နိုင်ငံတော် အနေဖြင့်လည်း ကယ်ဆယ်ရေးလုပ်ငန်းများကို နိုင်ငံနှင့်တစ်ဝန်းဖြန့်ခွဲဆောင်ရွက်လျက်ရှိရာ **နိုင်ငံတော်နှင့်တပ်မတော်၏ ကယ်ဆယ်ထောက်ပံ့ရေးလုပ်ငန်းများ ဆောင်ရွက်မှုနှင့် ပတ်သက်၍ အားနည်းချက်များ ရှိပါက နားလည်ပေးစေလို**ပါကြောင်း၊ **အစိုးရအဆက်ဆက်က တည်ဆောက်ခဲ့သည့်ဆည်များသည်လည်း ရေဘေးအန္တရာယ်ကာကွယ်မှုအတွက် လွန်စွာအရေးပါသည်ကိုတွေ့ရှိရသဖြင့် ၎င်းဆည်များကို ဆက်လက်ထိန်းသိမ်းသွားရမည်ဖြစ်**ပါကြောင်း၊ ကိုယ့်ဘဝ၊ ကိုယ့်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အားမလျှော့ကြဘဲ ကိုယ်တိုင်ကြိုးစားအားထုတ်ခြင်း၊ စည်းလုံးညီညွတ်စွာ ပူးပေါင်းဆောင်ရွက်ခြင်းတို့ဖြင့် ရင်ဆိုင်နေရသည့်အခက်အခဲများကို အောင်မြင်စွာဖြတ်ကျော်နိုင်ရန် ဆုမွန်ကောင်းတောင်းပါကြောင်း ပြောကြားသည်။

၎င်းနောက် တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်က ရေဘေးသင့်ပြည်သူများ အတွက်တပ်မတော်(ကြည်း၊ရေ၊လေ) မိသားစုများက လှူဒါန်းသည့် ထောက်ပံ့ပစ္စည်းများနှင့် စားသောက်ဖွယ်ရာများကို ပေးအပ်လှူဒါန်းသည်။ ယင်းနောက် အင်ပူမြို့မှဒေသခံ ရပ်မိရပ်ဖတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

တွေ့ဆုံပွဲအပြီးတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့ဝင်များသည် ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်ပြီး အင်ပူမြို့အတွင်း ရေဝင်ရောက်နေမှုအခြေအနေများကို လိုက်လံကြည့်ရှုကြသည်။

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် နေ့လယ်ပိုင်းတွင် ဟင်္သာတမြို့သို့ ရောက်ရှိကြပြီး တာပေါင်အား သဲအိတ်များဖြင့် တာထောက်ခြင်း လုပ်ငန်းနှင့် အမြင့်ပေမြှင့်တင်ခြင်း လုပ်ငန်းများ ဆောင်ရွက်နေမှုများအား ကြည့်ရှုစစ်ဆေးပြီး တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က တာထောက်သည့် လုပ်ငန်းများတွင် အားအပြည့်အဝရရှိစေရန်အတွက် သဲအိတ်များကို သတ်မှတ်ပုံစံအတိုင်း စနစ်တကျထားရှိဆောင်ရွက်ကြရန် ဖြည့်စွက်မှာကြားသည်။

ယင်းနောက် တာပေါင်တစ်လျှောက် တပ်မတော်သားများနှင့် ဒေသခံပြည်သူများ လုပ်အားပေးဆောင်ရွက်နေမှုကို ကြည့်ရှုအားပေးပြီး ထောက်ပံ့ငွေနှင့် ပစ္စည်းများပေးအပ်သည်။

ထို့နောက် ဟင်္သာတမြို့ ပြည်လုံးကပ်ကျော်ဦးပါရဲ စေတီတော်မြတ်သို့ သွားရောက်ပြီး ပန်း၊ ရေချမ်းနှင့်ဆီမီး ကပ်လှူ၍ ဂေါပကအဖွဲ့ထံအလှူငွေ ပေးအပ်ကာ ဧည့်သည်တော်မှတ်တမ်း စာအုပ်တွင် လက်မှတ်ရေးထိုးသည်။

ဆက်လက်၍ ဟင်္သာတမြို့ ပျဉ်းမချောင်းရပ်ကွက်ရှိ ကြာခံပရိယတ္တိစာသင်တိုက်တွင် ဒေသခံပြည်သူများအား တွေ့ဆုံအားပေးစကား ပြောကြားပြီး ပျဉ်းမချောင်းရပ်ကွက်နှင့် ညောင်ပင်ရပ်ကွက်ရှိ ရေဘေးသင့်ပြည်သူများအတွက် ထောက်ပံ့ပစ္စည်းများပေးအပ်ကာ ရပ်ကွက်အတွင်း ရေဝင်ရောက်မှု အခြေအနေကို လိုက်လံကြည့်ရှုသည်။

ယင်းနောက် ညောင်ပင်ရပ်ကွက် ဓမ္မာရုံတွင် ရေဘေးသင့်ပြည်သူများအား တွေ့ဆုံပြီး အားပေးစကားပြောကြားကာ တပ်မတော်ဆေးအဖွဲ့များစေလွှတ်၍ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ စီစဉ်ဆောင်ရွက်ပေးသည်။

ထို့နောက် ဟင်္သာတမြို့ မြနဒီခန်းမ၌ မြို့မိမြို့ဖများ၊ လူမှုရေးအဖွဲ့အစည်းများနှင့်တွေ့ဆုံပြီး ထောက်ပံ့ငွေနှင့် ပစ္စည်းများပေးအပ်ရာ မြို့နယ်ရေဘေးကယ်ဆယ်ရေးကော်မတီက လက်ခံရယူပြီး မြို့မိမြို့ဖတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ဆက်လက်၍ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် မော်တော်ယာဉ်များဖြင့် ဟင်္သာတမြို့မှ ဇလွန်မြို့ မာရ်အောင်မြင်ပြည်တော်ပြန်မြတ်စွာဘုရားကြီးသို့ ရောက်ရှိကြပြီး ပန်း၊ ရေချမ်းနှင့်ဆီမီးများ ကပ်လှူ၍ ရုပ်ပွားတော်မြတ်ကြီးအား ရွှေသင်္ကန်း ကပ်လှူပူဇော်သည်။ ယင်းနောက် ဧည့်သည်တော်မှတ်တမ်း စာအုပ်တွင် လက်မှတ်ရေးထိုးပြီး အလှူငွေများပေးအပ်လှူဒါန်းသည်။

ဆက်လက်ပြီး တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် ဇလွန်မြို့ ကမ်းနားရပ်ကွက်တာပေါင်သို့ သွားရောက်ပြီး ဧရာဝတီမြစ်ရေမြင့်တက်နေမှုအခြေအနေများကို ကြည့်ရှု၍ တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်း ဆွေးနွေးကာ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ခဲ့သည်။

ဧရာဝတီတိုင်းဒေသကြီးအတွင်း ဧရာဝတီမြစ်ရေနှင့်ငဝန်မြစ်ရေ ထူးကဲစွာ မြင့်တက်လာမှုကြောင့် ပုသိမ်ခရိုင်၊ ဟင်္သာတခရိုင်နှင့် မအူပင်ခရိုင်များရှိ မြို့နယ်များအတွင်း ရေဝင်ရောက်မှုများ ဖြစ်ပေါ်လျက်ရှိရာ ရေဘေးသင့် အိမ်ထောင်စု ၉၄၇၅ စု၊ လူဦးရေ ၃၄၂၅၇ ဦးတို့အား ရေဘေးကယ်ဆယ်ရေးစခန်း ၁၇၀ ဖွင့်လှစ်ပြီး ကယ်ဆယ်ရေးနှင့် ထောက်ပံ့ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်းသိရသည်။ **(မြဝတီ)**

# ရေဘေးသင့်ဘုန်းတော်ကြီးကျောင်းများအတွက် ဝါဆိုသင်္ကန်းနှင့် ရဟန်းအသုံးအဆောင်ပစ္စည်းများ လှူဒါန်း

**ရန်ကုန် ဩဂုတ် ၆**

ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ် အလယ်ရွှေဂုံတိုင်ရပ်ကွက် ရွှေမင်းဝံသာသနာ့ရိပ်သာကျောင်းတိုက် ပဓာနနာယက အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တသောဘနဆရာတော်ကြီး အမှူးပြုသည့် တပည့်ဒါယကာ၊ ဒါယိကာမများ၊ ယောဂီများစုပေါင်း၍ ရေဘေးသင့်ရဟန်းတော်များအတွက် ဝါဆိုသင်္ကန်းဒွိစုံ ၁၅၁၂ စုံ၊ ထီး ၂၄၃ လက်၊ ဖိနပ် ၂၂၅ ရံနှင့် ယပ် ၁၇၆ ချောင်းအစရှိသော ရဟန်းအသုံးအဆောင်ပစ္စည်းများအား သာသနာရေးဝန်ကြီးဌာနမှတစ်ဆင့် ပေးအပ်လှူဒါန်းပွဲကို ဩဂုတ် ၆ ရက်တွင် အဆိုပါကျောင်းတိုက်၌ ကျင်းပရာ သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးဝင်းကိုယ်စား အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ် ဒုတိယပါမောက္ခချုပ်(စီမံ)ဒေါက်တာသန့်ဇင်နိုင်က လက်ခံရယူ၍ ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ဆက်ကပ်သည်။

အလားတူ အလှူရှင်အသီးသီးက လှူဒါန်းသည့် ဝါဆိုသင်္ကန်းနှင့်ရဟန်း၊ သီလရှင်အသုံးအဆောင်ပစ္စည်းများအား သာသနာရေးဝန်ကြီးမှတစ်ဆင့် ရေဘေးသင့်ဘုန်းတော်ကြီးကျောင်းများသို့ အရောက်ပေးပို့ ဆက်ကပ်လှူဒါန်းသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# နိုင်ငံတော်သမ္မတ၏ ပညာတော်သင်ဆုရရှိသူများထဲမှ တရုတ်ပြည်သူ့သမ္မတနိုင်ငံအစိုးရ၏ ပညာတော်သင်ဆု ရရှိသူစာရင်း

| စဉ် | အမည် | ခုံအမှတ် | အဆင့် | အထူးပြု | တက်ရောက်ခွင့်ရရှိသောတက္ကသိုလ် |
|---|---|---|---|---|---|
| ၁ | မချိုမြဒါလီ | Ygn-PGP-0063 | ပါရဂူဘွဲ့ | Civil Engineering | Harbin Institute of Technology |
| ၂ | မပွင့်ဖြူခိုင် | Ygn-PGP-0545 | ပါရဂူဘွဲ့ | Computer Science and Technology | University of Science and Technology Beijing |
| ၃ | မညိုသီရိအောင် | Tgyi-PGP-0062 | ပါရဂူဘွဲ့ | Computer Science and Technology | University of Science and TechnologyBeijing |
| ၄ | မဖြူနှင်းသိုက် | Ygn-PGP-0533 | ပါရဂူဘွဲ့ | Computer Science and Technology | University of Science and Technology Beijing |
| ၅ | မမေမြတ်မိုးစော | Mdy-PGP-0322 | ပါရဂူဘွဲ့ | Engineering and Project Management | North China Electric Power University |
| ၆ | မောင်အောင်မျိုးဇော် | Mdy-PGP-0012 | ပါရဂူဘွဲ့ | Special Education | Central China Normal University |
| ၇ | မအေးမြသက်တင် | Ygn-PGP-0049 | ပါရဂူဘွဲ့ | International Relations | Central China Normal University |
| ၈ | နန်းလိုင်ငင်း | Tgyi-PGP-0041 | ပါရဂူဘွဲ့ | International Relations | Central China Normal University |
| ၉ | မောင်စစ်မင်းသူ | Ygn-PGP-0089 | ပါရဂူဘွဲ့ | Civil Law | Hunan Normal University |
| ၁၀ | မောင်စည်သူဟန် | Mdy-PGP-0570 | ပါရဂူဘွဲ့ | Applied Economics | Hunan University |
| ၁၁ | မခင်နန္ဒာဝင်း | Ygn-PGP-0260 | ပါရဂူဘွဲ့ | Computer Science and Technology | Hunan University |
| ၁၂ | မသဲစုမို | Myw-PGP-0194 | ပါရဂူဘွဲ့ | Developmental and Educational Psychology | Northeast Normal University |
| ၁၃ | မမိကေသီချမ်း | Ygn-PGP-0392 | ပါရဂူဘွဲ့ | Biochemistry and Molecular Biology | Northeast Normal University |
| ၁၄ | မသော်တာလွင် | Mdy-PGP-0655 | ပါရဂူဘွဲ့ | Theory of Education | Northeast Normal University |
| ၁၅ | မောင်မျိုးဝင်းမောင် | Mdy-PGP-0405 | ပါရဂူဘွဲ့ | Environmental Science | Shanghai University |
| ၁၆ | မစည်စည်အင်ကြင်း | Mdy-PGP-0567 | ပါရဂူဘွဲ့ | International Relations | Shandong University |
| ၁၇ | မမြတ်စန္ဒာဝင်း | Ygn-PGP-0431 | ပါရဂူဘွဲ့ | Environmental Engineering | Shanghai University |
| ၁၈ | မဝေဝေဖြိုး | Ygn-PGP-0771 | ပါရဂူဘွဲ့ | Environmental Science | Shanghai University |
| ၁၉ | မစိုးစိုးဇော် | Ygn-PGP-0596 | ပါရဂူဘွဲ့ | Mathematics | Shanghai Jiao Tong University |
| ၂၀ | မောင်အောင်နိုင်ဝင်း | Mdy-PGP-0015 | ပါရဂူဘွဲ့ | Crop Science | Southwest University |
| ၂၁ | မစိမ်းမို့မို့လှိုင် | MLM-PGP-0058 | ပါရဂူဘွဲ့ | Marine Science | Ocean University of China |
| ၂၂ | မမြတ်ဆုဟန် | Yan-PGP-0432 | ပါရဂူဘွဲ့ | Business Management | University of International Business and Economics |
| ၂၃ | မောင်ရန်အောင်မိုး | Ygn-PGP-0813 | ပါရဂူဘွဲ့ | Physics | University of Science and Technology Beijing |
| ၂၄ | မသဲယုမော် | Mdy-PGP-0659 | ပါရဂူဘွဲ့ | Law | University of International Business and Economics |
| ၂၅ | မမြတ်ဆုမွန်ဟိန်း | Mdy-PGP-0378 | ပါရဂူဘွဲ့ | International Law | Zhongnan University of Economics & Law |
| ၂၆ | မောင်လိန်းကီးထန်း | Myw-PGP-0102 | ပါရဂူဘွဲ့ | Higher Education | Zhejiang Normal University |
| ၂၇ | မအိမ့်သင်ဇာကျော် | YGN-PGM-0004 | မဟာဘွဲ့ | Library Science | Central China Normal University |
| ၂၈ | မောင်ကမ်တုန်တွောင် | Myw-PGM-0030 | မဟာဘွဲ့ | Comparative Education | Beijing Normal University |
| ၂၉ | မကြည်အေးနွယ် | Ygn-PGM-0288 | မဟာဘွဲ့ | Environmental Science | University of Science and Technology Beijing |
| ၃၀ | မခိုင်ဇာသင်း | Mdy-PGM-0181 | မဟာဘွဲ့ | Clinical Laboratory Science | Wuhan University |
| ၃၁ | မစုဟန်မျိုး | Mdy-PGM-0456 | မဟာဘွဲ့ | Radiology and Nuclear Medicine | Wuhan University |
| ၃၂ | မဥမ္မာမြင့် | Ygn-PGM-0430 | မဟာဘွဲ့ | Radiology and Nuclear Medicine | Wuhan University |
| ၃၃ | မခြူးမျက်သွယ် | Ygn-PGM-0077 | မဟာဘွဲ့ | Civil Law and Commercial Law | Xi'an Jiaotong University |
| ၃၄ | မကေဇင်ထွန်း | Ygn-PGM-0214 | မဟာဘွဲ့ | Business Administration | Wuhan University of Technology |
| ၃၅ | မရွှန်းလဲ့မြင့် | Ygn-PGM-0499 | မဟာဘွဲ့ | Management Science | Xi'an Jiaotong University |
| ၃၆ | မကြာညိုသန့် | Ygn-UG-0135 | ဘွဲ့ကြို | Business Administration | Fudan University |
| ၃၇ | မသက်ထားဆွေ | Ygn-UG-0325 | ဘွဲ့ကြို | Business Administration | Fudan University |



## ငမိုးရိပ်ရေလှောင်တမံ ရေလှောင်ပမာဏ ပြည့်မီသဖြင့် ရေပိုလွှဲမှ ရေထုတ်လွှတ်လျက်ရှိ

**နေပြည်တော် ဩဂုတ် ၆**

ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ်ရှိ ငမိုးရိပ်ရေလှောင်တမံ၏ ရေသိုလှောင်နိုင်မှုပမာဏမှာ ဧကပေ ၁၈၀၀၀၀၊ လက်ရှိရေလှောင်ပမာဏမှာ ဧကပေ ၁၈၁၆၀၀ ဖြစ်ပြီး ရေလှောင်တမံ၏ အမြင့်မှာ ပေ ၁၂၀၊ ကန်ရေပြည့်ရေအမှတ်မှာ ၁၀၇ ပေနှင့် လက်ရှိရေအမှတ်မှာ ၁၀၇ ဒသမ ၂ ပေဖြစ်၍ ရေပိုလွှဲမှ သုည ဒသမ ၂ ပေ ရေထုတ်လွှတ်လျက်ရှိသည်။**(ဓါတ်ပုံ)** ရေလှောင်ပမာဏနှင့် ဆည်တာတမံကြံ့ခိုင်မှုအတွက် ရေကင်းများချထားပြီး စောင့်ကြပ်ဆောင်ရွက်လျက်ရှိကြောင်းနှင့် ရေလှောင်တမံမှာ ခိုင်ခံ့ကောင်းမွန်မှုရှိကြောင်း သိရသည်။

ငမိုးရိပ်ရေလှောင်တမံတွင် သတ်မှတ်ရေလှောင်ပမာဏထက်ပိုမိုပါက ရေပိုလွှဲမှတစ်ဆင့် ငမိုးရိပ်ချောင်းအတွင်းသို့ ရေထုတ်လွှတ်ရာ ဒီရေတက်မှုနှင့် တိုက်ဆိုင်ချိန်များတွင် ချောင်းတစ်လျှောက်၌ ရေလျှံမှုများ ဖြစ်ပေါ်လေ့ရှိသော်လည်း လက်ရှိအခြေအနေတွင် စိုးရိမ်ဖွယ်ရာမရှိကြောင်း ရန်ကုန်တိုင်းဒေသကြီး ဆည်မြောင်းဦးစီးဌာနမှ သိရသည်။ **(သတင်းစဉ်)**

# ရေလှောင်တမံကြီးများနှင့် ရေလှောင်တမံများ ကျိုးပေါက်မှုမရှိ ရေကင်းများချထားပြီး စောင့်ကြပ်ကြည့်ရှုလျက်ရှိ

**နေပြည်တော် ဩဂုတ် ၆**

မြန်မာနိုင်ငံတစ်ဝန်းတွင် ယခုရက်ပိုင်းအတွင်း မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ဆည်တာတမံများ ကျိုးပေါက်မှုမရှိစေရေး ရေကင်းများချထားပြီး စောင့်ကြပ်ကြည့်ရှုဆောင်ရွက်လျက်ရှိရာ ယနေ့ညနေ ၆ နာရီ တိုင်းထွာချက်အရ ရေလှောင်တမံကြီး ၄၁ ခုတွင် သတ်မှတ်ရေလှောင်ပမာဏပြည့်မီသဖြင့် ရေပိုလွှဲများမှရေထုတ်လွှတ်လျက်ရှိပြီး တာတမံများကျိုးပေါက်မှုမရှိကြောင်း၊ ရေလှောင်တမံကြီးများနှင့် ရေလှောင်တမံ ၂၁ ခုတွင် သတ်မှတ်ရေလှောင်ပမာဏပြည့်မီခြင်းမရှိသေးကြောင်း လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနမှ သိရသည်။

## သတ်မှတ်ရေလှောင်ပမာဏပြည့်မီသဖြင့် ရေပိုလွှဲမှ ရေထုတ်လွှတ်လျက်ရှိသည့် ရေလှောင်တမံကြီးများ

| စဉ် | ဆည်အမည် | ကန်ရေပြည့် ရေလှောင်ပမာဏ (ဧကပေ) | ရေပိုလွှဲမှ ရေကျော်ကျမှု (ပေ) |
|---|---|---|---|
| ၁။ | ရေဘုတ်ရေလှောင်တမံ | ၂၈၄၇၄ | ၃. ၆၀' |
| ၂။ | လိုင်ဗားရေလှောင်တမံ | ၁၉၅၄ | ၁. ၀၀' |
| ၃။ | ကင်းတပ်ရေလှောင်တမံ | ၃၈၂၉၅ | ၄. ၆၀' |
| ၄။ | ပေကြီးရေလှောင်တမံ | ၈၁၀၀ | ၁. ၉၀' |
| ၅။ | လင်ပန်းရေလှောင်တမံ | ၁၀၁၈၀ | ၀. ၅၀' |
| ၆။ | ရာဇဂြိုလ်ရေလှောင်တမံ | ၅၂၀၀၀ | ၂. ၃၀' |
| ၇။ | မင်းမြင်ရေလှောင်တမံ | ၁၉၀၁၀ | ၀. ၁၀' |
| ၈။ | သိန်ရင်ရေလှောင်တမံ | ၂၅၂၆၀ | ၁. ၃၀' |
| ၉။ | ကျေးပင်အက်ရေလှောင်တမံ | ၄၄၀၀၀ | ၀. ၂၀' |
| ၁၀။ | မြောက်ယမားရေလှောင်တမံ | ၁၄၀၅၇ | ၂. ၃၀' |
| ၁၁။ | မြောက်ယမားရေကူ ရေလှောင်တမံ | ၁၂၂၉၀၀ | ၂. ၀၀' |
| ၁၂။ | ကန့်ဒေါင့်ရေလှောင်တမံ | ၇၁၉ | ၀. ၁၀' |
| ၁၃။ | ဆွာချောင်းရေလှောင်တမံ | ၂၁၆၃၅၀ | ၀. ၇၀' |
| ၁၄။ | ပသိရေလှောင်တမံ | ၃၀၅၀၀ | ၁. ၁၀' |
| ၁၅။ | မင်းရဲချောင်းရေလှောင်တမံ | ၂၃၅၀ | ၀. ၆၀' |
| ၁၆။ | ငမြွေရေလှောင်တမံ | ၂၃၈၀ | ၀. ၂၀' |
| ၁၇။ | ဘောနီရေလှောင်တမံ | ၃၅၂၀၀ | ၁. ၂၀' |
| ၁၈။ | ပျဉ်ပုံကြီးရေလှောင်တမံ | ၁၁၁၃၀ | ၁. ၅၅' |
| ၁၉။ | မဇင်းရေလှောင်တမံ | ၂၆၁၈၆ | ၁. ၃၀' |
| ၂၀။ | ဇလက်ထော်ရေလှောင်တမံ | ၁၈၉၁၂ | ၁. ၀၀' |
| ၂၁။ | ရွှေပြည်(၃)ရေလှောင်တမံ | ၃၇၀၀ | ၀. ၃၀' |
| ၂၂။ | တောင်နဝင်းရေထိန်းတမံ | ၂၁၁၉၆ | ၀. ၈၂' |
| ၂၃။ | စဉ့်ကူးချောင်းဂေါ်င်း ရေလှောင်တမံ | ၂၂၂၉ | ၀. ၂၀' |
| ၂၄။ | ညောင်ကိုင်းရေလှောင်တမံ | ၁၇၅၉၄ | ၁. ၃၀' |
| ၂၅။ | သဲကောရေလှောင်တမံ | ၅၂၅၀၀ | ၀. ၈၀' |
| ၂၆။ | စလင်းရေလှောင်တမံ | ၁၃၃၀၀၀ | ၁. ၇၀' |
| ၂၇။ | မုန်းချောင်းရေလှောင်တမံ | ၆၇၄၄၀၇ | ၉. ၂၀' |
| ၂၈။ | မန်းရေလှောင်တမံ | ၁၂၀၀၀၀ | ၁. ၁၀' |
| ၂၉။ | ကြီးအုံကြီးဝရေလှောင်တမံ | ၃၁၉၇၀၀ | ၉. ၉၀' |
| ၃၀။ | တောင်ခင်ရန်းရေလှောင်တမံ | ၁၁၇၂၆ | ၀. ၂၀' |
| ၃၁။ | ရင်းရှည်ရေလှောင်တမံ | ၂၆၀၀ | ၀. ၁၀' |
| ၃၂။ | ဆင်းလမ်းရေလှောင်တမံ | ၆၈၄၆ | ၀. ၄၀' |
| ၃၃။ | ရှောက်ချောင်းရေလှောင်တမံ | ၁၁၄၀ | ၀. ၁၀' |
| ၃၄။ | ဝါးပါးရေလှောင်တမံ | ၄၁၅၀ | ၀. ၂၅' |
| ၃၅။ | ငမိုးရိပ်ရေလှောင်တမံ | ၁၈၀၀၀၀ | ၀. ၂၀' |
| ၃၆။ | ဘန့်ဘွေးကုန်းရေလှောင်တမံ | ၁၇၃၅ | ၀. ၉၅' |
| ၃၇။ | ဇာမဏီအင်းရေလှောင်တမံ | ၅၁၆၄ | ၀. ၇၅' |
| ၃၈။ | ကွန်ချောင်းရေလှောင်တမံ | ၉၈၄၀၀ | ၀. ၄၀' |
| ၃၉။ | မမြရေလှောင်တမံ | ၇၁၄၀၀ | ၀. ၃၀' |
| ၄၀။ | နန်ကသူရေလှောင်တမံ | ၄၀၄၈၇ | ၀. ၁၀' |
| ၄၁။ | ကညင်ရေလှောင်တမံ | ၁၄၅၀၀၀ | ၁. ၆၀' |

## ရေပိုလွှဲမှ ရေကျော်ခြင်းမရှိသည့် ရေလှောင်တမံကြီးများ

| စဉ် | ဆည်အမည် | ကန်ရေပြည့် ရေလှောင်ပမာဏ (ဧကပေ) | လက်ရှိရေလှောင် ပမာဏ(ဧကပေ) | ရေပိုလွှဲမှရေကျော် ရန်လိုအပ်မှု(ပေ) |
|---|---|---|---|---|
| ၁။ | ကင်းသာရေလှောင်တမံ | ၇၂ | ၆၁ | ၁. ၆၀' |
| ၂။ | မုံချောင်းရေလှောင်တမံ | ၅၂၅ | ၄၃၈ | ၁. ၅၀' |
| ၃။ | ဆင်သေရေလှောင်တမံ | ၁၄၃၀၉၀ | ၃၄၇၂၉ | ၂၅. ၉၀' |
| ၄။ | မြို့လှ(တပ်ကုန်း)ရေလှောင်တမံ | ၁၄၆၀၀ | ၇၀၂၀ | ၁၂. ၈၀' |
| ၅။ | ရေဆင်းဆည် | ၇၃၀၀၀ | ၁၈၈၂၀ | ၂၇. ၆၀' |
| ၆။ | ပေါင်းလောင်းရေလှောင်တမံ | ၅၄၉၄၂၀ | ၅၂၄၉၂၄ | ၆. ၂၄' |
| ၇။ | ငလိုက်ဆည် | ၇၅၀၀၀ | ၄၃၁၂၃ | ၉. ၈၀' |
| ၈။ | တောက်ပြိုရေလှောင်တမံ | ၂၄၉၁ | ၁၆၂၈ | ၆. ၆၁' |
| ၉။ | ချောင်းမငယ်ရေလှောင်တမံ | ၉၁၇၇၀ | ၆၆၅၁၈ | ၉. ၂၅' |
| ၁၀။ | သဲဖြူရေလှောင်တမံ | ၈၇၁၈ | ၅၇၆၅ | ၅. ၈၅' |
| ၁၁။ | မဒန်းရေလှောင်တမံ | ၃၆၅၀၀ | ၁၇၂၅၃ | ၂၁. ၃၅' |
| ၁၂။ | ဖောင်းလောင်ရေလှောင်တမံ | ၁၂၂၅၇ | ၉၁၃၂ | ၅. ၀၅' |
| ၁၃။ | လှိုင်နန်းဖရေထိန်းတမံ | ၁၅၀၈ | ၁၂၈၂ | ၃. ၀၀' |
| ၁၄။ | သဖန်းဆိပ်ရေလှောင်တမံ | ၂၈၈၀၀၀၀ | ၂၇၈၆၈၀၆ | ၀. ၈၅' |
| ၁၅။ | ခပေါင်းရေလှောင်တမံ | ၈၇၈၅၇၀ | ၄၆၉၃၀၂ | ၃၄. ၇၅' |
| ၁၆။ | ကိုဒူကွဲရေလှောင်တမံ | ၁၄၈၃၆၄ | ၈၁၃၈၉ | ၁၃. ၀၀' |
| ၁၇။ | ရွှေလောင်းရေလှောင်တမံ | ၁၀၀၀၂၄ | ၃၅၉၆၉ | ၂၁. ၆၀' |
| ၁၈။ | စလူရေလှောင်တမံ | ၉၀၀၀၀ | ၄၇၈၀၀ | ၁၂. ၂၅' |
| ၁၉။ | ဆည်တော်ကြီးဆည် | ၃၆၂၈၅၀ | ၃၃၁၂၂၀ | ၄. ၄၀' |
| ၂၀။ | ကင်းတားဆည် | ၈၇၃၅၈၀ | ၁၉၁၆၁၆ | ၈၉. ၃၉' |
| ၂၁။ | ဇော်ဂျီရေလှောင်တမံ | ၅၁၇၈၆၃ | ၈၀၃၉၈ | ၆၀. ၂၀' |

(သတင်းစဉ်)

# ဒါးကမြစ်ရေ မြင့်တက်လာမှုကြောင့် ကျောင်းကုန်းမြို့တွင် ရေစတင်နစ်မြုပ်

**ကျောင်းကုန်း ဩဂုတ် ၆**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ကျောင်းကုန်းမြို့တွင် ဒါးကမြစ်ရေလျှံတက်လာမှုကြောင့် ရပ်ကွက်၊ ကျေးရွာများမှ ရေဘေးသင့်အိမ်ထောင်စု ၃၂၆ စု၊ လူဦးရေ ၁၃၀၉ ဦးရှိပြီး စာသင်ကျောင်း နှစ်ကျောင်း၊ လယ်မြေ ၄၄၇၉၄၅ ဧက ရေနစ်မြုပ်နေပြီ ဖြစ်ကြောင်း သိရသည်။

ထို့ကြောင့် ထွေ/အုပ် ရုံးဝင်းအတွင်းရှိ အေးချမ်းသာယာခန်းမ၌ ယနေ့နံနက် ၁၀ နာရီတွင် ရေဘေးအန္တရာယ်ကယ်ဆယ်ရေးလုပ်ငန်းများ လုပ်ဆောင်ရန် ထပ်မံဆွေးနွေးခဲ့ကြသည်။

အခမ်းအနားသို့ တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်များ၊ မြို့နယ်စီမံခန့်ခွဲမှု ကော်မတီဝင်များ၊ မြို့နယ်ဖွံ့ဖြိုး တိုးတက်ရေး အထောက်အကူပြု ကော်မတီဝင်များ၊ မြို့နယ်စည်ပင် သာယာရေးကော်မတီဝင်များ၊ ဌာနဆိုင်ရာများ၊ အုပ်ချုပ်ရေးမှူးများနှင့် လူမှုရေးအသင်းအဖွဲ့များ ဝိုင်းဝန်းဆွေးနွေးခဲ့ကြသည်။

ကျောင်းကုန်းမြို့တွင် ဒါးကမြစ်ရေတက်လာသည်နှင့်အမျှ အခြေခံစားသောက်ကုန်ဈေးနှုန်းလည်း မြင့်တက်လာသည့်အတွက် ဒေသခံပြည်သူများ စိုးရိမ်နေကြကြောင်းသိရသည်။

**ဝင်းကြိုင်(မြန်/ဆက်)**

# ဟင်္သာတ ငဝန်ရေကာတာ ရေကင်းအမှတ်(၆)အနီး တာအက်ကြောင်းပေါ်မှုကြောင့် ဝိုင်းဝန်းပြုပြင်

**ဟင်္သာတ ဩဂုတ် ၆**

ဟင်္သာတခရိုင် ဟင်္သာတမြို့နယ်၌ ဩဂုတ် ၆ ရက် မွန်းတည့် ၁၂ နာရီခန့်က ဓမ္မိ-ဟင်္သာတ ငဝန်ရေကာတာ ရေကင်းစခန်းအမှတ်(၆) တာမိုင် နှစ်မိုင်လေးဖာလုံ လိပ်ချောင်းအုပ်စု ဘဲကင်းကျေးရွာအနီးရေကာတာ မြစ်ရေနစ်မြုပ်မှု အချိန်ကြာလာ၍ တာအက်ကြောင်းပေါ်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

အဆိုပါ ဖြစ်ပွားရာနေရာသို့ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင်အောင်ဝင်း၊ ဟင်္သာတမြို့နယ် ဆည်မြောင်းဦးစီးဌာန ဦးဇော်မွန်ရီ (ဒုတိယဦးစီးမှူး- SAE) နှင့် ရေကင်းစခန်းတာဝန်ရှိသူများ၊ လိပ်ချောင်းအုပ်စုအတွင်းရှိ ဒါးက၊ ဘဲအင်း၊ ကြက်တူရွေး၊ သုံးမြေဆိုင်ကျေးရွာများနှင့် ဘုရားကုန်းအုပ်စုနှင့် ကော်ဇံအုပ်စုတို့မှ ဒေသခံပြည်သူများ၊ လူမှုရေးအသင်းအဖွဲ့များ စုစုပေါင်းအင်အား ၆၀၀ ခန့်က ဝိုင်းဝန်း၍ သဲအိတ်များချခြင်း၊ ရေခွေခွေခြင်းများပြုလုပ်ကာ အပြင်းအထန်ကြိုးစားမှုကြောင့် ညနေ ၅ နာရီခွဲခန့်တွင် တာကျိုးပေါက်မှုမရှိအောင် ဆောင်ရွက်နိုင်ခဲ့ကြောင်းသိသည်။

**(ခရိုင်ပြန်/ဆက်)**

# လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန ၂၀၁၅ ခုနှစ် ဇွန်လ၊ ဇူလိုင်လနှင့် ဩဂုတ်လအတွင်း သီးနှံများရေကြီးနစ်မြုပ်မှု၊ ထိခိုက်ပျက်စီးမှုနှင့် မိုးစပါးစုဆောင်းဖြန့်ဖြူးခဲ့မှုအခြေအနေ

**နေပြည်တော် ဩဂုတ် ၆**

| စဉ် | တိုင်းဒေသကြီး/ပြည်နယ် | သီးနှံစုစုပေါင်း | | | | | မိုးစပါးစုဆောင်းပြီး | | မိုးစပါးဖြန့်ဖြူးပြီး | |
|---|---|---|---|---|---|---|---|---|---|---|
| | | ရေမြုပ် | ရေပြန်ပေါ် | ထိခိုက် | ပျက်စီး | ပြန်စိုက် | တင်း | ကီလို | တင်း | ကီလို |
| ၁။ | နေပြည်တော် | ၂၃ | ၂၃ | - | - | - | - | - | - | - |
| ၂။ | ကချင်ပြည်နယ် | ၃၀၀၀၈ | ၂၈၄၅၆ | ၁၂၂၄၈ | ၉၇၆၄ | ၁၇ | ၁၇၅၀ | ၁၅၅၂ | - | ၁၃၈၀ |
| ၃။ | ကရင်ပြည်နယ် | ၁၁၆၂ | ၁၁၃၂ | ၅၉၆ | ၅၆ | - | ၅၀၀ | - | - | - |
| ၄။ | ချင်းပြည်နယ် | ၂၃၂၀ | ၂၀၆၃ | ၂၁၂၀ | ၈၆၇ | - | - | - | - | - |
| ၅။ | စစ်ကိုင်းတိုင်းဒေသကြီး | ၁၈၅၉၂၅ | ၁၃၀၇၀၈ | ၁၀၉၆၂၉ | ၅၄၁၁၁ | ၁၅၅၂ | ၄၀၈၅၀ | - | ၄၀၈၅၀ | - |
| ၆။ | ပဲခူးတိုင်းဒေသကြီး | ၃၄၅၁၈၄ | ၁၂၅၉၄၅ | ၁၃၅၅၃ | ၅၄၀၇ | - | ၂၂၉၇၅ | ၇၀၀၀၀ | - | - |
| ၇။ | မကွေးတိုင်းဒေသကြီး | ၈၉၃၈၀ | ၆၄၅၄၇ | ၈၆၈၄၁ | ၁၀၀၀၅ | - | ၇၅၀၀ | - | - | - |
| ၈။ | မန္တလေးတိုင်းဒေသကြီး | ၃၄၉၃ | ၃၃၅၈ | ၁၀၁ | ၉ | - | ၁၈၆၅၀ | - | ၁၈၆၅၀ | - |
| ၉။ | မွန်ပြည်နယ် | ၁၃၀၁၀ | ၁၂၉၂၈ | ၃၁၆ | - | - | ၁၆၃၂၀ | - | - | - |
| ၁၀။ | ရခိုင်ပြည်နယ် | ၂၉၁၂၁၉ | ၂၅၂၁၇၆ | ၂၇၃၁၅၄ | ၁၀၇၆၄၁ | ၇၂၅ | ၁၄၅၅၀ | - | ၁၅၀၀ | - |
| ၁၁။ | ရန်ကုန်တိုင်းဒေသကြီး | ၆၃၁၉၉ | ၂၄၂၀၈ | ၁၁၃၂၀ | ၁၁၅ | - | ၅၅၀၀ | - | - | - |
| ၁၂။ | ရှမ်းပြည်နယ် | ၁၁၁၆၁ | ၉၃၅၇ | ၁၅၅၆ | ၄၄၀ | ၇၄ | ၁၄၁၈၂ | ၁၀၂၆၃ | - | - |
| ၁၃။ | ဧရာဝတီတိုင်းဒေသကြီး | ၁၇၉၆၈၉ | ၇၂၅၅၇ | ၅၇၄၃၉ | ၄၃၉၁၅ | - | ၃၀၁၀၀ | - | - | - |
| | **စုစုပေါင်း** | **၁၂၁၅၇၇၃** | **၇၂၇၄၅၈** | **၅၆၈၈၇၄** | **၂၃၂၃၃၀** | **၂၃၆၈** | **၁၇၂၈၇၇** | **၈၁၈၁၅** | **၆၁၀၀၀** | **၁၃၈၀** |

# ရေဘေးသင့်ခဲ့သည့် အခြေခံပညာကျောင်း (၂၉၆၈) ကျောင်း ပြန်လည်ထူထောင်ရေးအတွက် ၂၀၁၅ ခု၊ ဩဂုတ်လတွင် ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များ

မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် ဇွန်၊ ဇူလိုင်လများအတွင်း မိုးသည်းထန်စွာ ရွာသွန်းခဲ့သဖြင့် တိုင်းဒေသကြီးနှင့်ပြည်နယ်(၁၁)ခုတွင် ရေကြီးရေလျှံမှုများကြောင့် အခြေခံပညာကျောင်းပေါင်း ၁၃၈၇ ကျောင်းခေတ္တပိတ်ထားခဲ့ရာ ၎င်းကျောင်းများရှိ ကျောင်းသား ကျောင်းသူများအတွက် ပညာရေးဝန်ကြီးဌာန အခြေခံပညာဦးစီးဌာနမှ တိုင်းဒေသကြီးနှင့် ပြည်နယ်ပညာရေးမှူးရုံးများသို့ ဩဂုတ် ၃ ရက်မှစ၍ ဗလာစာအုပ် (၁၆၀၀၀၀)ဒါဇင်၊ ခဲတံ(၅၃၃၄၀)ဒါဇင်နှင့် ဘောပင် (၂၆၆၇၂)ဒါဇင် စုစုပေါင်းငွေကျပ်သန်း(၃၁၇ ဒသမ ၃၄၄)တန်ဖိုးရှိ စာရေးကိရိယာများကို ပေးပို့လျက်ရှိသည်။

ထို့ပြင်ရေဘေးသင့်ခဲ့သည့် (ပြန်ဖွင့်ပြီး ကျောင်းများ အပါအဝင်) (၂၉၆၈) ကျောင်းပြန်လည်ထူထောင်ရေးအတွက် ၂၀၁၅ ခု၊ ဩဂုတ်လတွင် ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များမှာ အောက်ပါအတိုင်း ဖြစ်သည်-

**(က) ကျောင်းထောက်ပံ့ကြေးကြိုတင်ထုတ်ပေးခြင်း**

၂၀၁၅ ခု၊ အောက်တိုဘာလတွင် ထုတ်ပေးရမည့် ဒုတိယအကြိမ် ကျောင်းထောက်ပံ့ကြေး ရန်ပုံငွေများကို ၂၀၁၅ ခု၊ ဩဂုတ်လ ဒုတိယအပတ်တွင် အောက်ပါနှုန်းထားများအတိုင်း ထုတ်ပေးမည်ဖြစ်ပါသည်-

**-အလယ်တန်း၊ မူလတန်းဆင့် ကျောင်းများအတွက် ကျောင်းထောက်ပံ့ကြေး ပေးရန်**

| စဉ် | အကြောင်းအရာ | နှုန်း(ကျပ်သိန်း) |
|---|---|---|
| | **မူဆင့်၊ လယ်ဆင့်ကျောင်းများ (ဘက အပါအဝင်)** | |
| ၁ | ကျောင်းသား(၅၀)ဦးအထိ ကျောင်းဦးရေ | ၂ |
| ၂ | ကျောင်းသား(၅၁)ဦးမှ (၁၀၀) ဦးအထိကျောင်းဦးရေ | ၄ |
| ၃ | ကျောင်းသား(၁၀၁)ဦးမှ (၂၀၀)ဦးအထိ ကျောင်းဦးရေ | ၅ |
| ၄ | ကျောင်းသား(၂၀၁)ဦးမှ (၃၀၀) ဦးအထိကျောင်းဦးရေ | ၆ |
| ၅ | ကျောင်းသား(၃၀၁)ဦးမှ (၄၀၀) ဦးအထိကျောင်းဦးရေ | ၇ |
| ၆ | ကျောင်းသား(၄၀၁)ဦးမှ (၅၀၀) ဦးအထိကျောင်းဦးရေ | ၈ |
| ၇ | ကျောင်းသား(၅၀၁) ဦးနှင့်အထက်ကျောင်းဦးရေ | ၉ |

**-အထက်တန်းဆင့်ကျောင်းများအတွက် ကျောင်းထောက်ပံ့ကြေးပေးရန်**

( တစ်ကျောင်းလျှင် ၂. ၅ သိန်းနှုန်း) + (ကျောင်းသားဦးရေ × ၁၇၅၀ကျပ်နှုန်း)

ကျောင်းထောက်ပံ့ကြေး ဒုတိယအကြိမ်ထုတ်ပေးရမည့် ငွေပမာဏသည် ကျောင်းသားဦးရေအပေါ် မူတည်ပြီး တွက်ချက်ရခြင်းဖြစ်၍ ထပ်မံထုတ်ပြန်ပေးမည်ဖြစ်သည်-

**(ခ) ရေဘေးသင့်ကျောင်းများ၏ သန့်စင်ခန်းများသန့်ရှင်းရေးနှင့် လိုအပ်သည်များ ပြုပြင်ခြင်း**

| စဉ် | အကြောင်းအရာ | ကျောင်းအရေအတွက် | နှုန်း (ကျပ်သိန်း) | သုံးစွဲရန် လျာထားငွေ (ကျပ်သိန်း) |
|---|---|---|---|---|
| ၁ | အထက်တန်း | ၁၈၂ | ၃ | ၅၄၆ |
| ၂ | အလယ်တန်း | ၄၄၄ | ၂ | ၈၈၈ |
| ၃ | မူလတန်း | ၂၃၄၂ | ၁ | ၂၃၄၂ |
| | စုစုပေါင်း | ၂၉၆၈ | | ၃၇၇၆ |

ရေဘေးသင့်ကျောင်းများတွင် သန့်စင်ခန်းများပျက်စီးမှုကြောင့် အသစ်ထပ်မံတည်ဆောက်ရန်လိုအပ်ပါက ပျက်စီးဆုံးရှုံးမှုအခြေအနေအရ ဆောင်ရွက်ပေးမည်ဖြစ်သည်-

**(ဂ) ရေဘေးသင့်ကျောင်းများ ရွှံ့နွံများဆေးကြောခြင်းနှင့် လိုအပ်သည်များပြုပြင်ခြင်း**

| စဉ် | အကြောင်းအရာ | ကျောင်းအရေအတွက် | နှုန်း (ကျပ်သိန်း) | သုံးစွဲရန် လျာထားငွေ (ကျပ်သိန်း) |
|---|---|---|---|---|
| ၁ | အထက်တန်း | ၁၈၂ | ၃ | ၅၄၆ |
| ၂ | အလယ်တန်း | ၄၄၄ | ၂ | ၈၈၈ |
| ၃ | မူလတန်း | ၂၃၄၂ | ၁ | ၂၃၄၂ |
| | စုစုပေါင်း | ၂၉၆၈ | | ၃၇၇၆ |

**(ဃ) သန့်ရှင်းသော ရေရရှိရေးအတွက် ရေတိုင်ကင်ပြုလုပ်ခြင်း(ရေတွင်းတူးခြင်းအပါအဝင်)**

| စဉ် | အကြောင်းအရာ | ကျောင်းအရေအတွက် | နှုန်း (ကျပ်သိန်း) | သုံးစွဲရန် လျာထားငွေ (ကျပ်သိန်း) |
|---|---|---|---|---|
| ၁ | ရေဘေးသင့်ကျောင်း | ၂၉၆၈ | ၃ | ၈၉၀၄ |

**(င) ရေဘေးသင့်ကျောင်းများမှ ကလေးသူငယ်များအား အာဟာရ ကျွေးမွေးခြင်း**

| စဉ် | အကြောင်းအရာ | ကျောင်းအရေအတွက် | နှုန်း (ကျပ်သိန်း) | သုံးစွဲရန် လျာထားငွေ (ကျပ်သိန်း) |
|---|---|---|---|---|
| ၁ | ရေဘေးသင့်ကျောင်း | ၂၉၆၈ | ၂ | ၅၉၃၆ |

**(စ) ရေဘေးသင့်ကျောင်းများသို့ စာသင်ခုံများ ထောက်ပံ့ပေးခြင်း**

| စဉ် | အကြောင်းအရာ | ကျောင်းအရေအတွက် | တစ်ကျောင်းအတွက် ဦးရေ | နှုန်း (ကျပ်) | သုံးစွဲရန် လျာထားငွေ (ကျပ်သိန်း) |
|---|---|---|---|---|---|
| ၁ | ရေဘေးသင့် ကျောင်း | ၂၉၆၈ | ၅၀ | ၅၀၀၀ | ၇၄၂၀ |

**(ဆ)ကယ်ဆယ်ရေးစခန်းအဖြစ် ပြုလုပ်သည့်ကျောင်းများအတွက် ပြင်ဆင်စရိတ် ခွဲဝေခြင်း**

ကယ်ဆယ်ရေးစခန်းအဖြစ် ပြုလုပ်ထားသော ကျောင်း(၆၆)ကျောင်းတွင် သန့်ရှင်းရေး၊ ပြန်လည်မွမ်းမံရေးတို့အတွက် ဆက်လက်စီမံဆောင်ရွက်မည်ဖြစ်သည်-

**(ဇ) ရေဘေးသင့် ရှမ်းပြည်နယ်(အရှေ့)နှင့် ရန်ကုန်တိုင်းဒေသကြီးတို့တွင် ကျောင်းသုံးစာရေးကိရိယာများဆက်လက်ထောက်ပံ့ခြင်း**

| စဉ် | တိုင်း/ပြည်နယ် | ဗလာစာအုပ် (ဒါဇင်) | ခဲတံ (ဒါဇင်) | ဘောပင် (ဒါဇင်) | မှတ်ချက် |
|---|---|---|---|---|---|
| ၁ | ရှမ်း(အရှေ့) | ၁၀၀၀၀ | ၃၃၃၄ | ၁၆၆၇ | |
| ၂ | ရန်ကုန်တိုင်း | ၆၀၀၀ | ၂၀၀၀ | ၁၀၀၀ | |

(သတင်းစဉ်)

## နိုင်ငံတော်ဩဝါဒါစရိယ ဆရာတော် ဘဒ္ဒန္တသာသနာဘိဝံသပျံလွန်တော်မူ

**နေပြည်တော် ဩဂုတ် ၆**

မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေမြို့နယ် မြတောင်တိုက် ရွှေဝါဝင်းကျောင်း မဟာနာယက နိုင်ငံတော် ဩဝါဒါစရိယ မဟာမြတ်မုနိရုပ်ရှင်တော်ဘုရားကြီး (အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက) ဘဒ္ဒန္တသာသနာဘိဝံသ ဆရာတော်ကြီးသည်သက်တော်(၉၂)နှစ် သိက္ခာတော် (၇၂) ဝါအရ ၁၃၇၇-ခုနှစ်၊ ဒုတိယဝါဆိုလပြည့်ကျော် ၆ ရက်၊ ၆-၈-၂၀၁၅ ကြာသပတေးနေ့၊ နံနက် ၀၈း၂၀ အချိန်တွင် ဘဝနတ်ထံပျံလွန်တော်မူကြောင်း သာသနာရေးဦးစီးဌာနမှ သိရသည်။ **(ကြေးမုံ)**

## ၂၀၁၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်သူများ တက္ကသိုလ်ဝင်ခွင့်လျှောက်ထားရန် ကြေညာ

**ရန်ကုန် ဩဂုတ် ၆**

၂၀၁၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်သူများသည် တက္ကသိုလ်ဝင်ခွင့်လျှောက်ထားနိုင်ရန်အတွက် မိမိတို့စာမေးပွဲဖြေဆိုခဲ့ကြသော စာစစ်ဌာနကြီးကြပ်ရေးမှူးများ (အခြေခံပညာ အထက်တန်းကျောင်းအုပ်ကြီးများ)ထံတွင် အမှတ်စာရင်း၊ အရည်အချင်းမှတ်တမ်းချုပ် ရမှတ်အဆင့်၊ တက္ကသိုလ်ဝင်ခွင့်လမ်းညွှန်စာအုပ်နှင့် တက္ကသိုလ်ဝင်ခွင့်လျှောက်ထားရမည့် ပုံစံအိတ်ကို ဩဂုတ် ၁၄ ရက် (သောကြာနေ့)မှစ၍ ကိုယ်တိုင်ထုတ်ယူကြရန်ဖြစ်သည်။

အဆိုပါ တက္ကသိုလ်ဝင်ခွင့်လျှောက်လွှာများကို ဩဂုတ် ၁၉ ရက်မှ စက်တင်ဘာ ၅ ရက် အထိ စနေ၊ တနင်္ဂနွေ ရုံးပိတ်ရက်များအပါအဝင် (ပိတ်ရက်မရှိ) အဆင့်မြင့်ပညာဦးစီးဌာန (ရန်ကုန်ရုံးခွဲ)တွင် လျှောက်ထားနိုင်ကြောင်း၊ အသေးစိတ်သိရှိလိုပါက အဆင့်မြင့်ပညာဦးစီးဌာန (ရန်ကုန်ရုံးခွဲ) သထုံလမ်း ကမာရွတ်မြို့နယ် ရန်ကုန်မြို့ ဖုန်း ၅၃၇၆၇၇ နှင့် ၅၂၅၆၁၂ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သတင်းရရှိသည်။ **(ပညာရေး)**

## မိကျောင်းမွေးမြူရေးစခန်းမှမိကျောင်းများ ထိန်းသိမ်းထားရှိ

**နေပြည်တော် ဩဂုတ် ၆**

သာကေတမြို့နယ် စက်မှုဇုန်ရပ်ကွက် မြခွာညိုလမ်းရှိ သာကေတမိကျောင်းမွေးမြူရေးစခန်းသည် မြန်မာနိုင်ငံတွင် အရွယ်စုံ မိကျောင်းကောင်ရေအများဆုံး မွေးမြူပြသထားသည့် တစ်ခုတည်းသော စခန်းဖြစ်ပြီး စခန်းအတွင်းရှိ မိကျောင်းများကို လုံခြုံစိတ်ချအန္တရာယ်ကင်းအောင် ထိန်းသိမ်းထားရှိသည်။

သဘာဝဘေးအန္တရာယ်နှင့်ရေကြီးရေလျှံမှုဖြစ်ပွားစဉ်တွင်ပင် မိကျောင်းများလွတ်ထွက်မှုအန္တရာယ်မရှိစေရေးစိတ်ချရသည့် အကာအရံများဖြင့် စီမံဆောင်ရွက်ထားရှိကြောင်း မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန ငါးလုပ်ငန်းဦးစီးဌာနမှ သိရသည်။

**(သတင်းစဉ်)**

## မြန်မာ-တရုတ် ချစ်ကြည်ရေးအသင်းအလှူရှင်များက သဘာဝဘေးအန္တရာယ်ကျရောက်သောဒေသများရှိ ဘုန်းတော်ကြီးကျောင်းများနှင့် သီလရှင်ကျောင်းများသို့ လှူဖွယ်ပစ္စည်းများလှူဒါန်း

**နေပြည်တော် ဩဂုတ် ၆**

မြန်မာနိုင်ငံတစ်ဝန်း ရေကြီးရေလျှံမှု သဘာဝဘေးအန္တရာယ်များ ကြုံတွေ့လျက်ရှိရာ ဘာသာရေး၊ လူမှုရေးအသင်းအဖွဲ့များနှင့် ပြည်သူလူထုတစ်ရပ်လုံးက ပါဝင်ကူညီလှူဒါန်းလျက်ရှိရာတွင် မြန်မာ-တရုတ် ချစ်ကြည်ရေးအသင်း အလှူရှင်များ ဦးဆောင်၍ သဘာဝဘေးအန္တရာယ်ကျရောက်သော ဒေသများရှိ ဘုန်းတော်ကြီးကျောင်းများနှင့် သီလရှင်ကျောင်းများသို့ လှူဖွယ်ပစ္စည်းများလှူဒါန်းခဲ့ကြသည်။

မြန်မာ-တရုတ် ချစ်ကြည်ရေးအသင်းမှ ရေဘေးသင့်ဒေသများရှိ ဘုန်းတော်ကြီးကျောင်းများနှင့် သီလရှင်ကျောင်းများသို့ သင်္ကန်းဒွိစုံ ၁၀၀၀၊ သပိတ် ၁၀၀၀၊ ဖိနပ် အရံ ၅၀၀၊ ထီး ၅၀၀၊ သုံးဆင့်စတီးချိုင့် ၁၀၀၀၊ စတီးဇွန်း ဒါဇင် ၃၀၀၊ သီလရှင်ဝတ်စုံ ၃၀၀ နှင့် ငွေကျပ်သိန်း ၂၀၀ လှူဒါန်းခြင်းကို ယနေ့ မွန်းလွဲ ၁ နာရီက ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် သီရိမင်္ဂလာ ကမ္ဘာအေးကုန်းမြေ ဝိဇယမင်္ဂလာဓမ္မသဘင်ခန်းမ၌ ကျင်းပသည်။

လှူဒါန်းပွဲ အခမ်းအနားသို့ နိုင်ငံတော် သံဃမဟာနာယက အဖွဲ့ဥက္ကဋ္ဌ အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဒေါက်တာဘဒ္ဒန္တကုမာရာဘိဝံသ မန္တလေးမြို့ ဗန်းမော်ကျောင်းတိုက် ဆရာတော်ကြီး အမှူးပြုသော နိုင်ငံတော် သံဃမဟာနာယက ဆရာတော်ကြီးများနှင့် သာသနာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ အလှူရှင်များ တက်ရောက်ခဲ့ကြသည်။

အခမ်းအနားတွင် နိုင်ငံတော်သံဃမဟာနာယက ဒုတိယဥက္ကဋ္ဌ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဩဘာသာဘိဝံသ မန္တလေးမြို့ ဘုရားကြီးကျောင်းတိုက် အတုလကာရီဆင်မင်းကျောင်း ဆရာတော်ထံမှ ငါးပါးသီလခံယူကာ လှူဖွယ်ပစ္စည်းများ လှူဒါန်းရခြင်းနှင့်ပတ်သက်၍ မြန်မာ-တရုတ် ချစ်ကြည်ရေးအသင်းဥက္ကဋ္ဌ ဦးစိန်ဝင်းအောင်က ရှင်းလင်းလျှောက်ထားပြီး လှူဖွယ်ဝတ္ထုပစ္စည်းများအား မြန်မာ-တရုတ် ချစ်ကြည်ရေးအသင်း အတွင်းရေးမှူးနှင့် ဘဏ္ဍာရေးမှူးမိသားစုတို့က ပေးအပ်သည်။

မြန်မာ-တရုတ် ချစ်ကြည်ရေးအသင်းအနေဖြင့် ရေဘေးအန္တရာယ်ရှိနိုင်သော ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသများရှိ ရဟန်းတော်နှင့် သာသနာနွယ်ဝင် သီလရှင်များအတွက် လှူဒါန်းနိုင်ရန် သင်္ကန်းနှင့် ရဟန်းအသုံးအဆောင် ပစ္စည်းများ အလှူခံ စုဆောင်းထားရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



အခြေခံပညာဦးစီးဌာန လှိုင်ကျောင်းသုံးစာအုပ်သိုလှောင်ရုံမှ စာရေးကိရိယာများအား ရေဘေးသင့်ကျောင်းများအတွက် ဤသို့ ပုံပိုးပေးလျက်ရှိသည်ကို တွေ့ရစဉ်။ (သတင်းစဉ်)

ရေဘေးသင့်ပြည်သူများအတွက်
အလှူငွေ နှင့် ပစ္စည်းများ ပါဝင်လှူဒါန်းနိုင်ပါသည်။
ရုံး - အမှတ် ( ၄၂ )ကမ်းနားလမ်း ၊ ဗိုလ်တထောင်မြို့နယ်

# မြန်မာနိုင်ငံတစ်ဝန်း ရေကြီးရေလျှံမှုများကြောင့် သဘာဝဘေးသင့်သူများကို အကူအညီပေးရန် ဖိတ်ခေါ်

**နေပြည်တော် ဩဂုတ် ၆**

ဇွန်လနှင့် ဇူလိုင်လများတွင် မြန်မာနိုင်ငံအတွင်း မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် ရေကြီးရေလျှံမှုများ ဖြစ်ပေါ်ခဲ့သည်။ ဇူလိုင်လအတွင်း ဖြစ်ပေါ်ခဲ့သော မုန်တိုင်းကြောင့် မြန်မာနိုင်ငံ အနောက်ပိုင်းဒေသများတွင် ထိခိုက်ပျက်စီးမှုများ ရှိခဲ့သည်။ တိုင်းဒေသကြီးနှင့် ပြည်နယ် ၁၂ ခုရှိ မြို့နယ်ပေါင်း ၄၃ မြို့နယ်မှ လူဦးရေပေါင်း တစ်သိန်းကျော်တို့သည် ရေဘေးအန္တရာယ်ကို ထိခိုက်ခံစားရလျက်ရှိသည်။

အဆိုပါ ရေဘေးကျရောက်သည့် ဒေသများတွင် မြန်မာနိုင်ငံကြက်ခြေနီအသင်းမှ ကြက်ခြေနီစေတနာ လုပ်အားရှင် ၁၀၀၀ ကျော်နှင့် ဝန်ထမ်း ၂၀ ကျော်တို့က ပြည်သူများအား ဘေးလွတ်ရာသို့ကူညီရွှေ့ပြောင်းပေးခြင်း၊ ရှာဖွေကယ်ဆယ်ခြင်း၊ ထိခိုက်ဒဏ်ရာရသူများကို ရှေးဦးပြုစုပေးခြင်း၊ စိတ်ပိုင်းဆိုင်ရာ အားပေးကူညီမှုများ ပြုလုပ်ပေးခြင်း၊ ပျက်စီးမှုနှင့် လိုအပ်ချက်များကို ဆန်းစစ်လေ့လာမှုများ ပြုလုပ်ခြင်း၊ ဘေးကင်းလုံခြုံရာ ကယ်ဆယ်ရေးစခန်းများသို့ ပို့ဆောင်ပေးခြင်းနှင့် စခန်းများ၊ ခိုလှုံရာနေရာများတွင် ကယ်ဆယ်ရေး အထောက်အပံ့များ ဖြန့်ဝေပေးခြင်းတို့ကို ဆောင်ရွက်လျက်ရှိသည်။

လက်ရှိအချိန်အထိ သန့်ရှင်းရေးအသုံးအဆောင်ပစ္စည်းများ၊ မီးဖိုချောင်သုံးပစ္စည်းများ၊ မိသားစုသုံးပစ္စည်းများ၊ ဆေးစိမ်ခြင်ထောင်များ၊ အမျိုးသမီးတစ်ကိုယ်ရေသုံး (Dignity Kit) များကို ဖြန့်ဝေပေးထားပြီး အရေးပေါ် လိုအပ်နေသော အစားအသောက်များ ဖြန့်ဝေပေးနိုင်ရန် စီစဉ်လျက်ရှိသည်။

သို့ဖြစ်၍ မြန်မာနိုင်ငံအတွင်းရှိ မိဘပြည်သူများအနေဖြင့် နိုင်ငံနှင့်အဝန်း ဖြစ်ပေါ်လျက်ရှိသော ရေဘေးကြောင့် ဘေးဒုက္ခ ကျရောက်ခံစားနေရသူများကို တတ်နိုင်သရွေ့ကူညီနိုင်ရန်အတွက် အောက်ဖော်ပြပါ မြန်မာနိုင်ငံ ကြက်ခြေနီအသင်းသို့ လူကိုယ်တိုင်လာရောက်၍ဖြစ်စေ၊ အောက်တွင်ဖော်ပြထားသည့် ငွေစာရင်းအမှတ်သို့ ငွေလွှဲပြောင်းပေးပို့ခြင်းဖြင့်ဖြစ်စေ အလှူငွေ ထည့်ဝင်နိုင်ပါရန် ဖိတ်ခေါ်အပ်ပါသည်။

**အလှူငွေလွှဲပြောင်းပေးပို့ရန်**
**ငွေစာရင်းအမှတ်၊ ၀၂၇၀ ၁၂၁ ၀၀၀၀ ၈၄၆၃ (အမေရိကန်ဒေါ်လာ)**
**ငွေစာရင်းအမှတ်၊ ၀၂၇၀ ၁၀၁ ၀၀၀၀ ၂၇၇၁ (မြန်မာကျပ်ငွေ)**
**ယူနိုက်တက်အမရဘဏ်၊ သိမ်ဖြူဘဏ်ခွဲ**
**ဆက်သွယ်ရန်**
**ဒေါ်မာမာစိန်၊ ဒုတိယညွှန်ကြားရေးမှူး၊ ဘဏ္ဍာရေးဌာန၊ မြန်မာနိုင်ငံကြက်ခြေနီအသင်း**
**ဖုန်း၊ ၀၉ ၉၇၇ ၁၁ ၅၅၈၀၊ ၀၉ ၄၃၀၈၃၈၆၃**
**အသေးစိတ်သိရှိနိုင်ရန်**
**ဦးကိုကိုကျော်၊ ညွှန်ကြားရေးမှူး၊ အရင်းအမြစ်စုစည်းအသုံးချရေးဌာန၊ မြန်မာနိုင်ငံကြက်ခြေနီအသင်း**
**ဖုန်း၊ ၀၉ ၉၇၇ ၁၁ ၅၅၅၅၊ ၀၉ ၈၆၁ ၀၂၆၂**
**မြန်မာနိုင်ငံကြက်ခြေနီအသင်း (ရန်ကုန်ရုံးခွဲ)**

# ကံမမြို့နယ်တွင် ရေဘေးသင့်ပြည်သူများအား လှူဒါန်းထောက်ပံ့

**ကံမ ဩဂုတ် ၆**

မကွေးတိုင်းဒေသကြီး သရက်ခရိုင် ကံမမြို့နယ်တွင် ဧရာဝတီမြစ်ရေ ဝင်ရောက်လျက်ရှိသော မြို့ပေါ်ရပ်ကွက်များနှင့် ဧရာဝတီမြစ်ကမ်းတစ်လျှောက် ကျေးရွာများရှိ ရေဘေးသင့်ပြည်သူများအား KBZ ဘဏ်မိသားစုနှင့် TOMORROW ဂျာနယ်မိသားစုတို့မှ ကျပ်သိန်း ၂၅၀ ကျော်တန်ဖိုးရှိ ဆန်နှင့်မီးဖိုချောင်သုံးပစ္စည်းများကို ဩဂုတ် ၅ ရက်က လှူဒါန်းခဲ့ပြီး ဒေသခံစေတနာရှင်များနှင့် ရန်ကုန်မြို့မှအလှူရှင်များလည်း လာရောက်လှူဒါန်းလျက်ရှိသည်။ကံမမြို့ အမှတ်(၂)ရပ်ကွက် ရွှေစည်းခုံဘုရားဓမ္မာရုံတွင် ဆရာတော်၊ သံဃာတော်များ၏ ဦးဆောင်မှုဖြင့် ကူညီထောက်ပံ့ရေးစခန်းကို ယာယီဖွင့်လှစ်ထားရှိပြီး လာရောက်လှူဒါန်းကြသောပစ္စည်းများအား ရေဘေးသင့်ပြည်သူများလက်ဝယ်အရောက် ကူညီထောက်ပံ့လှူဒါန်းလျက်ရှိကြောင်းသိရသည်။

**ကျော်ဇေယျဝင်း(iprd)**



# ဧရာဝတီတိုင်းဒေသကြီး၌ ရေကြီးရေလျှံမှုဖြစ်နေစဉ်အတွင်း လျှပ်စစ်အန္တရာယ်ကင်းရှင်းရေးလုပ်ငန်းများဆောင်ရွက်

**ပုသိမ် ဩဂုတ် ၆**

ဧရာဝတီတိုင်းဒေသကြီးအတွင်း မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ရေကြီးရေလျှံမှုများဖြစ်ပေါ်ခဲ့ရာတွင် အချို့မြို့နယ်များ၌ ၁၁/၀.၄ ကေဗွီ ထရန်စဖော်မာ၊ ၁၁ ကေဗွီလိုင်း ၄၀၀ ဗို့လိုင်းများအောက်သို့ ရေများမြင့်တက်လာခြင်း၊ အိမ်သုံးမီတာဆားဗစ်ကြိုးများ ရေမြုပ်ခြင်းတို့ဖြစ်ပေါ်လျက်ရှိသည်။

အဆိုပါ ရပ်ကွက်၊ ကျေးရွာများသို့ လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေးလုပ်ငန်းမှ လိုင်းဝန်ထမ်းများနှင့် ဒု-လက်ထောက်ကြီးကြပ်ရေးမှူး (မီတာ)တို့က သတင်းရယူခြင်း၊ ၆၆ ကေဗွီ၊ ၃၃ ကေဗွီ ခွဲရုံများမှ ၁၁ ကေဗွီ ဖီဒါဓာတ်အား လိုင်းပိတ်၍ အန္တရာယ်ဖြစ်ပေါ်နိုင်သည့် နေရာများရှိ ထရန်စဖော်မာများနှင့် ဓာတ်အားလိုင်းများကို ချန်၍ ရပ်ကွက်၊ကျေးရွာများအား ဓာတ်အားပေးခြင်း၊ ၄၀၀ ဗို့လိုင်းများအား အန္တရာယ် ကင်းရှင်းရေးအတွက် ခေတ္တဓာတ်အားဖြတ်တောက်ခြင်း၊ ရေနစ်မြုပ်နိုင်သည့် အိမ်သုံးမီတာ၊ ဆားဗစ်ကြိုးများ ဓာတ်အားဖြတ်၍ ခေတ္တဖြုတ်သိမ်းခြင်းအား မြို့နယ်အလိုက် ဆောင်ရွက်လျက်ရှိသည်။

အဆိုပါ နေရာများအား မြစ်ရေပြန်လည်ကျဆင်းပြီး အန္တရာယ်ကင်းရှင်းရေး ဆောင်ရွက်ပြီးပါက ဖြုတ်သိမ်း၊ ဖြတ်တောက်ထားသော မီတာများ၊ ဓာတ်အားလိုင်းများအား အမြန်ဆုံးပြန်လည်ဓာတ်အားရရှိရေးအတွက် တိုင်းဒေသကြီး လျှပ်စစ်အင်ဂျင်နီယာမှူးကြီး ကြီးကြပ်ကွပ်ကဲ၍ ဝန်ထမ်းများ၊လိုင်းဝန်ထမ်းများ၊ဒု-လက်ထောက်ကြီးကြပ်ရေးမှူးတို့က အချိန်နှင့်တစ်ပြေးညီ ကြိုးစားဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မောင်တင်လှိုင်(ဟိုတယ်/ခရီး)**

❖

**မုတ်သုံလေ အားကောင်းနေမည်**

**နေပြည်တော် ဩဂုတ် ၆**

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် နောက်နှစ်ရက်အထိ မုတ်သုံလေ ဆက်လက်အားကောင်းနေမည်။

**(ကြေးမုံ)**

# ရေနစ်မြုပ်နေသော ကျေးရွာ (၁၇)ရွာတွင် အစားအစာ၊ သောက်ရေနှင့် ဆေးဝါးများအမှန်တကယ်လိုအပ်နေ

**မင်းဘူး ဩဂုတ် ၆**

ဧရာဝတီမြစ်ရေသည် ဩဂုတ် ၆ရက် ညနေ ၄နာရီအထိ မင်းဘူးမြို့နယ်တွင် ၂လက်မခန့်သာ ကျဆင်းခဲ့ပြီး ရပ်တန့်နေကာ ဇူလိုင် ၂၇ရက်မှ ဩဂုတ် ၅ရက်အထိ တစ်နေ့လျှင် ၂ပေမှ ၃ပေအထိ မြင့်တက်ခဲ့မှုကြောင့် မင်းဘူးမြို့ မြောက်ဘက်ရှိ ကျေးရွာ ၁၇ ရွာတွင် အများစုမှာ ရွာလုံးကျွတ်ရေနစ်မြုပ်မှုနှင့် ကြုံတွေ့နေရပြီး ကယ်ဆယ်ရေးစခန်းများသို့ ပြောင်းရွှေ့နေရကြောင်း သိရသည်။

မင်းဘူးမြို့ မြောက်ဘက်ရှိ မန်းကျိုးရွာ၊ ထုံးမကျိုးရွာ၊ ရွာသစ်ကုန်းရွာ၊ ချင်ထောင်ရွာ၊ ကျွဲချရွာ၊ ရေလယ်ကျွန်းရွာ၊ပေါက်လေးပင်ရွာ၊ ဆယ်ရွာ၊ ပေါင်းငူရွာ၊ သနပ်ပင်စုရွာ၊ ကျောင်းကုန်းလေးရွာ၊ ငွေသောင်ရွာ၊ လက်ပံတောရွာ၊ လေးအိမ်တန်းရွာ၊ မယ်ဘော့ကုန်းရွာ၊အလံမယ်ရွာများမှာ ဧရာဝတီမြစ်ရေတစ်ရှိန်ထိုးဝင်ရောက်မှုကြောင့် ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်နေကြောင်းလည်း သိရသည်။

"ကျွန်တော်တို့ရွာကို ဇူလိုင် ၂၆ရက်၊ ၂၇ရက်နေ့တွေမှာ ရေစဝင်ပါတယ်။ ဇူလိုင် ၂၉ရက်က တစ်ရွာလုံး ရေဝင်ပြီး မြို့နယ်က အမြန်ပြောင်းရွှေ့ကြဖို့ သတင်းဝင်လာလို့ နီးစပ်ရာကုန်းမြင့်ပိုင်းတွေဆီ ညတွင်းချင်း ရွှေ့ပြောင်းခိုင်းရတယ်။ အခုလက်ရှိ ရွာလယ်ပိုင်းမှာ ရေအနက် ၁၀ပေလောက်ထိ ရှိနေပါပြီ"ဟု မန်းကျိုးကျေးရွာအုပ်ချုပ်ရေးမှူး ဦးကြည်စိန်က ပြောသည်။

"ကျွန်တော်တို့ မန်းကျိုးကျေးရွာအုပ်စုမှာ ကယ်ဆယ်ရေးစခန်းတွေ ဖွင့်ပြီး မန်းကျိုးရွာ အိမ်ထောင်စု ၃၂၅ စု လူဦးရေ ၁၄၀၇ ဦး၊ ထုံးမကျိုးရွာ အိမ်ထောင်စု ၁၉၀ လူဦးရေ ၈၆၅ ဦး၊ ရွာသစ်ကုန်း အိမ်ထောင်စု ၇၆ စု လူဦးရေ ၂၁၈ ဦး၊ ချင်ထောင်ရွာ အိမ်ထောင်စု ၆၉ စု လူဦးရေ ၂၀၁ ဦး၊ ကျွဲချရွာ အိမ်ထောင်စု ၁၂၅ စု လူဦးရေ ၅၄၇ ဦးကို ကယ်ဆယ်ရေးစခန်းတွေဖွင့်ပေးပြီး တခြားကျေးရွာတွေက လူတွေလည်း နီးစပ်ရာ ကယ်ဆယ်ရေးစခန်းတွေမှာ ပြောင်းရွှေ့ကယ်ဆယ်ထားရှိပါတယ်" ဟု ၎င်းက ဆက်လက်ပြောသည်။

"ကျွန်တော်တို့ ကျေးရွာအုပ်စု ၅ရွာက မန်းတံတားထိပ်မှာ ကယ်ဆယ်ရေးစခန်း ဖွင့်လှစ်ထားပါတယ်။ အလှူရှင်တွေနေ့တိုင်း လာရောက်လှူဒါန်းကြပါတယ်။ ကယ်ဆယ်ရေးစခန်းတွေမှာ အဓိကလိုအပ်ချက်က သောက်ရေပါ။သောက်သုံးရေ အခက်အခဲလည်း ဖြစ်နေပါတယ်။ ဝမ်းပျက်၊ ဝမ်းလျှောရောဂါတွေဖြစ်နေကြတော့ ရေကိုကျိုချက်သောက်ကြဖို့ နှိုးဆော်ဆောင်ရွက်နေပါတယ်။ ကျန်းမာရေးဆေးခန်းတွေလည်း ဖွင့်လှစ်စေလိုပါတယ်"ဟု မန်းကျိုးကျေးရွာအထောက်အကူပြုအဖွဲ့မှ ကိုမင်းမင်းက ပြောသည်။

"ဒေသဝန်းကျင်က ကျေးရွာတွေပါ အားလုံးရေနစ်မြုပ်နေပြီး အလုပ်အကိုင်လည်း မရှိကြတော့ မိသားစုတွေ စားဝတ်နေရေးအလွန်ခက်ခဲနေပါတယ်။ အလှူရှင်တွေလာရောက်လှူဒါန်းကြပေမယ့် ရေဘေးသင့် ပြည်သူတွေလက်ထဲ အရောက်နည်းနေပါတယ်။ ကယ်ဆယ်ရေးစခန်းတွေ ဖွင့်ထားပေမယ့် ရတဲ့အဖွဲ့က ရ၊ မရတဲ့အဖွဲ့က မရဖြစ်နေပါတယ်။အခုလက်ရှိ ကျွဲ၊ နွား၊ လူအသေအပျောက်မရှိပေမယ့် သောက်သုံးရေနဲ့ ဆန် အမှန်တကယ်လိုအပ်နေပါတယ်"ဟု ၎င်းကပြောသည်။

"ကျေးရွာအတော်များများ တစ်ရွာလုံးရေနစ်မြုပ်နေကြတာတွေ မြင်တွေ့ရတယ်။ ကယ်ဆယ်ရေးစခန်းတွေ ဖွင့်လှစ်ပြီး ကယ်ဆယ်ဆောင်ရွက်နေပေမယ့် လိုအပ်ချက်တွေအများအပြားတွေ့နေရတယ်။ ဒီဘက်ကိုအလှူရှင်တွေအလာနည်းနေတယ်။ အလှူရှင်တော်တော်များများက ပွင့်ဖြူ၊ စေတုတ္တရာ ရေဘေးကယ်ဆယ်ရေးကိုသာ အဓိကထားလှူနေကြတာတွေ့ရတယ်။ ဒီဘက်ကကျေးရွာလေးတွေကိုလည်း လာရောက်လှူဒါန်းစေချင်ပါတယ်"ဟု မကွေးတပ်နယ်မှ တာဝန်ခံအရာရှိတစ်ဦးက ပြောသည်။

ပွင့်ဖြူ၊ စေတုတ္တရာ၊ ငဖဲ၊ စကုစသည့်မြို့များတွင် ရေများသိသိသာသာကျဆင်းနေသော်လည်း မင်းဘူးမြို့အနီးရှိ ကျေးရွာများတွင် ဧရာဝတီမြစ်ရေ တိုးမြင့်လာမှုကြောင့် ရွာလုံးကျွတ်ရေနစ်မြုပ်မှုများဖြစ်ပေါ်နေကြောင်း၊ တပ်မတော်သားများအနေဖြင့် ဒုက္ခရောက်နေသော ရွာသူရွာသားများအား ရေလွတ်ရာကယ်ဆယ်ရေးစခန်းများသို့ ကယ်ဆယ်ကူညီဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ၎င်းကပြောသည်။

ဩဂုတ် ၆ ရက် ညနေ ၄ နာရီတွင် မင်းဘူးမြို့၌ ဧရာဝတီမြစ်ရေသည် ၂ လက်မခန့်သာ ကျဆင်းပြီး ရပ်တန့်နေကြောင်း၊ ရေနစ်မြုပ်သောကျေးရွာများတွင် အစားအသောက်၊ သောက်ရေနှင့် ဆေးဝါးပစ္စည်းများ အမှန်တကယ်လိုအပ်နေကြောင်း ထပ်မံသိရသည်။ **(ကိုကျော်-မင်းဘူး)**

## ပြည်တွင်းရေးရာ

❍ စာမျက်နှာ ၅ မှ

**နှစ်ဖက် သဘောတူနိုင်ခဲ့ပါတယ်။** ပြည်တွင်းသက်သေကိုလည်း မူအားဖြင့် အစိုးရဘက်က တိုင်းရင်းသားတွေ တောင်းဆိုတာကို လိုက်လျောပြီးတော့ အစိုးရဘက်က ပြည်တွင်းသက်သေကို ပြန်တင်ပြနိုင်ခဲ့တော့ ဒီကိစ္စလည်း ပြီးပါပြီ။ နိုင်ငံတကာသက်သေကိုလည်း မူအားဖြင့် သဘောတူကြပြီးပါပြီ။ ဒီနေ့ဆွေးနွေးချက်က စာချုပ်မှာပါတဲ့ နောက်ဆုံးပိုဒ် အပိုင်း(၃၃) အထိကို ရောက်ပါပြီ။ စာချုပ်ရဲ့ နောက်ဆုံးအပိုဒ်(၃၃)မှာ အပိုင်းသုံးပိုင်းပါပါတယ်။ အပိုင်း(၁) စာချုပ်ကို နိုင်ငံတော်ဘက်က ဘယ်သူတွေ လက်မှတ်ရေးထိုးမလဲ။ ဒီကိစ္စက ပြီးပြတ်ပါပြီ။ အပိုင်း (၂) က တိုင်းရင်းသားတွေဘက်က ဘယ် Level (အဆင့်) လက်မှတ်ထိုးမလဲ။ ဆိုလိုတာက ဦးစီးချုပ်၊ ဥက္ကဋ္ဌ၊ အထွေထွေအတွင်းရေးမှူးလို့ အစိုးရဘက်က မှတ်ယူပါတယ်။ ဒါကိုတော့ ကျွန်တော်တို့ဘက်က ပြီးပြတ်တယ်လို့ ခံယူတယ်။ တိုင်းရင်းသားဘက်မှာတော့ ဒါကို သီးခြားသဘောထား ရှိကောင်းရှိပါလိမ့်မယ်။ နောက်ဆုံးအပိုင်း(၃) က ပြည်တွင်းနဲ့ နိုင်ငံတကာသက်သေများပါ။ အဲဒါကလည်း ကျွန်တော်တို့ ဒီနေ့ဆွေးနွေးတဲ့နေရာမှာ အားလုံးနီးပါး ဆွေးနွေးတဲ့အတွက် ကျွန်တော်တို့ဘက်ကတော့ အားလုံးပါဝင်ရေးကလွဲရင် သဘောတူညီချက်တစ်ခုရရှိပြီလို့ သတ်မှတ်ပြီးတော့ မနက်ဖြန်မှာ အချောသပ်ဖို့ ကျွန်တော်တို့ဘက်ကတော့ ဆန္ဒရှိနေပါတယ်။

အစိုးရဘက် အပိုဒ်(၃၃)မှာ အားလုံးပါဝင်ရေး ကိစ္စကို တိုင်းရင်းသား ဘယ် Level (အဆင့်) ထိုးမယ်ဆိုတာကို သတ်မှတ်တယ်လို့ယူဆပြီး တိုင်းရင်းသားဘက်ကတော့ အားလုံးပါဝင်တယ်လို့ယူဆတယ်။ ဒီတစ်ခုပဲ ကျွန်တော်တို့ ညှိဖို့တော့ရှိတယ်။ မနက်ဖြန်မှာတော့ အားလုံးပါဝင်ရေးဆိုတဲ့ကိစ္စကို ဆက်လက်ဆွေးနွေးမှာ ဖြစ်ပါတယ်။

သမ္မတကြီးက ငြိမ်းချမ်းရေးဖိတ်ခေါ်ခဲ့တာ လေးနှစ်ပြည့်ဖို့ရက်ပိုင်းလိုတယ်။ ညှိစရာကတော့ ကျွန်တော်တို့ဘက်က မကျန်တော့ဘူး။ အားလုံးပါဝင်ရေးသည် စာချုပ်မူကြမ်းကို ညှိတာ မဟုတ်ဘဲ စာချုပ်မှာ လက်မှတ်ရေးထိုးတဲ့အဖွဲ့အစည်းတွေကို ညှိတာဖြစ်လို့ ပြည်ထောင်စုအစိုးရဘက်ကတော့ စာချုပ်မူကြမ်းကို မနက်ဖြန်မှာ အချောသပ်ရင် ပြီးပြီလို့ ယူဆပါတယ်။ ကျွန်တော်တို့ဘက်က လွန်ခဲ့တဲ့ နှစ်နှစ်ကျော် ဆွေးနွေးခဲ့စဉ်ကတည်းက အဖွဲ့ကို မရည်ညွှန်းဘဲ ပါဝင်လက်မှတ်ထိုးမယ့်အဆင့် status လို့ ယူဆထားတယ်လို့ တင်ပြထားပါတယ်။



**တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) အတွက် သတင်းစာရှင်းလင်းပွဲ ပြုလုပ်စဉ်။**

**နိုင်ငံတော်သမ္မတနဲ့ ကာကွယ်ရေးဦးစီးချုပ် ဦးဆောင်ပြီး**လက်မှတ်ထိုးမှာဖြစ်တဲ့အတွက် ကျန်တဲ့သူတွေလည်း လက်မှတ်ထိုးပါမယ်လို့ ဝန်ကြီး ဦးအောင်မင်းက ရှင်းပြတဲ့အခါမှာ တိုင်းရင်းသားတွေဘက်က လက်ခံမယ့် အနေအထားရှိပါတယ်။ **တိုင်းရင်းသားတွေ ဘက်ကတော့ သူတို့ နဂိုအဆိုပြုထားတဲ့ သူတို့ရဲ့ဥက္ကဋ္ဌ၊ အထွေထွေအတွင်းရေးမှူး၊ စစ်ဦးစီးချုပ် ဒီလို Level တွေ လက်မှတ်ထိုးမယ်ဆိုတာကိုလည်း အစိုးရဘက်က မူအားဖြင့် လက်ခံပြီးဖြစ်**ပါတယ်။

**ဒုတိယ ဥက္ကဋ္ဌ (၂) ပူးဇင်ကျုံး**
**တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများ၏**
**တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေးဆိုင်ရာ**
**အဆင့်မြင့်ညှိနှိုင်းရေး ကိုယ်စားလှယ်အဖွဲ့ (SD)**

(၈)ကြိမ်အစည်းအဝေးမှာ သဘောတူညီချက်ရခဲ့တာနဲ့ ဆွေးနွေးညှိနှိုင်းခဲ့တာတွေကို ပြန်ပြီးအတည်ပြုချက်ရယူပါတယ်။ ကျွန်တော်တို့ အဆင့်မြင့်ညှိနှိုင်းရေးအဖွဲ့ SD အနေနဲ့ ဇူလိုင် ၂၆ ရက်နေ့ကနေ ၂၉ ရက်နေ့ကြားမှာ ပြုလုပ်တဲ့ တိုင်းရင်းသား လက်နက်ကိုင်တော်လှန်ရေးအဖွဲ့များရဲ့ ထိပ်သီးအစည်းအဝေးမှာ (၈)ကြိမ်မြောက် ဆွေးနွေးပွဲ ရလဒ်တွေကို တင်ပြအတည်ပြုချက် ရယူခဲ့ပြီးပါပြီ။ (၈) ကြိမ်မြောက်ဆွေးနွေးပွဲမှာ ဆွေးနွေးလို့ မပြီးခဲ့တဲ့ စာချုပ်ထဲက အချက် (၃) ချက်နဲ့ အပိုဒ် (၃၃) မှာပါတဲ့ ဘယ်သူတွေ လက်မှတ်ထိုးမယ်၊ ဘယ်အသိသက်သေ ဘယ်သူတွေ ပါမယ်၊ ဘယ်အဖွဲ့အစည်းတွေ ပါမယ်ဆိုတဲ့ကိစ္စကို လေးရက်တာ ကာလအတွင်းဆွေးနွေးခဲ့ပါတယ်။ UPWC ရဲ့ သဘောထားနဲ့ တင်ပြချက်အားလုံးကိုလည်း တင်ပြဆွေးနွေးခဲ့ကြပါတယ်။

ဒီနေ့ (၉)ကြိမ်မြောက်ဆွေးနွေးပွဲမှာ ဒါတွေကို ပြန်ပြီး ဆွေးနွေးတာ ဖြစ်ပါတယ်။ မူကြမ်းမှာပါတဲ့ အချက်သုံးချက်ကို ဒီနေ့ဆွေးနွေးပြီးပါပြီ။ အဲဒီအချက်သုံးချက်က လုံခြုံရေးဆိုင်ရာ ပြန်လည်ပေါင်းစည်းခြင်းကိစ္စ၊ လွှတ်တော်မှာ အတည်ပြုချက်ရယူမယ့်ကိစ္စ၊ အကြီးစားစီမံကိန်းတွေ လုပ်ဆောင်ရင် ဒေသခံပြည်သူတွေနဲ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းတွေကို ကြိုတင်ညှိနှိုင်းပြီးတော့မှ ဆောင်ရွက်အကောင်ထည်ဖော်ဖို့ ဆိုတဲ့ကိစ္စပါ။ ဇူလိုင် ၂၆-၂၉ မှာ လုပ်ခဲ့တဲ့ ထိပ်သီးအစည်းအဝေးက ကိစ္စတွေကို ဒီနေ့တင်ပြတာဖြစ်တယ်။ ဒီနေ့ ဒါအားလုံးသဘောတူညီပြီးပြီလို့ ကျွန်တော်တို့ပြောလို့ရပါတယ်။

NCA ကို ဘယ်သူတွေ လက်မှတ်ထိုးမယ်ဆိုတဲ့ ကိစ္စကလည်း ပြေလည်သွားပြီလို့ ပြောလို့ရပါတယ်။ အစိုးရဘက်ကတော့ သမ္မတနဲ့ကာကွယ်ရေးဦးစီးချုပ်ပါ လက်မှတ်ထိုးမယ်။ တိုင်းရင်းသားဘက်ကလည်း အမြင့်ဆုံးပုဂ္ဂိုလ်များဖြစ်တဲ့ ဥက္ကဋ္ဌတွေ၊ ဒုတိယဥက္ကဋ္ဌတွေ၊ အထွေထွေအတွင်းရေးမှူးတွေ၊ စစ်ဦးစီးချုပ်တွေလက်မှတ်ထိုးမယ်။ လက်မှတ်ထိုးတဲ့အခါမှာ တစ်ဖွဲ့ကို သုံးဦးစီလောက်ထိုးဖို့ရှိပါတယ်။ ဒါကိုလည်း ကျွန်တော်တို့ နှစ်ဖက်သဘောတူညီမှုရပြီလို့ ပြောလို့ရပါတယ်။

အသိသက်သေများကိစ္စမှာ ပြည်တွင်းအသိသက်သေအနေနဲ့ ဘာမှပြဿနာမရှိဘူး။ ကျွန်တော်တို့အားလုံး သဘောတူညီမှုရတဲ့ အနေအထားမျိုးဖြစ်တယ်။ ပြည်ပသက်သေများအနေနဲ့ (၈)ကြိမ်မြောက် အစည်းအဝေးမှာ သဘောတူထားတဲ့ ကုလသမဂ္ဂ၊ အာဆီယံနဲ့ တရုတ်အဖွဲ့အစည်းနှစ်ဖွဲ့နဲ့ နိုင်ငံတစ်နိုင်ငံကို သဘောတူထားတာရှိတယ်။ (၉)ကြိမ်မြောက်အစည်းအဝေးမှာ အာဆီယံကသူ့ရဲ့ မူဝါဒအရ မပါဝင်နိုင်တာ ဖြစ်တယ်။ ကုလသမဂ္ဂနဲ့ တရုတ်ဆက်ပါမယ်။ အိမ်နီးနားချင်းနိုင်ငံဖြစ်တဲ့ အိန္ဒိယနဲ့ ထိုင်းနိုင်ငံက အသိသက်သေအနေနဲ့ပါဝင်တာဖြစ်ပါတယ်။ တိုင်းရင်းသားဘက်က အသိသက်သေတင်ပြတာကတော့ သုံးနိုင်ငံနဲ့ ကုလသမဂ္ဂအပါအဝင် ကျွန်တော်တို့ တင်သွင်းထားတဲ့ ကျန်တဲ့ လေးနိုင်ငံနဲ့ EU ဒီအဖွဲ့တွေကိုလည်း သူတို့ရဲ့ ရှေ့မှောက်မှာ လက်မှတ်ထိုးမယ်ဆိုတဲ့ အနေအထားမျိုးနဲ့ တင်ပြတယ်။ အပိုဒ်(၃၃) မှာ ပါတဲ့ ဘယ်သူ၊ ဘယ်အဖွဲ့အစည်းတွေ လက်မှတ်ထိုးမယ်ဆိုတဲ့ ကိစ္စကိုတော့ ကျွန်တော်တို့ မနက်ဖြန်မှဆွေးနွေးမှာပါ။ အစိုးရဘက်ကအမြင်နဲ့ ကျွန်တော်တို့ဘက်ကအမြင်ကတော့ နည်းနည်းတော့ ကွာဟမှုရှိတယ်။ ဒီကွာဟမှုကို ဘယ်လိုညှိနှိုင်းဆွေးနွေး ရယူမယ်ဆိုတာကိုတော့ မနက်ဖြန်မှပဲ ပြောလို့ရပါမယ်။



(၇-၈-၂၀၁၅ ထွက်ပြီ)

- အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ပြည်သူတွေဆီက ဘာတွေ ဆုံးရှုံးနေပြီလဲ
- ရေသန့်ပို့သမား ကိုကိုးပိန် ရေဘေးအတွက် နဘူးလေးခွဲလိုက်ပါပြီ
- ရေလွှမ်းမိုးလယ်မှာ ကယ်သူမဲ့စွာ သုံးရက်တာ
- ရေဘေးသတင်း ပြည်သူတွေ ဘယ်သူ့ကို ယုံကြည်သလဲ
- ဆည်တွေရဲ့ ကြံ့ခိုင်မှု ပြန်လည်စစ်ဆေးသင့်
- မြောက်ဦးရေဘေး သေဆုံးသူတွေထဲမှာ အသက်လေးနှစ်ကနေ အသက် ၈၅ နှစ်အထိပါဝင်သာ
- အင်န်အယ်လ်ဒီရဲ့ ကိုယ်စားလှယ်လောင်းတွေကို ပြည်သူတွေ ဘာကြောင့် လက်မခံနိုင်တာလဲ



ဗဟိုစာရင်းအင်းအဖွဲ့မှ လစဉ်စီးပွားရေးအညွှန်းကိန်း စာစောင်(Selected Monthly Economic Indicators)ကို ပြည်ပကုန်သွယ်မှု၊ ထုတ်လုပ်မှု၊ ဈေးနှုန်း၊ ဘဏ္ဍာရေး၊ ရင်းနှီးမြှုပ်နှံမှု၊ သယ်ယူပို့ဆောင်ရေးနှင့် ခရီးသွားလာမှု၊ လုပ်သားနှင့် အလုပ်အကိုင်ရရှိရေး စသည့်ကဏ္ဍများ စုံလင်စွာဖြင့် ၂၀၁၅ခုနှစ်၊ ဧပြီလအတွက် ထုတ်ဝေပြီဖြစ်ပါကြောင်း နှင့် တစ်အုပ်လျှင် ကျပ် ၅၀၀၀တိတိ နှုန်းဖြင့် ရောင်းချပေးနေပြီ ဖြစ်ပါသည်။

ဝယ်ယူရရှိနိုင်သော နေရာများ-ဗဟိုစာရင်းအင်းအဖွဲ့၊ ရုံးအမှတ်(၃၂)၊ နေပြည်တော်၊ Junction Super Markets၊ နေပြည်တော်၊ ခြံအမှတ် (၁)၊ သစ္စာလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့(ရန်ကုန်ရုံးခွဲ)နှင့် စာပေဗိမာန်အရောင်းဆိုင်(နေပြည်တော်၊ ရန်ကုန်မြို့)တို့တွင် ဝယ်ယူရရှိနိုင်ပြီ ဖြစ်ပါကြောင်း သတင်းကောင်းပါးအပ်ပါသည်။

ဆက်သွယ်ရန်ဖုန်း - ၀၆၇-၄၀၆၃၃၀၊ ၀၆၇-၄၀၆၃၂၅၊ ၀၆၇-၄၀၆၄၆၈၊ ၀၁-၆၅၇၃၀၇

**သစ်ပင်စိုက်ပါ ဒို့ကမ္ဘာ သာယာလှပစိမ်းမြမြ**










**အစုရှင်များ၏ဆန္ဒအလျောက် စာရင်းရှင်းလင်းဖျက်သိမ်းခြင်း**
**(Voluntary Liquidation)**
**စိန်ရွှေလျံမိသားစုကုမ္ပဏီလီမိတက်**
**SEIN SHWE HLYAN FAMILY COMPANY LIMITED**

အစုရှင်များ၏ဆန္ဒအလျောက်စာရင်းရှင်းလင်းဖျက်သိမ်းခြင်း ၂၀၁၅ခုနှစ်၊ ဇူလိုင်လ ၁ ရက်တွင် ကုမ္ပဏီရုံးခန်း၌ ကျင်းပပြုလုပ်သော အဖွဲ့ဝင်များ၏ သာမန်ထက်ထူးကဲသော သင်းလုံးကျွတ်အထွေထွေအစည်းအဝေးဆုံးဖြတ်ချက်အရ စိန်ရွှေလျံမိသားစုကုမ္ပဏီလီမိတက် (SEIN SHWE HLYAN FAMILY COMPANY LIMITED)အား ၁-၇-၂၀၁၅ရက်မှစ၍ စာရင်းရှင်းလင်းဖျက်သိမ်းရန် ဆုံးဖြတ်ခဲ့ပြီးဖြစ်ပါသည်။ ယင်းသို့ စာရင်းရှင်းလင်းဖျက်သိမ်းရာတွင် ဒေါ်မေစီ (B.Com,C.P.A)အား စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ အဖြစ်လည်းကောင်း၊ ဒေါ်နွေးကြည်ဖြူလှိုင်[B.Com ,C.P.A,D.B.L,ACCA(Final)]အား တွဲဖက်စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ်လည်းကောင်း ခန့်အပ်လိုက်ပါသည်။ ကုမ္ပဏီမှ ရရန်ရှိနှင့် ပေးရန်ရှိသည်များကို ၂၀၁၅ခုနှစ်၊ စက်တင်ဘာလ ၇ရက်ကို နောက်ဆုံးထား၍ ဖော်ပြပါ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံ တောင်းခံခြင်းနှင့် ပေးသွင်းခြင်းများ ပြုလုပ်နိုင်ကြောင်း ကြေညာအပ်ပါသည်။

| | |
|---|---|
| စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ | မန်နေးဂျင်းဒါရိုက်တာ |
| ဒေါ်မေစီ **(B.Com,C.P.A)** | ဦးထင်လင်း |
| အမှတ်(၄၉)၊ မာလာမြိုင်(၃)လမ်း၊ | အမှတ်-၁၄၊ ၁၁၄လမ်း၊ ရတနာပုံအိမ်ရာ |
| (၁၆)ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့။ | ၄လွှာ၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ |
| ဖုန်း-၀၁-၅၂၂၆၈၄၊ ၀၉-၅၀၄၂၄၄၇ | ရန်ကုန်မြို့။ |
| ၀၉-၃၁၀၆၈၄၀၂ | ဖုန်း-၀၁-၂၉၂၅၁၀ |

# မမှားသောရှေ့နေ

ခ ဦးဟန်ညွန့်(ဥပဒေ)

**ဆိုရိုးစကား**

"မမှားသောရှေ့နေ၊ မသေသောဆေးသမား"မရှိနိုင်ပါ။ ဤကားဆိုရိုးစကားဖြစ်ပါ၏။ ရှေ့နေလောကတွင် ဘဝမျိုးစုံကြုံတွေ့ရစမြဲ။ အခက်အခဲမျိုးစုံ ဖြေရှင်းရစမြဲ။ ရှေ့နေကဲ့သို့ပင် ဆေးသမား(ဆရာဝန်)သည်လည်း အတူတူပါပဲ။ "ဆေးသမား"ကုသပေးသမျှ တစ်ယောက်မကျန် အသက်ရှင်ခြင်းမျိုးကား နည်းပါးတန်ရာ၏။ အစွမ်းကုန်၊ ဝီရိယထား၊ ဆေးသမားကား ကုသပေးစမြဲ။ သို့သော်ငြား သေခြင်းတရားကို မလွန်ဆန်သော အပျက်အစီးကား မုချရှိတန်ရာ၏။

**ရှေ့နေတစ်ယောက် ပေါက်ရောက်အောင်မြင်**

ရှေ့နေတစ်ယောက်ဖြစ်ဖို့မလွယ်။ ရှေ့နေတစ်ယောက်ဖြစ်ပြန်တော့လည်း ပေါက်ရောက်ဖို့၊ အောင်မြင်ဖို့ မလွယ်ပြန်။ "လွယ်လွယ်ကူကူရှေ့နေ"ဖြစ်လာလျှင် "လွယ်လွယ်ကူကူ ရှေ့နေ"သာဖြစ်မည်ဧကန်။ ခက်ခက်ခဲခဲ၊ အားကြိုးမာန်တက်၊ ထူးချွန်ပြောင်မြောက်သော၊ ရှေ့နေပီသတည်ပါပေသော၊ ဂုဏ်သိက္ခာမြင့်မြတ်သော သူဖြစ်သင့်ပေသည်။ ရှေ့နေတစ်ယောက်ပေါက်ရောက်အောင်မြင်သူဖြစ်ပါစေ။ မှားတတ်သော်ငြား၊ အမှားနည်းသူ၊ မမှားသော ရှေ့နေဖြစ်ရမည်လေ။ ငုပ်မိသဲတိုင်၊ တက်နိုင်ဖျားရောက်၊ ကြိုးစားသလောက် ပေါက်ရောက်အောင်မြင်မည်။

**ရှေ့နေဟူသည်**

ရှေ့နေဟူသည် တရားစီရင်ရေးတွင် တရားမျှတမှန်ကန်မှုရရှိရေးအတွက် အကျိုးဆောင်ပေးရသူဖြစ်သည်။ မွန်မြတ်သော ဥပဒေပညာရှင်ဖြစ်သည်။ ကောင်းမြတ်သောကိုယ်ကျင့်တရားနှင့် ပြည့်စုံသူဖြစ်သည်။ တရားနှင့် မတရား၊ အမှန်နှင့် အမှားခွဲခြားနားလည်သူလည်းဖြစ်သည်။ တရားလွှတ်တော်ရှေ့နေ၊ အထက်တန်းရှေ့နေ စသည်ဖြင့် အမှုသည်ကိုယ်စား အကျိုးဆောင်သူများဖြစ်ကြသည်။

**ကျင့်ဝတ်သိက္ခာ**

ရှေ့နေရှေ့ရပ်များအတွက် ကျင့်ဝတ်သိက္ခာများ ဖော်ပြချက်ရှိသည်။ ရှေ့နေလုပ်သူများအက်ဥပဒေ၊ တရားမကျင့်ထုံးဥပဒေ၊ ပစ္စည်းလွှဲပြောင်းခြင်းဥပဒေ၊ သက်သေခံဥပဒေစသော ဥပဒေများ၊ တရားရုံးများလက်စွဲ၊ တရားရုံးချုပ် ညွှန်ကြားလွှာများ၊ စီရင်ထုံးများတွင် ပါရှိပြီးဖြစ်သည်။ ရှေ့နေများသည် လုပ်ငန်းအပေါ် သစ္စာရှိခြင်း၊ ရှေ့နေအချင်းချင်းအပေါ် သစ္စာထားလေးစားခြင်း၊ တရားရုံးအပေါ် တာဝန်သိခြင်း၊ အမှုသည်များအပေါ် ရိုးသားတည်ကြည်ဂရုပြုခြင်းစသည့် အရည်အချင်းများနှင့် ပြည့်စုံသူများဖြစ်သည်။

**ရပ်ဆိုင်းခြင်း၊ ပယ်ဖျက်ခြင်း**

ရှေ့နေတစ်ဦးတစ်ယောက်သည် အောက်ဖော်ပြပါ တစ်ခုခုကို မကျူးလွန်ရ-

(က) မိမိ၏ အမှုသည်နှင့် အမှုသည်၏ ကိုယ်စားလှယ် သို့မဟုတ် အမှုသည်က ရှေ့နေငှားရန် စေခိုင်းလိုက်သော အမှုသည်၏ ဆွေမျိုးမိတ်သင်္ဂဟတို့မှအပ အခြားမသက်ဆိုင်သူများထံမှ အမှုအတွက် ညွှန်ကြားချက် ရယူခြင်း

(ခ) ရှေ့နေအဖြစ် လုပ်ကိုင်ဆောင်ရွက်ရာတွင် လိမ်လည်၍ဖြစ်စေ၊ အလျဉ်းမသင့်လျော် မဖွယ်ရာသည့် အပြုအမူဖြင့် ဖြစ်စေ ပြုမူခြင်း

(ဂ) မိမိအတွက်ဖြစ်စေ၊ အခြားရှေ့နေတစ်ဦး တစ်ယောက်အတွက်ဖြစ်စေ ရှေ့နေငှားရန် ဆော်သြတိုက်တွန်းခအဖြစ် တစ်စုံတစ်ယောက်သောသူကို ရှေ့နေခမှ ပေးကမ်းခြင်း

(ဃ) အမှုရရှိရန် ရှေ့နေကိုယ်တိုင် အမှုဆွယ်ခြင်း

(င) ဒလံ(ဝါ)အမှုပွဲစားဖြစ်ကြောင်း ကြေညာထားခြင်းခံရသူမှတစ်ဆင့် ရှာဖွေပေးသည့် ဥပဒေဆိုင်ရာ အလုပ်အကိုင်များကို လက်ခံဆောင်ရွက်ခြင်း

(စ) ရှေ့နေအဖြစ်ဖြင့် သိက္ခာမရှိဟု ယူဆနိုင်သည့် အခြားလုံလောက်သော အကြောင်းများရှိခြင်း

အထက်ပါ အချက်တစ်ချက်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း စုံစမ်းတွေ့ရှိ ပေါ်ပေါက်လျှင် ရှေ့နေအဖြစ်မှ ရပ်ဆိုင်းခြင်း(သို့မဟုတ်) ထုတ်ပယ်ခြင်း ခံရနိုင်သည်။

**ပြည်သူ့အကျိုးဆောင်များ**

ရှေ့နေများသည် ပြည်သူ့အကျိုးဆောင်များဖြစ်ကြသည်။ အမှန်တရားကို ဖော်ထုတ်သူများဖြစ်ကြသည်။ တရားရုံးကို ကူညီသူများဖြစ်ကြသည်။ တစ်နည်းအားဖြင့် တရားရုံးများ၏ အရာရှိများဖြစ်ကြသည်။ ဥပဒေရေးရာကျွမ်းကျင်သူများအတွက် စေတနာမှန်ဖြင့် ထမ်းရွက်သူများဖြစ်ကြသည်။ ကျင့်ဝတ်သိက္ခာစောင့်ထိန်းသူများဖြစ်ကြသည်။ ကိုယ်ကျင့်တရားကောင်းမွန်သူများလည်း ဖြစ်ကြသည်။

**ကျမ်းမျိုးစုံမှ ဉာဏ်ဟုန်ပြင်း**

ပြည်သူ့ဥပဒေအကျိုးဆောင်အဖွဲ့ဥက္ကဋ္ဌ ဦးမြင့်မောင်က "ကျမ်းမျိုးစုံမှ ဉာဏ်ဟုန်ပြင်းမည်" ဟု ဥပဒေအရာရှိများအား မှာကြားခဲ့ဖူးသည်။ အနှစ်လေးဆယ်နီးပါးကြာခဲ့ပါပြီ။ ယနေ့တိုင် ခေတ်မီဆဲ။ မှန်ကန်ဆဲ။ ဥပဒေကျမ်းမျိုးစုံအောင်ဖတ်ပါ။ မှတ်ပါ။ လေ့လာပါ။ ဥပဒေအရာရှိပဲဖြစ်ဖြစ်၊ ရှေ့နေပဲဖြစ်ဖြစ်၊ ဥပဒေကျမ်းများနှင့် အလုပ်လုပ်ရ သူပါ။ ပြစ်မှု၊ တရားမ၊ အထူးနှင့် အထွေထွေဥပဒေမှတ်စုရာ၊ ဖတ်စရာတွေများလှပေသည်။ တရားခွင်တွင် မိမိလိုက် ပါသော အမှုအတွက် ပုဒ်ထီးပုဒ်မ၊ ဥပဒေစုံစွာ၊ စီရင်ထုံးရည်ညွှန်း၊ လိုတိုရှင်းဖြင့် ရည်မှန်းချက်ပန်းတိုင်လှမ်းကိုင်နိုင်ဖို့ ကြိုးပမ်းကြရမည်။ တာဝန်ကျေကြရမည်။ ဥပဒေနှင့်အညီ ဥပဒေဘက်တော်သားပီသစွာ ရှေ့နေတာဝန်ကျေပွန်ရမည်။

**လျှောက်တစ်လွဲချက်မဖြစ်စေနှင့်**

အခါအခွင့်သင့်၍ တင်ပြလိုသည်။ တရားရုံးအဆင့်ဆင့်တွင် ရှေ့နေများက မိမိလိုက်ပါသော အမှုအတွက် လျှောက်လဲချက်တင်ဆက်ရစမြဲပါ။ ထိုအခါ လျှောက်လဲချက်ပေးရမည့်အစား "လျှောက်တစ်လွဲချက်" ပေးနေသည် မျိုးတွေ့ရတတ်သည်။ တရားခွင်ပေါ်က တရားသူကြီးကိုမှ အားမနာ။ ပြောချင်တာပြော၊ လျှောက်လဲချင်တာ လျှောက်လဲ၊ သဲထဲရေသွန်ပမာ ဖြစ်ရရှာသည်။ အမှု၏ အဓိကအချက်ကိုမပြော။ ဘေးချော်နေသည်။ ပစ်မှတ်မထိ။ တရားသူကြီးကတော့ ခပ်ပြုံးပြုံး။ သည်းခံနေရှာသည်။ အချိန်ဖြုန်းလွန်းနေသည့်အခါစောင့်နေသော အခြားမိတ်ဆွေရှေ့နေကြီးများအတွက် အားနာလာသည်။ ထိုအခါ တရားသူကြီးက တားမြစ်ရသည်။ ထိုင်ပါဟု ပြောရသည့် အဆင့်။ မဖြစ်သင့်။

**မှားတတ်ပါသည်**

ဆောင်းပါးရှင်လည်း ရှေ့နေပါပဲ။ မှားတတ်ပါသည်။ ကိုယ့်အချင်းချင်းမို့ နားလည်သော်ငြား အပြစ်မကင်းတာတွေ တစ်ပုံတစ်ပင် ရှိမည်သာပင်။ မှားသင့်သောအမှား၊ မမှားသင့်သောအမှား။ ကွဲကွဲပြားပြား ခွဲခြားသင့်သည်။ ဆောင်ရန်၊ ရှောင်ရန်တွေ လေ့လာကြစို့။ ပွားများကြစို့။ ဥပဒေကျမ်းစုံလင်စွာ၊စီရင်ထုံးအဟောင်း၊ စီရင်ထုံးအသစ်၊ ဥပဒေအဟောင်း၊ ဥပဒေအသစ်၊ ပြဋ္ဌာန်း၊ ပြင်ဆင်၊ ရုပ်သိမ်း၊ ဖြည့်စွက်၊ ပယ်ဖျက်စသည် စသည်။ ရှေ့မီနောက်မီ ရှေ့နေအိုကြီးများထံပါး ဝပ်တွားဆည်းပူးသင့်သည်။ တရားစီရင်ရေး၏ အင်အားမြင့်မားစေအောင် ထမ်းဆောင်ကြမည့် ရှေ့နေကြီးများ မဟုတ်လား။ အမှားနည်းအောင် ကြံဆောင်ရမည်မဟုတ်လား။

**တရားမမှုလေ့လာမှုအားနည်း**

ပြစ်မှုနှင့်တရားမ ကွဲပြားလှသည်။ တရားမမှုဆိုလျှင် လူငယ်ရှေ့နေတွေ မလေ့လာချင်။ မဖတ်ချင်။ ပျင်းရိကြ၊ ထိုင်းမှိုင်းကြ၊ ဆူလွယ်နပ်လွယ်ဆိုမှ သဘောကျ။ အခေါက်ခေါက်အခါခါဖတ်ပါမှ နားလည်နိုင်သော တရားမဥပဒေ။ အင်္ဂလိပ်ဘာသာဖြင့်ရေးသားပြဋ္ဌာန်းထားသော ဥပဒေ၊ ဘာသာပြန်သည့်အခါ လွဲမှားတတ်သည့် ဥပဒေ။ အတွေ့အကြုံ၊ အကိုးအကား၊ ရှေ့နေမညီဆန့်ကျင်မှု၊ တရားရုံးချုပ်၊ တရားလွှတ်တော်ချုပ် တို့၏ နောက်ဆုံးသုံးသပ်၊ ဆုံးဖြတ်ချက်။ အနုစိတ်၊ အသေးစိတ်၊ ဖတ်လေ၊ ရှုပ်လေ။ ရှုပ်လေ၊ နားမလည်နိုင်လေ။ နားမလည်နိုင်လေ။ သုံးသပ်ချက်လွဲလေ၊ သုံးသပ်ချက်လွဲလေ၊ လျှောက်လဲချက်လွဲလေ။ လျှောက်လဲချက် လွဲလေ၊ အမှုရှုံးလေ၊ ရှေ့နေညံ့လေ။ ရှေ့နေညံ့လေ၊ အမှုသည် ဒုက္ခရောက်လေ။ နောင်မှ "နောင်တ" ရကြသည်သာ။

**အမှုသည် ညွှန်ကြားချက်** (INSTRUCTION)

မိမိအားယုံကြည်၍ အပ်နှံသော အမှုသည်အား လေးစားသင့်သည်။ အမှုသည်၏ ညွှန်ကြားချက် (INSTRUCTION) ကို သေသေချာချာ ရယူသင့်သည်။ ဆရာဝန်ကို လူနာကရောဂါပြသည့် သဘော ဖြစ်သည်။ အနာသိမှဆေးရှိမည်။ အမှုအဖြစ်အပျက်၊ အားသာချက်၊ အားနည်းချက်၊ အစုံအလင်သိရှိပါမှ၊ ညွှန်ကြားချက်ပြည့်စုံပါမှ ရှေ့နေတာဝန်ကျေပွန်နိုင်မည်။ အမှုသည်ကလည်း အားနည်းချက်ကို ဖုံးထားဖိထားတတ်သေးသည်။ ရှေ့နေကို မပြောဘဲချန်ထားတာမျိုးရှိတတ်သည်။ ဘယ်လိုကုသကြမည်နည်း။

**ရုံးချိန်းရက်**

ရုံးချိန်းရက်ပျက်သွားသော ရှေ့နေကြောင့်၊ အမှုသည်ကြောင့်၊ အမှုအပယ်ခံရတာတွေအများကြီးရှိသည်။ ရှေ့နေဝီရိယအားနည်းလှသည်ဆိုရမည်။ ရုံးချိန်းရက်တွင် မပျက်မကွက်တက်ရောက်ဖို့ ကိုယ့်တာဝန်။ ကိုယ့်တာဝန် ကိုယ်မကျေ။ အမှုသည်ကလည်း တာဝန်မကျေ။ ကိုယ်စားလှယ်လည်းမလွှတ်။ ဖြစ်ချင်ရာဖြစ်သဘော။ ပျက်ကွက်မှုအတွက်ခွင့်မတိုင်။ အထောက်အထားမရှိ။ လုံလောက်သောအကြောင်းဘာမှမရှိ။ အမှုရှုံး၏။

**သမိုင်းဝင်ရှေ့နေကြီးများ**

မြန်မာနိုင်ငံ၏ သမ္မတဖြစ်ခဲ့သော ဘိလပ်ပြန်ဝတ်လုံတော်ရ ဒေါက်တာဘဦး၊ ဝန်ကြီးချုပ်ဖြစ်ခဲ့သော ဒေါက်တာသိန်းမောင်၊ တရားဝန်ကြီးချုပ် ဦးချန်ထွန်းအောင်၊ ဒေါက်တာကျော်မြင့်၊ ဒေါက်တာမြင့်သိန်း၊ ဒေါက်တာထင်အောင်၊ ဒေါက်တာဘတင်၊ ဒေါက်တာမောင်မောင်၊ ဦးအောင်ရှိန်ဝန်၊ ဦးထွန်းမောင်၊ ဝတ်လုံတော်ရ ဦးသန်းအောင်၊ ဦးမြင့်စိုး ၊ဒေါ်မြမြအေး၊ ဦးတင်အုံး၊ မစ္စတာအင်စီဆင်း၊ ဦးကျော်မင်း၊ ဦးမွန်ဖိုးချို ဆရာသာ ထို၊ ဦးဘစိန်၊ ဦးဘတင်(သံတွဲ)၊ ဦးချစ်(ဒေးဒရဲ)၊ ဦးမြရှိန်၊ ဦးတီပီဝမ်း၊ ဦးဘသန်း၊ ဦးသာထွန်း(ဓနုဖြူ)၊ ဦးအေးမောင်(ပန်းတနော်)စသည့် သမိုင်းဝင်ရှေ့နေကြီးများအကြောင်း ပြည်လည်အောက်မေ့သတိရပါသည်။ (သီးခြားစာရင်းစုံလင်စွာ ပြုစုရေးသားဂါရဝပြုပါမည်။) အစဉ်အဆက်ရှေ့နေကြီးများ၏ ဘဝရုပ်ပုံလွှာ၊ ဆောင်ရွက်ချက်၊ လျှောက်လဲချက် တင်ဆက်ပုံ၊ အမှုလိုက်ပါပုံနည်းစနစ်များ ချန်ထားကျန်ရစ်ခဲ့ပါလေရဲ့လား။ လက်ဆင့်ကမ်း အမွေရယူပေးနိုင်ပြီလား။ လူငယ်ရှေ့နေများ တာဝန်ကျေပွန်ပါရဲ့လား။ ဥပဒေစာအုပ်၊ ကျမ်းကိုးကျမ်းကား၊ သုတေသနစွမ်းအားမြင့်မားနိုင်ကြပြီလား။ ရှေ့ခရီးကား မှုန်ဝါးဝါး။ "မမှားသောရှေ့နေဖြစ်ပါစေ" ဟုဆုမွန်ခြွေနေရဆဲ။

**တင်ပြချက်**

(၁) "မမှားသောရှေ့နေမရှိပေဟု" ဆင်ခြေပေးမည်လား။

(၂) မမှားသောရှေ့နေဖြစ်ဖို့ မကြိုးပမ်းသင့်ဘူးလား။

(၃) စဉ်းစားသင့်ပါကြောင်း။

❑ ❑ ❑

**ရှေ့နေတစ်ယောက်ဖြစ်ပြန်တော့လည်း ပေါက်ရောက်ဖို့၊ အောင်မြင်ဖို့မလွယ်ပြန်။ "လွယ်လွယ်ကူကူရှေ့နေ"ဖြစ်လာလျှင် "လွယ်လွယ်ကူကူ ရှေ့နေ"သာဖြစ်မည်ဧကန်။ ခက်ခက်ခဲခဲ၊ အားကြိုးမာန်တက်၊ ထူးချွန်ပြောင်မြောက်သော . . .**

## မဒေါက်မြို့ ရေဘေးကယ်ဆယ်ရေးစခန်းရှိ ပြည်သူများအား ဆေးကုသမှုပေး



**မဒေါက် ဩဂုတ် ၆**

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ် မဒေါက်မြို့၌ ဇူလိုင် ၂၉ ရက်စတင်ပြီး စစ်တောင်းမြစ်ရေ၊ ရေကြီးရေလျှံမှုကြောင့် မြို့မ(၁)၊ မြို့မ(၂) ရပ်ကွက်အတွင်းရှိပြည်သူ ၁၄၃၀ တို့အား တိုင်တရာကျောင်း၊ တံခွန်တိုင်ကျောင်း၊ သာသနာ့ဝံသဘုန်းတော်တော်ကြီးကျောင်းသုံးကျောင်းတို့တွင် ရေဘေးကယ်ဆယ်စခန်းများဖွင့်လှစ်ထားသည်။

အဆိုပါ ကယ်ဆယ်ရေးစခန်းများသို့ တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် မြို့နယ်အုပ်ချုပ်ရေးမှူးရုံးမှ တာဝန်ရှိသူများ၊ စေတနာရှင်အလှူရှင်များမှာ ဆန်၊ ဆီ၊ ကြက်ဥ၊ ခေါက်ဆွဲခြောက်၊ ရေသန့်နှင့် အသုံးအဆောင်ပစ္စည်းများ ကူညီထောက်ပံ့ခဲ့ပြီး ကျန်းမာရေးစောင့်ရှောက်မှုအဖြစ် မြို့နယ်ပြည်သူ့ဆေးရုံမှ ဆေးဝါးကုသမှုများပြုလုပ်လျက်ရှိသည်။

အလားတူ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးမှူး ဒေါ်နီနီဝင်းနှင့်ဝန်ထမ်းများသည် အဆိုပါရေဘေးကယ်ဆယ်စခန်းများသို့ ဩဂုတ် ၄ ရက်က သွားရောက်ကာ ကျန်းမာရေး၊ဘာသာရေး၊နှင့်သက်ဆိုင်သော စာအုပ်စာပေများ၊ သတင်းစာ စာစောင်များအား ပြည်သူများစိတ်လက်ချမ်းသာစေရေးကိုရည်ရွယ်၍ နယ်လှည့် ကွင်းဆင်းဆောင်ရွက်ခဲ့ကြောင်း သိရ သည်။

(၆၉၂)

❑❑❑

## ပွင့်ဖြူမြို့နယ်အတွင်း ရေဘေးသင့်ပြည်သူများအား ထောက်ပံ့ပစ္စည်းများ ပေးအပ်လှူဒါန်း

**နောင်ချို ဩဂုတ် ၆**

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်အတွင်းရှိ ရေဘေးသင့်ပြည်သူများအား ရှမ်းပြည်နယ်မြောက်ပိုင်း နောင်ချိုမြို့နယ် စေတနာမွန်လူမှုကူညီရေးအသင်းမှ ဦးဆောင်မှုဖြင့် စေတနာရှင် ပြည်သူများလှူဒါန်းသည့် စားသောက်ကုန်၊ လူသုံးကုန်ပစ္စည်းအမျိုးမျိုးတို့ကို နောင်ချိုမြို့စေတနာမွန်လူမှုကူညီရေးအသင်း ဦးနေဦးသာ၊ ဦးမြတ်မိုးအောင်နှင့် အသင်းဝင်များက ရေဘေးသင့်ပြည်သူ အိမ်ထောင်စုဝင် ၅၅၀ တို့အား ဩဂုတ် ၅ ရက် နံနက်ပိုင်းက သွားရောက် ထောက်ပံ့ပေးအပ်လှူဒါန်းကြသည်။ **စိုးဝင်း(နောင်ချို)**

## မြစ်မိမ်းရောင် ကျေးရွာစီမံကိန်း ရွေးချယ်ဖွဲ့စည်း

**သန်လျင် ဩဂုတ် ၅**

မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ရန်ပုံငွေဖြင့် ၂၀၁၅-၂၀၁၆ ခုနှစ် ဘဏ္ဍာရေးနှစ်တွင် သန်လျင်မြို့နယ်မှ မြစိမ်းရောင်ကျေးရွာစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျေးရွာများဖြစ်သော ဥယျာဉ်၊ ကဒတ်ဖြာ၊ ပြည်တော်သာ၊ စိကုန်း၊ ရုံးသပြေကန်၊ ပုဂံတောင်၊ မင်္ဂလွန်း၊ ပေါက်တော၊ ညောင်ဝိုင်း၊ ချောင်းစောက်ကျေးရွာများတွင် ယမန်နေ့က မြစိမ်းရောင်ရန်ပုံငွေကြီးကြပ်မှုကော်မတီ၊ ဘဏ္ဍာရေးဆပ်ကော်မတီများအား မြို့နယ်ဦးစီးမှူးနှင့်ဝန်ထမ်းများ သွားရောက်ရွေးချယ်ဖွဲ့စည်းခဲ့ကြောင်း သိရသည်။ **(ချောစုစံ)**

*သတင်းစာဆရာ စာရေးဆရာကြီး နတ်မောက်ထွန်းရှိန်၏ ရှားပါးနေသော ဝင်းတွေနဲ့တည်ခဲ့သည့် မင်းနေပြည်စာအုပ်ကို စာဖတ်ပရိသတ်များအတွက် ကြေးမုံမှ အပတ်စဉ် အခန်းဆက်ဖော်ပြသွားမည်ဖြစ်သည်။ (ကြေးမုံ)*

# ဝင်းတွေနဲ့တည်ခဲ့သည့်မင်းနေပြည်

**နတ်မောက်ထွန်းရှိန်**

**ယခင်အပတ်မှအဆက်**

အရှေ့အနောက် ၁၂ပြ၊ တာ ၆၀၀၊ တောင်မြောက် ၁၂ပြ၊ တာ ၆၀၀၊ အဝန်းတာပေါင်း ၂၄၀၀၊ ပြကွက်ပေါင်း ၁၄၄ ရှိသဖြင့် နန်းတော်ရာပြကွက် ၁၆ ကွက်ကိုနုတ်က ကျန်ပြကွက်ပေါင်း ၁၀၈ ကွက်၌ မင်း၊ မိဖုရား၊ အိမ်ရှေ့မင်း၊ မင်းညီမင်းသား၊ မှူးတော်မတ်တော်၊ သူဌေးသူကြွယ်၊ အမှုထမ်း၊ ဆင်းရဲသား၊ ကျွန်မျိုးတို့ နေထိုင်ရန် သတ်မှတ်ပေးတော်မူ၏။ ကျုံးတော်အကျယ်တာ ၂၀ ထား၍ မြို့တွင်းပြ၊ တံခါးလမ်းပြ၊ ဒူးလမ်းများကိုလည်း အကျယ်ကိုးတာစီ အညီအမျှထားစေ၏။

**ရွှေနန်းတော် ပန္နက်ချတည်ဆောင်**

၁၂၁၉ ခုနှစ်၊ တပို့တွဲလဆန်း (၁၂) ရက်၊ တနင်္လာနေ့ ရွှေနန်းတော်မြေနေရာ သတ်မှတ်ပြီး လဆန်း ၁၄ ရက်နေ့တွင် သံဃာတော်တို့ကိုပင့်၍ ပရိတ်မွန်း အခမ်းအနားများ ပြုလုပ်၏။ ပွဲသဘင်လည်း စည်ကားအောင် ထည့်သွင်းကျင်းပ၏။ ၁၅ ရက် ကြာသာပတေးနေ့ မွန်းတည့်တစ်ချက်တီးကျော်တွင် ရွှေနန်းတော်ကြီး မှန်နန်းတော်၊ ပြာသာဒ်တော်မှစ၍ အဆောင်များအား ရွှေပန္နက်၊ ငွေပန္နက်စိုက်မှတ်စေရ၏။ ထိုနေ့၌ပင် ရွှေမြို့တော်၊ နန်းတော်မှစ၍ နှံ့ထားရန် အင်းတော်များ ရေးစေ၏။ လပြည့်ကျော် ၁ ရက်နေ့ ရွှေနန်းတော် ငြမ်းတိုင်ပန္နက်ချမှတ်သည်။ လပြည့်ကျော် ၅ ရက်နေ့တွင် အဆောင်ဆောင်သော နန်းတော်ငြမ်းများ တစ်ကြိမ်တည်း ထူမတ်စေရသည်။

တပေါင်းလဆန်း ၁၄ ရက် နံနက်တစ်ချက်တီးကျော်တွင် ရွှေနန်းတော်ကြီး တိုင်ထူမတ်ရာ မင်္ဂလာအခမ်းအနား ပြုလုပ်စေပြီး ဗုဒ္ဓါဘိသိက် အခမ်းအနား ဆင်ယင်၏။ ထိုအချိန် အနှောက်အဖွဲ့ရှိသူများအား ဘေးမဲ့ချမ်းသာပေး၏။ ၁၂၂၀ ခုနှစ်၊ ကဆုန်လဆန်း ၇ ရက်၊ တနင်္ဂနွေနေ့ မှန်နန်းတော်ကြီး မြေနန်းပြာသာဒ်တော်ကစ၍ အဆောင်ဆောင်သော ရွှေနန်းတော်တို့ကို မင်းညီမင်းသား၊ ဝန်ကြီး၊ အတွင်းဝန်၊ ဝန်ထောက်၊ မှူးကြီးမတ်ကြီးတို့ သနားတော် မြတ်ခံရသည့်ဖောင်းနားတော် ဝတ်စုံ၊ စလွယ်ဆင်ယင်၍ ပြာသာဒ်တော်ကြီးထီးနှင့်တကွ ဒုယင်ကြေးကွေး အမွှမ်း အပြောက်များတင်သည်။

**ပလ္လင်တော်ကိုးရပ်**

ကဆုန်လပြည့်ကျော် ၁၁ ရက်၊ သောကြာနေ့တွင်-

(၁) ရွှေနန်းတော်၌ မင်းတို့ အပူဇော်ခံရာ ခြင်္သေ့သီဟာသန ပလ္လင်တော်(ယမနေသား)၊
(၂) ဇေတဝန်ဆောင်တော်တွင် မင်းတို့ ရတနာသုံးပါးပူဇော်ရာ ဟင်္သာရုပ်ခံ ဟံသာသန ရာဇပလ္လင်တော် (သက်န်းသား)၊
(၃) မှန်နန်းတော်ဆောင်တွင် မင်းတို့စက်တော်ခေါ်ရာ ပိတုန်းရုပ်ခံ ဘမရာသန ရာဇပလ္လင်တော် (ကရဝေးသား)၊
(၄) လေသာဆောင်တွင် မင်းတို့ တရားစကားနာခံရာ ခရုသင်းခံ သင်္ခါသန ရာဇပလ္လင်တော် (တောင်မိန္ဒဲသား)၊
(၅) ပြဲတိုက်တော်တွင် မင်းတို့ ချီးမြှင့်ရာ၊ နှိမ့်ချရာဖြစ်သည့် ဆင်ရုပ်ခံ ဂဇာသန ရာဇပလ္လင်တော် (စကားသား)၊
(၆) မြောက်စမုတ်ဆောင်တွင် မင်းတို့ ဆင်၊ မြင်း၊ သိမ်းမြန်းရာ ဥဒေါင်းရုပ်ခံ မယူရာသန ရာဇပလ္လင်တော် (ပေါင်းသား)၊
(၇) တောင်စမုတ်ဆောင်တွင် မင်းတို့ ဆွေးနွေးတိုင်ပင်ရာ သားရဲရုပ်ခံ မိဂါသန ရာဇပလ္လင်တော် (ရေသဖန်းသား)၊
(၈) အနောက်ပွဲတက် ဇေတဝန်ဆောင်တွင် မင်းမိန်းမတို့ ပူဇော်ခံရာ ပဒုမ္မာကြာပွင့်ခံ ပဒုမ္မာသန ရာဇပလ္လင်တော် (သရက်သား)၊
(၉) ရွှေလွှတ်တော်ပေါ်တွင် မင်းတို့ တရားစီရင်ရာ ခြင်္သေ့ရုပ်ခံ သီဟာသန ရာဇပလ္လင်တော်တို့ကို တင်ထားရသည်။

ရွှေနန်းပြာသာဒ်တော်ကြီးကို ၁၂၁၈ ခုနှစ် နှစ်ကုန်ခန့်မှစ၍ တည်ဆောက်ခဲ့ရာ၌ ၁၂၂၀ ပြည့်နှစ်၊ ကဆုန်လတွင် ပလ္လင်ရှစ်ခန်းနှင့်တကွ ရွှေနန်းဆောင်ပေါင်း ၁၀၀ ကျော် ဆောက်လုပ်ပြီးစီးသည်။ တစ်နှစ်ကျော်ခန့်အတွင်း အချိန်တိုတိုနှင့် ပြီးစီးသွားသည်မှာ အမရပူရ နန်းတော်ဟောင်းမှ အဆောင်အချို့ပြောင်းရွှေ့ဆောက်လုပ်ခြင်းဖြစ်၍ အမြန်ပြီး စီးခြင်းဖြစ်၏။

မန္တလေး ရွှေနန်းတော်ကို ပညာရှိတို့ ဆက်သွင်းသည့်အတိုင်း နန်းမြို့တော်ကို(လေးကျွန်းအောင်မြေ)၊ ရွှေနန်းတော်ကို (ပြနန်းစံကျော်)ဟု မော်ကွန်းကမ္ပည်း သတ်မှတ်တော်မူပြီး ၁၂၂၀ ပြည့်နှစ် ဒုတိယဝါဆိုလဆန်း ၆ ရက်၊ သောကြာနေ့ နံနက် လေးချက်တီးကျော် သုံးမောင်းအချိန်ယာယီစံနန်းတော်မှ အရှင်မိဖုရားခေါင်ကြီးက ရတနာထမ်းစင်တင်တော်မူကာ ရွှေနန်းတော်ကြီး လက်ယာရစ်လှည့်၍ မြေနန်းတော်မင်းတက်လှေကားက တက်သိမ်းစံပယ်တော်မူသည်။

**မှန်နန်းတော်အသစ်ဆောင်**

ရွှေနန်းတော်ကြီးသည် ၁၁ ပေမြင့် အုတ်ခုံပေါ် တည်ဆောင်ခြင်းဖြစ်ရာ အရှေ့အနောက် ၆၆၆ တောင် နှစ်မိုင် (၁၀၀၄ ပေ) ကျယ်ဝန်း၏။ နန်းတော်ဧရိယာကား စတုဂံဟုဆိုရသော်လည်း ပန်းခုံတော်မှစ၍ နန်းဦး၊ မြေနန်းတော်ထိ အတွင်းဘက်သို့တစ်ဆစ်ချိုးကျုံ့ဝင်သွားသောကြောင့် ပဆစ်အိမ် တစ်ဖက်မျက်နှာနှင့်တူကြောင်း သုသေသီတို့ သတ်မှတ်ကြ၏။ ရွှေနန်းတော်ဆောက်လုပ်ပြီး အဆောင်များတွင် ဘုရင်ကိုယ်တိုင် နေ့ညမပြတ်စံစားသော မှန်နန်းဆောင်သာလျှင် နေ့တော်နံတော်သင့် မြေဝင်ကျောရပ်များကအစ အသစ်တည်ဆောင်ခဲ့ပြီး ကျန်အဆောင်များမှာ အမရပူရနန်းတော်မှ သစ်သားများဖြစ်သည်ဟု မှတ်တမ်းများတွေ့ရ၏။

မန္တလေးရွှေမြို့တော်ကြီးမှာ အဆောင်တော်ပေါင်း ၁၁၄ ဆောင်ရှိပြီး အနောက်ပိုင်းမှာ မိဖုရားဆောင်များဖြစ်သည်။ မင်းတုန်းမင်းလက်ထက်က မရှိခဲ့သော နန်းမြင့်ဆောင်၊ ကန်ငယ်အုတ်တိုက်၊ သီပေါမင်းအုတ်တိုက်၊ တောင်ပန်းခုံတော် အုတ်တိုက်၊ အနောက်ပိုင်း မင်းခမ်းတော်များမှ အနောက်ပွဲတက်ဆောင်များမှာ သီပေါမင်းလက်ထက် ဆောက်လုပ်ခြင်းဖြစ်သည်။ (မင်းတုန်းမင်း နတ်ရွာစံခဲ့သော မှန်နန်းဆောင်၏ မြောက်ဘက်ကပ်လျက်ရှိ ရွှေနန်းတော်ကိုလည်း သီပေါမင်းက ခမည်းတော်ကြီးကို ရည်မှန်းကာဖျက်သိမ်းပြီးရွှေနန်းကျောင်းအဖြစ် တည်ဆောက်ခဲ့သည်။)

ရွှေနန်းတော်၏ အဓိကဆောင်တော်ကြီးဖြစ်သောမြေနန်းပြာသာဒ်တော်မှာ အမိုးဘုံ(၇) ဆင့်၊ အမြင့် (၂၀၇) ပေရှိသည်။ သီဟာသနပလ္လင်တော်တည်ရာအောက်၌ မဇ္ဈိမဒေသ အိန္ဒိယနိုင်ငံရှိဗာရာဏသီ၊ ဝေသာလီ၊ သာဝတ္ထိစသော နန်းတော်ရာနေရာတို့မှ အောင်မြေများ သယ်ယူဖြည့်ဖို့ထားသော မင်္ဂလာနေရာဖြစ်သည်၏။

မင်းခမ်းနားများ ကျင်းပရာ၌ ဤသီဟာသနပလ္လင်တော် ဝဲဘက်၌ ဘုရင်မင်းမြတ်နှင့် ယာဘက်၌ မိဖုရားခေါင်ကြီးတို့ အကန်တော့ခံ စံမြန်းကြမြဲဖြစ်၏။ ပလ္လင်တော်ရှေ့ လက်ဝဲဘက်တွင် ပွတ်လုံးများနှင့်တကွသော ရွှေ'ချိုင့်' တော်ဖြင့် အိမ်ရှေ့မင်း ခစားရ၏။ ပလ္လင်တော်ကြီး၏လက်ဝဲ၊ လက်ယာ နေရာတော်များတွင် အခမ်းအနား ရှိသောအခါ၌ လက်ဝဲ၊ လက်ယာ မင်းခမ်းတော်များ၊ သူရဲကြီးအော်လံ (၇)စင်း၊ ထီးဖြူတော်(၈)စင်းနှင့် ယပ်မား၊ ယပ်ရိုးရှည်များကို မင်းခမ်းမင်းနား အဆောင်အယောင်များနှင့် ထားရ၏။

ပြာသာဒ်တော်ကြီး အတွင်းနောက်ခန်းကြမ်းမြင့်၏ အနောက်မြောက်ထောင့်၌ ပုဂံခေတ်သေလည်ကြောင်မင်းကြီး လက်ထက်မှစ၍ နန်းတွင်း၌ အစဉ်အမြဲ ပူဇော်ပသထားရာဖြစ်သော ပုပ္ပားမင်းမဟာဂီရိနတ်မင်း၏ အိမ်တွင်းနတ်ကွန်းတော်လည်း ထားရှိရ၏။ နတ်ကွန်းမှာ တစ်ပင်တိုင်ခန်း၊ အမိုးသုံးဆင့်၊ ထီး၊ ထုပိကာတပ် ပြာသာဒ်ပုံဖြစ်၏။ ရွှေချ အုန်းပွဲ၊ ငှက်ပျောပွဲ၊ ဖျင်ဖြူ ဖျင်နီ၊ နှီးခေါက်၊ အချိုပွဲ၊ ရွှေဖယောင်းတိုင် စသည်များ မပြတ်ပူဇော်သပရ၏။

မြေနန်းပြာသာဒ်တော် ဝဲယာ ခြင်မိတ်စွန်းအောင်တွင် ဖွင့်ပိတ်နိုင်သော ကဲလားတော်ကြီးကို မြင်တွေ့နိုင်ကြ၏။ တစ်ဖက်သုံးခုစီရှိပြီး မြန်မာမင်းလက်ထက် အခမ်းအနားရှိပါက ကဲလားတော်ကြီးများဖွင့်လျက် ဝဲဘက်၌ မြန်မာအငြိမ့်၊ ယာဘက်၌ မွန်အငြိမ့်များ တီးမှုတ်ကပြဖျော်ဖြေရ၏။ ကဲလားတော်ကြီး မိတ်စွန်းများမှာ အဆောက်အအုံနှင့် လိုက်လျောညီထွေရှိလှ၏။ ရှေးမြန်မာတို့၏ ဗိသုကာအတတ်ပညာ ချီးကျူးဖွယ်ဖြစ်၏။ အပြင်သို့ အတန်ငယ်ရှည်လျားစွာ စွန်းထွက်နေသော်လည်း အိကျမလာစေရန် ကတံဟုခေါ်သော ရွှေပိန်းချ သစ်သားနှစ်ချောင်းတွဲ ထောက်တိုင်ကြီးများဖြင့် ထောင့်စွန်းတိုင်း၌ တိုင်အောက်ခြေမှ ခြင်မိတ်စွန်းသို့ ခပ်မျှောမျှောပင့်ထောက်ထား၏။

ဤမြေနန်း ပြာသာဒ်တော်၌ နှစ်ဦးတွင်တစ်ကြိမ်၊ ဝါဝင်(ဝါဆိုလ) တစ်ကြိမ်၊ ဝါကျွတ် (သီးတင်းကျွတ်လ) တစ်ကြိမ်၊ ငါးရက်တိုင် ကန်တော့ခံ၊ လက်ဆောင်တော် ဆက်မင်းပွဲ ကျင်းပရ၏။

၁၂၂၁ ခုနှစ် မန္တလေးမြို့တည်သည်မှ သီပေါမင်း ပါတော်မူသည့် ၁၂၄၇ ခုနှစ် ထိ ရွှေနန်းတော်၏ ထီးနန်းသက်တမ်း ကာလ ၂၆ နှစ်မျှသာကြာခဲ့၏။ ၁၈၈၅ ခုနှစ်၊ နိုဝင်ဘာ ၂၉ ရက် နယ်ချဲ့အင်္ဂလိပ်တို့လက်အောက် ကျရောက်ခဲ့ရပြီးနောက် နန်းတော်ကြီးမှာ အင်္ဂလိပ်နယ်ချဲ့တို့ ထင်သလို မွှေနှောက်ခြင်းခံရတော့၏။ အဆောင်များမှာ စစ်တန်းလျားများ ဖြစ်သွားခဲ့၏။ ရွှေရောင်တဝင်းဝင်းဖြစ်နေရာက ထင်းဖြစ်သွားရ၏။ ထို့နောက် မြန်မာနိုင်ငံသို့ ဒုတိယကမ္ဘာစစ် ကူးစက်လာကာ ၁၃၀၆ ခုနှစ်၊ တန်ခူးလဆန်း ၅ ရက်တွင် ကျန်ရှိနေသမျှ ရွှေနန်းတော် အဆောင်ဆောင်တို့ မီးလောင်ပြာကျသွားခဲ့ရ၏။

ထိုသို့ ဒုတိယကမ္ဘာစစ် မကျရောက်မီ ၁၉၀၆ ခုနှစ်တွင် မြန်မာကျောက်စာဌာန (ရှေးဟောင်းသုတေသန) ပေါ်ပေါက်ခဲ့သဖြင့် အချို့ကြွင်းကျန်ခဲ့သည့် ရှေးဟောင်းအနုပညာ လက်ရာများ မှတ်တမ်းတင် ထိန်းသိမ်းထားနိုင်ခဲ့၏။ ခေတ်အဆက်ဆက် မြန်မာ့ရွှေနန်းတော်နေရာမှာ အုတ်ခုံဘဝဖြင့်သာ တည်ရှိနေခဲ့၏။ တော်လှန်ရေးအစိုးရတက် လာသောအခါ ပူလမှန်နန်းဆောင်နေရာတွင် ရှေးဟောင်းယဉ်ကျေးမှု ပြတိုက်အဖြစ်သော မန္တလေးနန်းတော် အလွမ်းပြေ ဆောက်လုပ်ပြသထားနိုင်ခဲ့၏။ ၁၉၈၈ ခုနှစ်၊ နောက်ပိုင်းတွင် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အစိုးရက အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားဖွယ်ရာ မန္တလေးနန်းတော်ကို ရှေးမူမပျက် တည်ဆောက်ခဲ့ သည်။ မြို့ရိုး၊ ပြအိုး၊ ပြာသာဒ်များပါ ရှေးမူအတိုင်း ပြုပြင်တည်ဆောက်နိုင်ခဲ့သည်။

ယင်းသို့ တည်ဆောက်ရာတွင် မူလနန်းခုံပေါ်တွင် တည်ရှိခဲ့သော အဆောင်ပေါင်း ၁၁၄ ဆောင်မှအတိုင်း ရှေးမူအတိုင်း နီးစပ်နိုင်သမျှ ဆောက်လုပ်ခြင်းဖြစ်သည်။ တိုင်လုံးများမှာ ရှေးက သစ်လုံးတိုင်ဖြစ်သော်လည်း ယခုခေတ်မီ သံကူကွန်ကရစ်တိုင်များဖြင့် အစားထိုးတည်ဆောက်ခဲ့ခြင်းဖြစ်သည်။ အမိုးများကိုလည်း မင်းတုန်းမင်းလက်ထက်ကျွန်းပြားထပ်မိုး၊ သီပေါမင်းလက်ထက် သွယ်ကြိတ်ပြားများ ပြောင်းလဲမိုးထားခဲ့ရာမှ လိုင်းသွပ်ပြားများဖြင့် ပြောင်းလဲမိုးထားခဲ့၏။ ရှေးက ရွှေပိန်းဆောင် (သစ်စေးသုတ်)ရွှေချ) အစား ရွှေမင်၊ ရွှေဆေးများဖြင့် တည်ဆောက်မွမ်းမံ ပြသထားရှိ၏။ မှန်နန်းဆောင်တွင်ရှေးကကဲ့သို့ မှန်ကူကွက် အနုစိတ်ဆင်ယင်တည်ဆောက်ထားသဖြင့် မြန်မာ့ရွှေ နန်းတော်၏ခမ်းနားထည်ဝါမှု၊ မြန်မာမှုဂုဏ်ဆောင်လျက်ရှိ၏။

ရွှေနန်းဆောင်များတွင် ဟင်္သပဒါး၊ သစ်စေးအနီရောင်အစား ဆီဆေးအနီ၊ ဆီဆေးနီညိုတို့ဖြင့် ခြယ်သထား၏။

**ဆက်လက်ဖော်ပြပါမည်။**

**[ဆရာနတ်မောက်ထွန်းရှိန်၏ (၂၀၀၁ ခုနှစ် အမျိုးသား စာပေဆု-သုတပဒေသာဝိဇ္ဇာ) ဝင်းတွေနဲ့တည်ခဲ့သည့် မင်းနေပြည် စာအုပ်မှ အခေါ်အဝေါ်နှင့် အသုံးအနှုန်းများ၊ စာလုံးပေါင်းသတ်ပုံနှင့် သဒ္ဒါအထားအသိုများကို မူရင်း အတိုင်းဖော်ပြခြင်းဖြစ်ပါသည်။]**

သိန်းကမ္ဘာ အထည်ဆိုင်
ဆိုင်(၁) ထန်းခြောက်ပင်လမ်းဆုံ၊ ရွှေပြည်သာမြို့၊ ☎: 09-5154352, 09-8610515, 09-32767128
ဆိုင်(၂) ဖေါ့ကန်မှတ်တိုင်၊ အောက်မင်္ဂလာဒုံလမ်းမကြီး၊ အင်းစိန်မြို့နယ်၊
☎: 09-31384358, 09-43139413, 09-976234787
ဆိုင်(၃) အမှတ်(၉၇၂)၊ သုဓမ္မာလမ်းမကြီး၊ (၅)ရပ်ကွက်၊ မြောက်ဥက္ကလာပ၊
☎: 09-250372958, 01-9699259, 09-795822468




# ရေကြီးရေလျှံခြင်း နှင့် မြွေအန္တရာယ်

**à** ပေါက်ပေါက်

ဇူလိုင် ၁၆ ရက်ကစ၍ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် စစ်ကိုင်းတိုင်းဒေသကြီး ကောလင်းမြို့နယ်မှာ ရေကြီးရေလျှံမှုများ ဖြစ်ပေါ်နေရာ ရေဘေးဒဏ်သင့် ဒေသခံအချို့မှာ မြွေကိုက်ခံရမှုများရှိနေပြီး မြို့နယ်ဆေးရုံတွင် သုံးဦးတက်ရောက်ဆေးကုခဲ့သည့်အနက် တစ်ဦးမှာ သေဆုံးသွားကြောင်း အဆိုပါမြို့နယ်ဆေးရုံမှ တာဝန်ကျ သူနာပြုဆရာမတစ်ဦးက အတည်ပြုပြောကြားခဲ့ပါတယ်။

“ရေကြီးလို့ ဆေးရုံကို မြွေကိုက်လူနာ သုံးဦးရောက်လာတယ်။ တစ်ဦးကတော့ သွားလာရေးအခက်အခဲကြောင့် ဆေးရုံကိုရောက်လာပေမယ့် အသက်က ပါမလာတော့ဘူး။ အဲဒါ ဇူလိုင် ၂၂ ရက်ကပါ။ ကျန်လူနာ နှစ်ဦးကတော့ ဇူလိုင် ၂၃ ရက်မှာ ဆေးရုံကို ရောက်ရှိလာခဲ့တယ်။ မြွေဟောက်အကိုက်ခံရတာ၊ သက်သာပါတယ်။ ဆေးရုံမှာ မြွေဆိပ်ဖြေဆေးလည်း ပြည့်စုံတယ်။ မြွေဆိပ်ဖြေဆေးကတော့ BPI နဲ့ အိန္ဒိယဆေးတွေပါ ” လို့ ၎င်းသူနာပြုဆရာမတစ်ဦးက ဆိုပါတယ်။ အလားတူ ချပ်သင်းတိုက်နယ်၊ ပေါက်ဆိန်ကုန်းရွာတွင်လည်း ဒေသခံတစ်ဦးမှာ မြွေကိုက်ခံရကြောင်း သိရပါတယ်။

မှတ်တမ်းများအရ မြန်မာနိုင်ငံမှာ နှစ်စဉ်လူတစ်သောင်းခန့် မြွေကိုက်ခံနေရပြီး ၎င်းတို့အနက် ၁၀ ရာခိုင်နှုန်းခန့် သေဆုံးနေရကြောင်း ကျန်းမာရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်ထားပါတယ်။ မြွေကိုက်ခံရခြင်းကြောင့် အသက်ဆုံးရှုံးခြင်း၊ အရေးပေါ် ဆေးကုသမှုခံယူရခြင်းများကို ကျေးလက်ဒေသများတွင်သာမက လူစည်ကားရာမြို့ကြီးများရှိ ဆင်ခြေဖုံးအရပ်ဒေသများ၌လည်း တွေ့မြင်လာရပါတယ်။

မြန်မာ့ဆေးဝါးလုပ်ငန်းအနေဖြင့် ယခု ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်အတွင်း ပြည်တွင်း၌ဖြန့်ဝေရန် မြွေဆိပ်ဖြေဆေး အလုံးပေါင်းရှစ်သောင်းခန့် ထုတ်လုပ်နိုင်စေရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိပြီး အဆိုပါစီမံချက်ကို ကျန်းမာရေးဝန်ကြီးဌာနမှ တရားဝင်ထုတ်ပြန်သော နှစ်အလိုက် မြွေကိုက်မှုနှုန်းနှင့် မြွေကိုက်ခံရမှုကြောင့် သေဆုံးမှုနှုန်းများအပေါ်တွင် အခြေခံကာ စီစဉ်ရေးဆွဲခဲ့ခြင်းဖြစ်ကြောင်း သိရပါတယ်။ ယနေ့ မြန်မာနိုင်ငံတွင် ပြည်တွင်း၌ ပိုမိုအစွမ်းထက်သော မြွေဆိပ်ဖြေဆေးများ ထုတ်လုပ်နိုင်စေရန်အတွက် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ WHO၊ ဩစတြေးလျနှင့် ဘရာဇီးနိုင်ငံတို့မှ အကူအညီများရယူထားကြောင်းကိုလည်း ကျန်းမာရေးဝန်ကြီးဌာနမှ သိရပါတယ်။

ယခုလို မိုးရာသီရောက်တဲ့အခါ မြွေအန္တရာယ်ကို အထူးသတိပြုသင့်ပါတယ်။ မြို့လယ်ကောင်တိုက်ခန်းတွေမှာ မြွေသတ္တဝါကို မြင်တွေ့ရခဲသော်လည်း၊ သစ်ပင်၊ လယ်မြေ၊ မြက်ချုံပေါ်များကာ ရေစပ်စပ်ရှိသော မြို့နယ်တွေမှာတော့ မြွေကိုတွေ့ရတတ်ပါတယ်။ မြန်မာပြည်ရှိ အဆိပ်ပြင်းတဲ့ မြွေနှစ်မျိုးမှာ မြွေပွေးနှင့် မြွေဟောက်တို့ဖြစ်ကြပြီး မြွေပွေးအဆိပ်က လူ့ခန္ဓာကိုယ်သွေးခဲတဲ့ စနစ်ကို ထိခိုက်ပျက်စီးစေတာကြောင့် မြွေပွေးကိုက်ခံရပါက သွေးမတိတ်ဘဲ ဦးနှောက်၊ အစာလမ်းကြောင်းတွေမှာ သွေးယိုစိမ့်ခြင်းအပြင် ဆီးထဲမှာသွေးပါပြီး ကျောက်ကပ်ပျက်စီးတတ်ပါတယ်။ မြွေဟောက်အဆိပ်ကတော့ အာရုံကြောစနစ်ကို ထိခိုက်တာကြောင့် လူနာကမှိန်းလာပြီး အာရုံခံစားမှုမရှိတော့ဘဲ ထုံကျင်လာကာ နောက်ဆုံးမှာ အာရုံကြောတွေပျက်စီး၍ ကြွက်သား လှုပ်ရှားမှုအားပျော့ပြီး အသက်ရှူခြင်းနှင့် အဆုတ်ကို ထိခိုက်လာပါတယ်။

အမှန်တကယ်တော့ မြွေတွေက လူမြင်တိုင်း လိုက်ကိုက်တတ်ကြတာမဟုတ်ပါဘူး။ မလွဲမရှောင်သာတဲ့ အချိန်ကျမှသာ (သူ့ကို တစ်စုံတစ်ခုက အန္တရာယ်ပြုမယ်လို့ ထင်တဲ့အခါမှာ သူ့ကိုယ်သူ ကာကွယ်သည့်အနေဖြင့်) လူကို ကိုက်ခြင်းသာဖြစ်ပါတယ်။ မြွေအဆိပ်ရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ အကိုက်ခံရတဲ့ နေရာမှာ နာကျင်မှုဖြစ်စေပါတယ်။ မြွေအစွယ်ကြောင့် ဒဏ်ရာအပေါက်မှ သွေးထွက်တတ်ပြီး တစ်ခါတလေ အဆင်မသင့်ရင် ထိုဒဏ်ရာပေါက်မှတစ်ဆင့် မေးခိုင်ပိုး ဝင်နိုင်ပါတယ်။ အကယ်၍ အဆိပ်ပြင်းတဲ့မြွေအကိုက်ခံရပါက ဒဏ်ရာပတ်ဝန်းကျင်မှာ ငါးမိနစ်အတွင်း ပြင်းထန်စွာ ရောင်ယမ်းနာကျင်မှုဖြစ်ကာ မီးလောင်ဒဏ်ရာကဲ့သို့ အရည်ကြည်ဖုများ ပေါ်ထွက်လာပါတယ်။ ဒါ့အပြင် ကိုက်ခံရတဲ့နေရာတစ်ဝိုက် ကြွက်သားနဲ့ အရေပြားတွေ ပျက်စီးပြီး နောက်ဆုံးမှာ ပုပ်သွားတဲ့အထိ ဆိုးရွားနိုင်တယ်။ ကိုက်လိုက်တဲ့မြွေရဲ့ အစွယ်အနက်၊ သူထုတ်လိုက်တဲ့ အဆိပ်ပမာဏနဲ့ အကိုက်ခံရတဲ့နေရာပေါ်တည်ပြီး အဆိပ်ပျံ့နှံ့တာ အနှေးအမြန်ကွာခြားပါတယ်။ ဥပမာ ဦးခေါင်းပိုင်း၊ မျက်နှာ၊ လည်ပင်းတို့ကို အကိုက်ခံရပါက နှလုံးသွေးပြန်ကြောနှင့် နီးစပ်တာကြောင့် အဆိပ်ပျံ့နှံ့တာလည်း ပိုမြန်ဆန်ပါတယ်။

(၁) Monovalent နှင့် Polyvalent ဟူ၍ မြွေဆိပ်ဖြေဆေး နှစ်မျိုးရှိပါတယ်။ Monovalent က သတ်မှတ်ထားတဲ့ မြွေအမျိုးအစား တစ်မျိုးတည်း အတွက်သာ သုံးနိုင်ပြီး Polyvalent ကတော့ မြွေအမျိုးအစား တစ်မျိုးမကတဲ့ အဆိပ်များကို ပြေပျောက်စေပါတယ်။ ဒါကြောင့် သုံးရမည့် မြွေဆိပ်ဖြေဆေးဟာလည်း မတူကြတာမို့ မြွေကိုက်ခံရရင် (ဖြစ်နိုင်ပါက)ကိုက်တဲ့ မြွေကိုပါတစ်ပါတည်း ဆေးရုံယူသွားပြဖို့ လိုအပ်ပါတယ်။ မြွေကလည်း ကိုက်ပြီးတာနဲ့ အပြေးမြန်တာကြောင့် မိမိအကိုက်ခံရတဲ့ မြွေ၏ အဆင်းသဏ္ဌာန်ကို မှတ်မိအောင်ကြည့်ထားပါ။ (မြွေဟောက်က ပါးပြင်းထောင်လေ့ရှိလို့ ခြေမျက်စိအပေါ်ကို ကိုက်တတ်ပြီး၊ မြွေပွေးကတော့ ခြေမျက်စိအောက်ကို ကိုက်လေ့ရှိပါတယ်။ အဆိပ်ရှိ မြွေ၏ ဦးခေါင်းဟာ များသောအားဖြင့် တြိဂံပုံသဏ္ဌာန်ဖြစ်ပါတယ်။)

(၂) ဒုတိယအကြိမ် ထပ်အကိုက်မခံရအောင် မြွေနဲ့ ဝေးရာကို ရှောင်ထွက်သွားပါ။ ချုံပုတ်နဲ့ဝေးရာ ညီညာပြန့်ပြူးတဲ့မြေက စိတ်ချရပါတယ်။ သို့သော် ဟိုးအဝေးကြီးသို့ တစ်ရှိန်ထိုးထွက်ပြေးဖို့ မလိုပါဘူး။ ပြေးလွှားခြင်းက နှလုံးခုန်မြန်ဆန်ကာ ခန္ဓာကိုယ်ထဲသို့ အဆိပ်ပိုမိုပျံ့နှံ့စေပါတယ်။

(၃) စိတ်ချရတဲ့ နေရာလို့ယူဆပါက ငြိမ်ငြိမ်လေးလှဲချ၍ အသက်ကိုမှန်မှန်ရှူပါ။ စိတ်ငြိမ်ငြိမ်ထားပါ။ စိုးရိမ်ထိတ်လန့်ခြင်းက နှလုံးခုန်မြန်ဆန်စေပြီး မြွေဆိပ်တွေ မြန်မြန် ပျံ့နှံ့လာစေတတ်ပါတယ်။

(၄) အဆိပ်ပြင်းတဲ့မြွေအကိုက်ခံရတဲ့အခါ ချက်ချင်းဆိုသလို ရောင်ကိုင်းလာစေတာကြောင့် ဥပမာ ခြေထောက်ကို ကိုက်ခံရရင် ဖိနပ်ချွတ်ပါ ဘောင်းဘီရှည်ဝတ်ထားရင် ခေါက်တင်ပါ။ အကယ်၍ လက်ကိုကိုက်ခံရပါက လက်စွပ်၊ လက်ပတ်နာရီတွေကို ချွတ်ပါ။ အင်္ကျီလက်ကို အပေါ်သို့ ခေါက်တင်ပါ။

(၅) မြွေကိုက်ခံရလျှင် မြွေကိုက်ဒဏ်ရာ၏ အထက်နားမှ ကြိုးဖြင့် ကြပ်ကြပ်စည်း ဓားသန့်သန့်ကို မီးကင်ပြီး အနာပေါက်ကိုခွဲ့ကာ မြွေဆိပ်များကို ပါးစပ်ဖြင့် စုပ်ထွေးထုတ်ပစ်ရမယ်လို့ ရှေးယခင်ခေတ်ကဆိုကြသော်လည်း ယခုမျက်မှောက်ခေတ်မှာတော့ ဒဏ်ရာကို ဓားနဲ့ခွဲခြင်းက သွေးထွက်လွန်၍ မြွေဆိပ်ပိုပြန့်တတ်ပြီး မေးခိုင်ပိုးပါဝင်တတ်၍ ရှေးနည်းကို မသုံးသင့်ဘူးလို့ ဆိုပါတယ်။ ဒါကြောင့် မြွေကိုက်ခံရတဲ့ အခါ (က) သွေးနဲ့ အဆိပ်ရည်တွေကို ကုန်စင်အောင်ညှစ်ပါ။ (ခ) အဆိပ်မပျံ့နှံ့စေဖို့အတွက် ဒဏ်ရာ၏ ၂ လက်မ (သို့)၃ လက်မ အထက်အပေါ်နားကနေ အဝတ်ပတ်တီးတင်းတင်းစည်းနှောင်ပါ (ဆွဲသား အလက်စတစ်စတွေကို မသုံးပါနှင့်၊ သွေးတိတ်ပတ်တီးမစည်းရ။) (ဂ) ပြင်ပကူးစက်ပိုးမဝင်စေဖို့ မြွေကိုက်ခံရတဲ့နေရာကို ဆပ်ပြာ၊ ရေတို့ဖြင့် စင်ကြယ်စွာ ဆေးပါ (ကာဘော်လစ်ဆပ်ပြာ(သို့မဟုတ်) ဒတ်တောလ်ပိုးသတ်ဆပ်ပြာရနိုင်ရင် ပိုကောင်းပါတယ်။) (ဃ) ရေခဲ မအုံပါနှင့်။ (င) ၎င်းရှေးဦးသူနာပြုစုပြီးတဲ့အခါ အဆိပ်တွေ မပြန့်အောင် ငြိမ်ငြိမ်လေးနေပါ။ ဆေးရုံ၊ ဆေးခန်းသို့သွားတဲ့အခါမှာလည်း ခန္ဓာကိုယ်ကို အတတ်နိုင်ဆုံးငြိမ်ငြိမ်လေးထားပြီးနေပါ။

(၆) တောရွာတွေမှာတော့ ပိုးထိတယ်လို့ ခေါ်ဆိုလေ့ရှိပါတယ်။ အောက်ပါ အိမ်တွင်းကုထုံးလေးများကလည်း မြွေဆိပ်အန္တရာယ်မှ ကာကွယ်ပေးနိုင်တာကြောင့် အရေးပေါ်အသုံးပြုနိုင်ရန် မှတ်သားထားသင့်ပါတယ်။ (က) မြင်းခွာရွက်စားပါ၊ မြင်းခွာရွက်ကိုကြိတ်၍ ရလာသော အရည်ကို ဒဏ်ရာပေါ် လူးအုံပေးပါ။ (သို့) ဆေးမြင်းခွာရွက်အနီပင်ကို ကျင်ငယ်ရေ(ဆီး)နှင့် သွေး၍ မြွေကိုက်ဒဏ်ရာပေါ် လူးပေးပါ။ (ခ) ကြက်သဟင်းရွက်စားပါ။ ကြက်သဟင်းပင်အမြစ်ကို ထောင်းထု၍ ရေစိမ်သောက်ပါ။ (ဂ) ဆေးခါးကြီးပင် (ခေါ်) ရှမ်းဆေးခါးကြီးပင် အခြောက်မှုန့် ထမင်းစားဇွန်း တစ်ဇွန်းကို ရေနွေးဆူဆူကိုမတ်ခွက်ကြီး တစ်လုံးနှင့် ဖျော်၍ လက်ဖက်ရည်ကြမ်းပန်းကန် နှစ်လုံးသောက်ပါ။ အကယ်၍ ဆေးခါးကြီးပင်အစိမ်းရရှိပါက ဆေးပင်လက်တစ်ဆုပ်ကို ရေသုံးပုလင်းထည့်၍ တစ်ဝက်ခန်းအောင်ကျိုပြီးသောက်ပါ။ မြွေကိုက်ခံရသူဟာ ရေအလွန်ဆာတာကြောင့် ရေကျက်အေး အသင့်ထား၍ ဆေးရည်တစ်ဇွန်းခန့်သောက်ပြီးနောက် ရေဆာတိုင်း ၎င်းရေကျက်အေးသောက်ပါ။ (သတိလစ်၍ သွေးအန်နေသူ လူနာပင် ပြန်လည်ကောင်းမွန် လာနိုင်ပါတယ်)၊ (ဃ) မြွေကိုက်ခံရတဲ့အခါ မြွေအစွယ်ရာ နှစ်ပေါက်ဖြစ်တာကြောင့် ကြက်ဥ(အစိမ်း)ကို ဒဏ်ရာနဲ့တိုင်းပြီး အပေါက်နှစ်ပေါက်ဖောက်၍ ကပ်ပေးပါ။ ကြက်ဥက ဒဏ်ရာထဲကအဆိပ်ကို မိနစ်ပိုင်းအတွင်း စုပ်ယူသွားပါလိမ့်မယ်။ လိုအပ်ရင် နောက်ထပ်ကြက်ဥ အသစ်ကို သုံးနိုင်ပါတယ် (ကြက်ဥကို ခွဲကြည့်ရင် မြွေဆိပ်တွေ့ပါတယ်။ ထိုကြက်ဥကို သေသေချာချာ စွန့်ပစ်ဖို့တော့လိုပါတယ်)၊ (င) ဣသရမူလီအမြစ်ကို သွေးလိမ်းပေးခြင်းဖြင့် မြွေဟောက်အဆိပ်ကို တစ်ဟုတ်ချင်းပြေစေနိုင်ပါတယ်။ (စ) သကြားသီးအစေ့နှင့် အရွက်တို့ကိုထောင်းထုကာ သတ္တုရည်လိမ်းကျံပေးခြင်းဖြင့် အဆိပ်ပြေစေနိုင်ပါတယ်။ (ဆ) နေအိမ်ခြံဝန်းထဲတွင် ပင်စိမ်းပင် စိုက်ပျိုးထားခြင်းဖြင့် မြွေအန္တရာယ်မှ ကင်းဝေးစေနိုင်ပါတယ်။ မြွေကိုက်ဒဏ်ရာပေါ် ပင်စိမ်းရွက်ကိုကြိတ်အုံပေးခြင်းဖြင့် အဆိပ်ပြေစေပါတယ်။ (ဇ) မြွေကိုက်ခံရပါက ဆေးရုံ၊ ဆေးခန်းသို့မသွားခင် အဆိပ်ရဲ့စုဖွဲ့မှုကိုအပူနဲ့တိုက်ထုတ်တဲ့အနေဖြင့် ဆားရည်ပျစ်ပျစ် ဖျော်သောက်ပေးပါ။ (ဈ) သဘော်သီးအကင်းကို ထိပ်မှဖြတ်ပြီး မြွေအကိုက်ခံရသည့်နေရာတွင် ကပ်ပေးခြင်းဖြင့် အဆိပ်ဖြေကာ အနာအမြန်ဆုံး ကျက်စေပါတယ်။ (ည) ခြံနှင့် အိမ်ပတ်ဝန်းကျင်ကို ဆီးဖြူသီးဖြန့်ပစ်ထားပါ။ (ဋ) ခြံပတ်ပတ်လည်ကို Kiss Me Quick ပင်၊ ရှဉ့်မတက်ပင်၊ နှင်းဆီပင် စတဲ့ ဆူးခက်များပါရှိသော အပင်များစိုက်ပျိုးထားခြင်းဖြင့် မြွေမလာနိုင်အောင် တားဆီးနိုင်ပါတယ်။ (ဌ) ရှေးမြန်မာကြီးများကတော့ မြွေကိုက်ခံရသော လူနာအားကျည်းနီသီး၏ အဆန်ကို မှုန့်ညက်နေအောင်ကြိတ်၍ မျက်စိနှစ်ဖက်စလုံးမှာ ခတ်ပေးခြင်းဖြင့် အသက်ချမ်းသာရာ ရစေတယ်လို့ ဆိုပါတယ်။ (ဍ) ရှေးမြန်မာကြီးများလက်ထက်က ပိုးထိသောသူ၏ ဒဏ်ရာမှ အဆိပ်ကို ရှေးဦးသူနာပြုစုနည်းဖြင့် ပါးစပ်ဖြင့် စုပ်ထုတ်စဉ် ၎င်းအဆိပ်ဟာ ပါးစပ်ထဲသို့ မတော်တဆဝင်၍ မျိုချမိ တယ်ဆိုပါစို့၊ ထိုပြဿနာအတွက် ဆင်၏ချေး (မစင်) သွေး၍သောက်ခြင်းဖြင့် အဆိပ်ပြေခဲ့ကြပါတယ်။

မြို့ပေါ်တွေမှာလည်း မိုးသည်းထန်စွာရွာသွန်းမှုတွေကြောင့် ရေမြောင်းတွေလျှံတက်လာပြီး လမ်းသွယ်များသာမက၊ အိမ်ခြံဝင်းထဲထိပါ ရေတက်လာပါတယ်။ အဆိုပါ ရေဆိုးမြောင်းရေများနှင့်အတူ မြွေဆိုးများလည်း ပါလာတတ်ပါတယ်။ မြွေအကိုက်မခံရအောင် ရေမြောင်းများကို ရေစီးရေလာကောင်းအောင် ပြုပြင်ပါ၊ ခြံတွင်းထဲမှာ သတိထားသွားလာပါ။ မြက်ဖုတ်များ၊ မြေတွင်းများနှင့် သစ်ခေါင်းပေါက်များကို ဝေးဝေးရှောင်ပြီး သွားလာပါ။ အိမ်မွေးခွေးများက မြွေအန္တရာယ်ကို ကြိုသိမြင်တတ်လို့ ခွေးတွေ စူးစူးဝါးဝါးဟောင်ရင် ဂရုတစိုက်စစ်ဆေးပါ။ ညဘက် အပြင်ထွက်တဲ့အခါမှာလည်း လက်နှိပ်ဓာတ်မီးနှင့် မြွေကိုအသံဖြင့် ခြောက်လှန့်နိုင်စေဖို့ ဒုတ်(တုတ်)ရှည်ရှည် ဆောင်သွားပါ။ မြွေရှိတတ်တဲ့ တချို့မြို့နယ်များတွင် ရေချိုးခန်း၊ အိမ်သာ၊ မီးဖိုချောင်၊ ရေမြောင်းများကို သန့်ရှင်းရေးဂရုစိုက်ကြပါရန်နှင့် မိမိအိပ်ရာခုတင်အပေါ်၊ အောက်တို့ကို သတိနှင့်ဆင်ခြင်၍ မြွေအန္တရာယ်မှ ကာကွယ်ကြပါရန် သတိပေးနှိုးဆော်လိုက်ရပါတယ်။ ။

**နှစ်အလိုက် မြွေကိုက်မှုနှုန်းနှင့် မြွေကိုက်ခံရမှုကြောင့် သေဆုံးမှုနှုန်းများအပေါ် တွင် အခြေခံကာ စီစဉ်. . .**

## သနပ်ပင်ကျေးလက်ဦးစီးဌာနမှ ဆင်းရဲမှုနှုန်း လျှော့ချရန် စီမံကိန်းဆောင်ရွက်


**သနပ်ပင် ဩဂုတ် ၆**

ပဲခူးခရိုင် သနပ်ပင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ ဇူလိုင်လဆန်းမှ စတင်ပြီး မြစိမ်းရောင် ကျေးရွာ စီမံကိန်း ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် ရွေးချယ်ထားသော ကျေးရွာများအား ကွင်းဆင်း၍ စီမံကိန်း၏ ရည်ရွယ်ချက်၊ ဆောင်ရွက်ရမည့် နည်းလမ်းနှင့် ကော်မတီဖွဲ့စည်းခြင်းကို ဆောင်ရွက်လျက်ရှိရာ ဇူလိုင် ၂၈ ရက်က ဖရဲကျေးရွာရှိ ဒေသခံပြည်သူများအား သနပ်ပင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုး တက်ရေးဦးစီး ဌာနမှ ဦးစီးမှူး ဒေါ်နီနီဝင်း က ရှင်းလင်းပြောကြားပြီး ရွာသူရွာသားများဆန္ဒဖြင့် ဥက္ကဋ္ဌ ဦးအောင်ဝင်းပါ ၁၁ ဦးအား ကျေးရွာ ကော်မတီများအဖြစ် ဖွဲ့စည်းတာဝန်ပေးခဲ့သည်။

“မိသားစုဝင်ငွေတိုးပြီး ကျေးလက်ဒေသ ဆင်းရဲမှုနှုန်း လျှော့ချရန်၊ တစ်ပိုင်တစ်နိုင် စိုက်ပျိုး၊ မွေးမြူရေးလုပ်ငန်း ဆောင်ရွက်နိုင်ရန်၊ ကျေးလက် ကုန်ထုတ်လုပ်ငန်းများ ဖွံ့ဖြိုးစေရန် စီမံကိန်းဆောင်ရွက်မယ့် ကျေးရွာတစ်ရွာကို အရင်းမပျောက်လည်ပတ်ရန်ပုံငွေအဖြစ် နိုင်ငံတော်ဘတ်ဂျက်မှ သိန်း ၃၀၀ မတည်ပေးမှာဖြစ်ကြောင်း မြို့နယ်ကျေးလက်ဦးစီးမှူး ဒေါ်နီနီ ဝင်းက ပြောသည်။

သနပ်ပင်မြို့နယ်အတွင်းရှိ ကျေး ရွာများဖြစ်သော ဖရဲ၊ ကမာဖရုံ၊ အနီး ကိုက်၊ မင်းရွာကျောင်းစု၊ ကျိုက်ပဒိုင် ရေး၊ အပိုင်၊ ရွှေအိုး၊ ကသစ်ဝိုင်၊ လွမ်းပြေ၊ ကျီးပင် စသော စီမံကိန်းဆောင်ရွက်မည့် ကျေးရွာ ၁၀ ရွာအား တစ်ရွာလျှင် နိုင်ငံတော်ဘတ်ဂျက်မှ သိန်း ၃၀၀ မတည်ပေးပြီး ရေရှည်တည်တံ့စေရန် ဆောင်ရွက်သွားမည် ဖြစ်ကြောင်း သိရသည်။

**တင်အောင်ဆန်း(သနပ်ပင်)**



# ကမ္ဘာကုန်ကျယ်သရွေ့ဝယ်

တက္ကသိုလ်ဘုန်းနိုင်

*ရသစာပေသည် စာဖတ်ပရိသတ်များအား ညှို့ယူဖမ်းစားနိုင်၏။ ထိုစာပေကို ရသမြောက်အောင် ရေးဖွဲ့နိုင်ရန်မှာ စာရေးသူ၏ စာဖတ်ပရိသတ်အပေါ်ထားရှိသော စေတနာမှာ အရေးပါ၏။ ဆရာတက္ကသိုလ်ဘုန်းနိုင် မှာ စာဖတ်သူများအပေါ် အကျိုးအမြတ်မပါ။ ဆန္ဒစွဲမရှိ၊ ရိုးသားစွာဖြင့်ဘဝနှင့် ခံစားမှုတစ်ထပ်တည်းကျအောင် ရေးသားနိုင်သော စေတနာရှိ၏။ ထို့ကြောင့် ဆရာ၏ ရသစာပေများမှာ စာဖတ်ပရိသတ်များကြားဝယ် ယနေ့ထက်တိုင် တောက်ပနေဆဲဖြစ်၏။ ဆရာ၏ စာပေတွင် လူတို့၏ စရိုက်၊ လူတို့၏ ဘဝအမှန်တို့ကို သူတို့ဖြတ်သန်းရာခေတ်ကာလ အခြေအနေများနှင့် ထင်ဟပ်ဖော်ပြရာတွင် အရောင်အသွေးမရှိဘဲ ပကတိ အခြေအနေပေါ်လွင်အောင်ရေးဖွဲ့ထား၏။ ထို့ကြောင့်ခံစားမှုများနှင့်အတူ ဘဝအတွေးအခေါ်များလည်းရ၏။ အသိအမြင်များလည်း တိုး၏။ ခေတ်သမိုင်းကိုလည်း ထင်ဟပ်ရှုမြင်နိုင်၏။ ဤသည်ကား စာရေးသူ၏ စေတနာ အရင်းခံဖြစ်၏။ ယခု 'ကမ္ဘာကုန်ကျယ်သရွေ့ဝယ်' တွင်လည်း စာဖတ်ပရိသတ်များ ဤသို့ ရှုမြင်ခံစားနိုင်မည်ဟု ယုံကြည်ပါသည်။ (စာတည်း)*

**ယမန်နေ့မှအဆက်**

ဤနီကြန့်ကြန့် ဆံပင်တို့ထက် ပြာတွေက ဖွေးဖွေးဖြူအောင် တင်နေသည်။ ယခင်က ဒေါ်လေးသက်သက်၏ မျက်တောင်ကြီးများမှာ ရှည်၍ ကော့သည်ကို နွယ်မှတ်မိသည်။ ယခု ဒေါ်လေး၏ မျက်တောင်တို့ကား ကော့တော့ကော့သေးသည်။ မရှည်တော့။ ဒေါ်လေး၏ မျက်နှာနှင့် လည်ပင်းတို့တွင် ကြေးကွက်ကျားထင်နေ၏။ ကြေးလွတ်သော နေရာတို့က မှိန်ဖျော့ဖျော့ဝါနေသေးသည်။ ဒေါ်လေး၏ လက်များ၌ အမွေးအမှင်မရှိတော့။ အသားက ဝင်းဝါဆဲ ဖြစ်သောကြောင့် ထိုးထောင်ပေါ်လွင်နေသော အကြောစိမ်းကြီးများကို မြင်နေရ၏။ ဤအကြောစိမ်းများ ထိုးထောင် ဖြာထွက်နေသော လက်ခုံပေါ်တွင် မုန့်ညက်ရည်ဖြူဖြူတို့က ပေကျံနေ၏။ ဒေါ်လေး ဝတ်ထားသော ရှံသားအင်္ကျီမှာမူ အိမ်က အစေခံလှခင်တို့ ဝတ်ထားလျှင် ဆီချေးတက် ညစ်ပတ်သည်ဟု မေမေက ဆူပူပြီး ချွတ်ခိုင်းမည့် အင်္ကျီဘဝရောက်နေသည်။ ဒေါ်လေး၏ သရက်ထည် ထဘီမှာ အကွက်ပေါ်သေးသော်လည်း ညစ်နွမ်းနေ၏။

နွယ်သည် သက်ပြင်းလေး ရှိုက်လိုက်ပြီး သူ့ဒေါ်လေးကို ခေါ်သည်။

"ဒေါ်လေးသက်သက်. . ." ဒေါ်လေသက်သက်က ကျက်နေပြီဖြစ်သောအကြော်များကို ဆန်ခါဖောက်ယောက်မနှင့် ဆယ်ရင်းလှည့်မကြည့်ဘဲ စကားပြန်၏။

"အင်. . . ဘာလဲ နွယ်"

"ဒီမှာ . . . လှည့်ကြည့်စမ်းပါ ဒေါ်လေးရဲ့"

ဒေါ်လေးသက်သက်က လှည့်ကြည့်သည်။

နွယ်က လွယ်အိတ်အတွင်းမှ ငွေစက္ကူတစ်ထုပ်ကိုယူပြ၏။ ငွေစက္ကူထုပ်ထက်တွင် သရဖူဆောင်းထားသော ဗြိတိသျှအင်ပါယာခင် ဆဋ္ဌမမြောက်ဂျော့ဘုရင်မင်းမြတ်၏ ပုံတော်က မပြုံးမရယ် ရာဇက္ကန္ဒြေအပြည့်နှင့် ရှိတော်မူနေ၏။

"အားလုံးပေါင်း တစ်ထောင် . . . တဲ့၊ တစ်ထောင်ဆိုတာ တစ်ရာ တစ်ရာ တစ်ဆယ်. . . တဲ့ သိလား သက်သက်၊ ဘွားဘွားက သက်သက်ဖို့ နွယ့်ကိုပေးခိုင်းလိုက်တာ"

ဒေါ်လေးသက်သက်၏ မျက်နှာသည် ညိုသွား၏။ လေသံမှာလည်း မသိသာ မာပြီးပြောသည်။

"မိလေးနွယ် နင်ဒါတွေ ဒေါ်လေးဆီ ယူလာပြန်ပြီလား"

မိလေးနွယ်ခေါ် မလေးနွယ်ခေါ် နွယ်က ရုတ်တရက်ဘာပြန်ပြောရမှန်းမသိ။ သူ့ဒေါ်လေးသက်သက်ကိုသာ မျက်လုံးဝန်းဝန်းလေးများနှင့် သနားဖွယ် ပြန်ကြည့်နေ၏။

ဒေါ်လေးသက်သက်ကသာ သတိဝင်သွားဟန်နှင့် လေသံဖျော့ပြီးဆိုသည်။

"နွယ်လာတိုင်း ဘွားဘွားဆီက ငွေတွေယူယူလာတယ်၊ ယူလာတိုင်းလည်း ဒေါ်လေးဘယ်တုန်းက လက်ခံဖူးလို့လဲ"

မလေးနွယ်ကလည်း ထိုအခါကျမှ သူ့အသံချိုချိုလေးနှင့်ပျော့ပျော့ပြောသည်။

"အင်းလေ. . . ဒါကို နွယ် သိသားပေါ့၊ ဘွားဘွားက ယူသွားဆိုတော့လည်း နွယ်ယူလာရတာပဲ၊ ဒေါ်လေးက ပြန်ယူသွားဆိုတော့လည်း နွယ်ပြန်ယူသွားရတာပဲ၊ ဘွားဘွားနဲ့ဒေါ်လေးကြားမှာ နွယ်ကဘာလုပ်ရတော့မလဲ"

မလေးနွယ်က အရွယ်နှင့် မလိုက်အောင် လူကြီးဆန်ဆန်လေးညည်းလိုက်သောကြောင့် ဒေါ်လေးသက်သက်မှာ ရင်ထုမနာဖြစ်သွားပြီး ရုတ်တရက်စကားမပြန်နိုင်။ နွယ်ကသာ ပျော့ပျော့သွားသော သူ့ဒေါ်လေး၏ မျက်နှာကို မြင်ရသဖြင့်ထပ်မံတိုက်တွန်းသည်။

"ဒေါ်လေးသက်သက်"

"ဘာလဲကွယ်. . . နွယ်ရယ်"

"ဦးလေးစိုးခိုင်တို့ သပိတ်မှောက်ထားတာကြာပြီ မဟုတ်လား"

"အင်းလေ. . . နွယ်သိသားပဲ၊ မနှစ် ပြာသိုလကတည်းကပဲဟာ"

"ဒါဖြင့်ဒေါ်လေးတို့ လခမရတောကြာပြီပေါ့"

ဒေါ်လေးသက်သက်သည် မဖြေဘဲ အကြော်အိုးကိုသာမွှေနေ၏။

"ဟုတ်ပါတယ်. . . မရပါဘူး၊ ဒေါ်လေး အကြော်ရောင်းရတာနဲ့စားနေကြရတာ မဟုတ်လား၊ မောင်လေးသက်ခိုင်တောင် ကျောင်းထွက်လိုက်ရပြီဆို"

"နွယ် ဒါတွေ ဘယ်က သိသလဲ"

"သိတာပေါ့၊ ဦးလေးကိုချစ်တိုးက ပြောပြတယ်၊ ဘွားဘွားကလည်း သိသွားလို့ ဒီပိုက်ဆံတွေ ပေးခိုင်းလိုက်တာ၊ ဒီတစ်ခါတော့ ယူနော်. . . ယူနော်. . . ဒေါ်လေး"

"မယူပါရစေနဲ့နွယ်ရယ်. . . သူတို့က ဒေါ်လေးတို့ကို သေခန်းဖြတ်ထားခဲ့တဲ့ လူတွေမဟုတ်လား၊ သေခန်းဖြတ်ထားပြီးမှ ငွေတော့ မကူကြပါနဲ့၊ ဒေါ်လေးကို ချစ်ရင် နွယ်လည်း ပိုက်ဆံတွေ ဇွတ်လာလာမပေးနဲ့၊ အဲဒီလိုလာလာပေးနေရင် နွယ်နောက် ဒေါ်လေးဆိုင် မလာရတော့ဘူး"

နွယ်သည် ခေါင်းလေးစိုက်ကျသွား၏။ ခါတိုင်းလိုပင် သူ့ဒေါ်လေးသက်သက်ကို သူ့အရှုံးပေးလိုက်ရပြီ ဆိုခြင်းကို သူ နားလည်လိုက်၏။ ဒေါ်လေးသက်သက်သည် နွယ် မှိုင်မှိုင်လေး ဖြစ်သွားသည်ကိုမြင်သောကြောင့် သူကိုယ်တိုင် လည်း ဇွတ်ပြုံးလိုက်ရပြီ "ရော့. . . နွယ်၊ ဒီပဲကြော်က ကြွပ်တယ်၊ စားဦး . . . ပူတော့ပူမနော်"

ဟု ဆို၍ ပဲလုံးကြော်တစ်ချပ်ကိုပေးသည်။

နွယ်သည် ပဲလုံးကြော်ချပ်ကို မယူချင် ယူချင် လှမ်းယူပြီး ခေတ္တငိုင်ငိုင်လေး ငြိမ်နေ၏။ ထိုနောက်မှ ကောက်ကာငင်ကာ မေး၏။ "ဒေါ်လေးသက်သက်. . . သေခန်းဖြတ်တယ်ဆိုတာ ဘာကိုပြောတာလဲ"

"သေခန်းဖြတ်တယ်ဆိုတာက တစ်ယောက်နဲ့ တစ်ယောက်မတွေ့ကြတော့ဘူး၊ သေတောင် မလာကြတော့ဘူး၊ အဲဒါကို ပြောတာ"

နွယ်သည် နားမလည်နိုင်သယောင် သူ့ဒေါ်လေးကို မော့ကြည့်၏။ နွယ် နားမလည်းမှန်းကို ဒေါ်လေးသက်သက်က သိသည်။ ထို့ကြောင့် ဆက်ပြောသည်။

"အခု ဖေဖေ ဆုံးတဲ့ သုံးနှစ်မြောက်အလှူမှာ ဘယ်သူတွေလာကြသလဲ နွယ်၊ ကိုကိုကြီး ရောက်ပြီလား"

"ဖေဖေ မရောက်သေးဘူး၊ မေမေတော့ ရောက်နေပါပြီ"

"ကိုကိုလေးတို့ကော. . ."

"ဦးလေးတို့တော့ ရောက်ပြီ၊ သူ့မိန်းမလည်းပါတယ်၊ ဒါထက် ဒေါ်လေး . . . ဦးလေးလေးမိန်းမကို နွယ် သိပ်မုန်းတာပဲ"

"ဘာဖြစ်လို့ မုန်းရတာလဲနွယ်"

"အို. . . မုန်းတာပေ့ါ၊ မျက်ခုံးမွှေးတွေကို နုတ်ပြီး ဆေးနဲ့သေးသေးလေးဆိုးထားတယ်၊ အငြိမ့်မင်းသမီးလည်း မဟုတ်ဘဲနဲ့ ပါးစပ်မှာလည်းဆေးအနီတွေ လိမ်းထားသေးတယ်"

"ထားပါတော့လေ၊ ကိုကိုကြီးလည်း လာမယ်၊ ကိုကိုလေးတို့လည်းရောက်ပြီ၊ ဒါပေမဲ့ ဒေါ်လေးတို့ကိုတော့ သူတို့မဖိတ်ကြဘူးကွဲ့၊ ဖိတ်ရင်လည်းဒေါ်လေးတို့က မလာဘူး၊ လာရင်လည်း သူတို့က လက်ခံမှာ မဟုတ်ဘူး၊ အဲဒါကို သေခန်းဖြတ်တယ်လို့ ခေါ်တယ်"

"ဒါပေမဲ့ ဘွားဘွားကတော့ လက်ခံမှာပါ"

"ဒေါ်လေးတို့ကို သေခန်းဖြတ်လိုက်သူတွေက ဖေဖေရယ်၊ ကိုကိုကြီးရယ်. . . ကိုကိုလေးရယ်၊ မမရယ်. . . မေမေတော့ မပါပါဘူး၊ ဒါပေမယ့် နွယ်က ငယ်လို့ မှတ်မိချင်မှ မှတ်မိမယ်၊ ဖေဖေ သေတုန်းက ဒေါ်လေးတို့သွားကြတော့ သူတို့က ဝိုင်းမောင်းထုတ်တယ်လေ၊ ဖေဖေ့အလောင်းကို ကန်တော့ရုံသာ ကန်တော့ခဲ့ရပြီး ဒေါ်လေးတို့ ပြန်ခဲ့ရတယ်၊ အဲဒီတုန်းကတည်းက မေမေ ဘာမှမတတ်နိုင်ဘူး၊ အခု မေမေက အောက်ပိုင်ချည့်ပြီးအိပ်ရာထဲ လဲနေပြီ မဟုတ်လား၊ သာပြီးတော့ မတတ်နိုင်တော့တာပေ့ါ နွယ်ရယ်"

စကားအဆုံး၌ ဒေါ်လေးက ကျက်နေသော မုန့်ကြော်များကို ဆန်ခါနှင့် ဆယ်ယူသည်။ နောက်တစ်ကြိမ်မဆယ်မီ အင်္ကျီလက်မောင်းစနှင့် မျက်လုံးမှ မျက်ရည်များကိုတို့သုတ်လိုက်၏။

သူ့အဒေါ်လေးမျက်ရည်ကျသည်ကို မြင်သဖြင့် ဘုမသိဘမသိဘဲ နွယ်ကလည်း မျက်ရည်ဝိုင်းမိ၏။

ထိုစဉ် သီချင်းသံလေးတစ်ခုက ပေါ်လာသည်။ သီချင်းသံရှင်မှာ လူငယ်လေးတစ်ဦး ဖြစ်၏။

**ဆက်လက်ဖော်ပြပါမည်။**

**(၁၉၆၆ ခုနှစ်က ထုတ်ဝေခဲ့သော ဆရာတက္ကသိုလ်ဘုန်းနိုင်၏ စာအုပ်မှ အခေါ်အဝေါ်နှင့် အသုံးအနှုန်းများ၊ စာလုံးပေါင်းသတ်ပုံနှင့် သဒ္ဒါအထား အသိများကို မူရင်းအတိုင်း ဖော်ပြခြင်းဖြစ်ပါသည်။)**


## စိုက်ပျိုးရေးကုမ္ပဏီမှသင်တန်းသားဝန်ထမ်းများ အလိုရှိသည်

၁။ လိုအပ်သည့်အရည်အချင်းနှင့်သတ်မှတ်ချက်များ
(က) လက်ရှိလယ်ယာလုပ်ကိုင်နေသူ(သို့)လယ်ယာလုပ်ငန်း လုပ်ကိုင်မှုတွင် အတွေ့အကြုံရှိသူ။
(ခ) အလယ်အတန်းအဆင့်ပညာအရည်အချင်းရှိသူ (အသက်-၂၀မှ ၄၀အတွင်း ဖြစ်ရမည်။)
(ဂ) ကျန်းမာရေးကောင်းမွန်ပြီး အသောက်အစားကင်းရှင်းသူ၊ စိုက်ခင်းတွင် လက်တွေ့သရုပ်ပြ ကွင်းဆင်းလုပ်ဆောင်နိုင်သူ။
၂။ လုပ်ကိုင်ရမည့်အချက်အလက်နှင့်ခံစားခွင့်
(က) ၆-လမှ တစ်နှစ်တွင်း ကုမ္ပဏီစိုက်ခင်းတွင် စိုက်ပျိုးရေးပညာ သင်ကြားပို့ချပေးမည်။
(ခ) သင်တန်းကာလအတွင်းကုမ္ပဏီမှ နေစရိတ်၊ စားစရိတ် စီစဉ်ပေးမည့်အပြင် လစဉ်(၁)သိန်းကျပ် ထောက်ပံ့ပါမည်။ သင်တန်းပြီးဆုံးချိန် လုပ်ငန်းကို ကြိုးစားလုပ်ကိုင်သူများအား ကုမ္ပဏီမှ ဂုဏ်ပြုဆုငွေချီးမြှင့်မည်။
(ဂ) သင်တန်းကာလအတွင်း အဓိကသင်ကြားပေးမည့်ပညာ-ခရမ်းချဉ်သီး၊ ထိုင်ဝမ်ပြောင်းဖူးစိုက်ပျိုးခြင်း၊ မျိုးစပ်ခြင်းနှင့်မျိုးစေ့ထုတ်လုပ်မှုပညာ
(ဃ) သင်တန်းသား/သူများသည် ကုမ္ပဏီ၏နည်းပညာဆရာ ညွှန်ကြားချက်အတိုင်း မျိုးစေ့ကြဲခြင်း၊ စိုက်ပျိုးခြင်း၊ မျိုးစပ်ခြင်း၊ မျိုးစေ့သိမ်းကာလအထိ သတ်မှတ်ထားသည့် ဧရိယာတွင် တာဝန်ယူပြီး ဆောင်ရွက်ရမည်။
(င) သင်တန်းပြီးဆုံးသည့်အခါ အရည်အချင်းပြည့်မီသူများအား ကုမ္ပဏီမှ အမာခံဝန်ထမ်းအဖြစ် ခန့်အပ်ပါမည်။ ကုမ္ပဏီမှ အမာခံဝန်ထမ်းအား ကိုယ်စားလှယ်အဖြစ်ခန့်အပ်ပြီး မိမိနေထိုင်သည့် ဒေသသို့ပြန်၍ မျိုးစပ်၊ မျိုးစေ့ထုတ်လုပ်လုပ်ငန်းကို ဖွံ့ဖြိုးတိုးချဲ့နိုင်ပါသည်။
၃။ သင်တန်းပေးမည့်နေရာ-မန္တလေးတိုင်းဒေသကြီး(သို့) စစ်ကိုင်းတိုင်းဒေသကြီး
-လျှောက်ထားလိုသူများသည် ကိုယ်ရေးရာဇဝင်နှင့် စိုက်ပျိုးရေးအတွေ့အကြုံ ဓာတ်ပုံ(၂)ပုံအား အောက်ပါကုမ္ပဏီလိပ်စာအတိုင်း လျှောက်လွှာများ ပေးပို့နိုင်ပါသည်။

ယုံလို့လယ်ယာဖွံ့ဖြိုးရေးကုမ္ပဏီလီမိတက်
အမှတ်(၄၈)၊ ၇၁-လမ်း၊ ၃၂×၃၃လမ်းကြား၊ မန္တလေးမြို့။
ဖုန်း-၀၉-၂၀၁၆၀၉၈၊ ၀၉-၇၉၇၄၆၀၈၈၉
-ကုမ္ပဏီမှနှစ်သက်ရွေးချယ်သောသူများအား အင်တာဗျူးရန် ဖုန်းဖြင့်ဆက်သွယ်ပါမည်။ ကိုယ်တိုင်လာရောက် အင်တာဗျူးသူကို လမ်းစရိတ်ထောက်ပံ့ပါမည်။




## ရုပ်ရှင်မြှင့်တင်ရေးဌာနခွဲ
## အိတ်ဖွင့်တင်ဒါလျှောက်လွှာခေါ်ယူခြင်း

၁။ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ရုပ်ရှင်မြှင့်တင်ရေးဌာနခွဲရှိ ပစ္စည်းဟောင်းများအား မျက်မြင်အခြေအနေအတိုင်း အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချသွားမည် ဖြစ်ပါသည်။
၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ၅-၈-၂၀၁၅ ရက်မှ ၄-၉-၂၀၁၅ ရက်အထိ ရုံးဖွင့်ရက်များ၌ ရုံးချိန်အတွင်း ရုပ်ရှင်မြှင့်တင်ရေးဌာနခွဲ၊ အမှတ်(၂၈)၊ ကုက္ကိုင်းရိပ်သာလမ်း၊ ဗဟန်းမြို့နယ်တွင် လာရောက်ဝယ်ယူနိုင်ပါသည်။
၃။ အိတ်ဖွင့်တင်ဒါမတင်သွင်းမီ မျက်မြင် အခြေအနေအတိုင်း ရောင်းချသည့် ပစ္စည်းဟောင်းများအား ၅-၈-၂၀၁၅ ရက်မှ ၄-၉-၂၀၁၅ ရက်အထိ ရုံးဖွင့်ရက်များ၌ ရုံးချိန်အတွင်း အထက်ပါလိပ်စာသို့ လာရောက်ကြည့်ရှုနိုင်ပါသည်။
၄။ အိတ်ဖွင့်တင်ဒါများကို ၇-၉-၂၀၁၅ ရက်၊ နံနက် ၁၀း၀၀ နာရီမှ ၁၃း၀၀နာရီအတွင်း အထက်ပါလိပ်စာရှိ တင်ဒါရောင်းချသည့် အဖွဲ့ဝင်များရှေ့မှောက်သို့ လာရောက်ပေးသွင်းရန်ဖြစ်ပြီး ၁၃း၀၀ နာရီတွင် အိတ်ဖွင့်တင်ဒါဖွင့် ဖောက်ရောင်းချမည်ဖြစ်ပါသည်။
၅။ ၂-၉-၂၀၁၅ ရက် ၁၃း၀၀ နာရီနောက်ပိုင်း တင်သွင်းသည့် အိတ်ဖွင့်တင်ဒါဖောင်များအား လက်ခံစဉ်းစားမည် မဟုတ်ပါ။

အိတ်ဖွင့်တင်ဒါရောင်းချရေးအဖွဲ့
ဖုန်း-၀၉-၇၉၉၉၇၅၄၂၃၊ ၀၁-၅၃၆၀၃၀



**ဖခင်အမည်မှန်**
တပ်ကုန်းမြို့၊ အထက(၂)ဒသမတန်းမှ မအေးငြိမ်းသူ[၉/ပဗသ(နိုင်)၀၁၀၇၂၂]၏ ဖခင်အမည်မှန်မှာ ဦးသိန်းဌေး[၉/တကန(နိုင်) ၁၀၇၇၂၈]ဖြစ်ပါကြောင်း။
ဦးသိန်းဌေး[၉/တကန(နိုင်)၁၀၇၇၂၈]


## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

အင်းစိန်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၄၁၄/A၊ မြေကွက်အမှတ်(၈၅)၏ တစ်စိတ်တစ်ဒေသ၊ မြေကွက်တည်နေရာ အမှတ်(၇၄)၊ အာဇာနည်လမ်း၊ (၅)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ အစိုးရအမည်ပေါက် က-Lမြေအား ဒေါ်မေဇင်ဇင်ဦး[၂/ဖရဆ(နိုင်)၀၁၂၇၁၂]က အရပ်ကတိအရောင်းအဝယ်စာချုပ်တင်ပြ၍ အထူးဝန်ဆောင်ခနှုန်းဖြင့် ဂရန်သစ်လျှောက်ထားလာခြင်းအား ဤဌာနမှ မြေချပါမစ်ဆောင်ရွက်သွားမည်ဖြစ်ပါ၍ တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ



## ဦးစိန်သန်းဦး[၁၃/ရစန(နိုင်)၀၀၈၁၀၉]၏ ကြေးမုံသတင်းစာနှင့် မြန်မာ့အလင်းသတင်းစာတွင် ရန်ကုန်မြို့ စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ ၁၆-၁၂-၂၀၁၄ရက်စွဲပါ၊ အထွေထွေ ကိုယ်စားလှယ်လွှဲစာအမှတ်(၃၂၇၃၇/၂၀၁၄)အား ၂၂-၇-၂၀၁၄ရက်မှစ၍ ရုပ်သိမ်းပြီးဖြစ်ပါကြောင်း ကြော်ငြာချက်သည် မှားယွင်းပြီး ပြန်လည်ရုပ်သိမ်းခွင့်မရှိသော အထူးကိုယ်စားလှယ်လွှဲစာအမှတ် (၃၂၇၃၇/၂၀၁၄)သည် ဥပဒေအရ ရုပ်သိမ်းပိုင်ခွင့်မရှိကြောင်း ဦးစိန်သန်းဦးနှင့်အများသိစေရန် ကြော်ငြာခြင်း

ဦးစိန်သန်းဦး(အဖ)ဦးဝက်စု[၁၃/ရစန(နိုင်)၀၀၈၁၀၉]သည် ၁၆-၁၂-၂၀၁၄ရက်တွင် ၎င်းပိုင် ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၂၃၊၂၆၊၂၇-ကမာရွတ်) မြေကွက်အမှတ်(၄၉)၊ ဧရိယာ(၀. ၁၂၄)ဧက၊ ၅၄၀၀စတုရန်းပေရှိ နှစ်(၆၀) ဂရန်မြေကွက်နှင့် မြေကွက်ပေါ်ရှိ ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ ပါရမီအိမ်ရာ၊ အမှတ်(၄၉)ဟုခေါ်တွင်သော နေအိမ်တို့နှင့် ပတ်သက်ပြီး မြေပုံမြေရာဇဝင်ကူးယူခြင်း၊ စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် အရောင်းအဝယ်စာချုပ် ချုပ်ဆိုခြင်းစသည်တို့ကို ဦးစိန်သန်းဦး၏ ကိုယ်စားဆောင်ရွက်နိုင်ရန် "ပြန်လည်ရုပ်သိမ်းခွင့်မရှိသော အထူးကိုယ်စားလှယ်လွှဲစာ"ကို ဦးခင်မောင်လေး (အဖ)ဦးလှမြင့်[၁၂/တမန(နိုင်)၀၉၇၀၁၃၆]အား တရားဝင်လွှဲအပ်ခဲ့ပါသည်။ စာချုပ်စာတမ်း မှတ်ပုံတင်ရုံးက ၁၆-၁၂-၂၀၁၄ရက်စွဲပါ ပြန်လည်ရုပ်သိမ်းခွင့်မရှိသော အထူးကိုယ်စားလှယ်လွှဲစာအမှတ်(VI-၃၂၇၃၇/၂၀၁၄)ဖြင့် မှတ်ပုံတင်သွင်းထားပြီး ဖြစ်ပါသည်။

ဦးစိန်သန်းဦး ကြော်ငြာချက်ပါ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ်(၃၂၇၃၇/၂၀၁၄)သည် ရန်ကုန်မြို့ စာချုပ်စာတမ်းမှတ်ပုံတင်ရုံး တွင် မှတ်ပုံတင်ထားခြင်းမရှိပါ။

ရန်ကုန်မြို့၊ စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် တရားဝင်မှတ်ပုံတင်သွင်းထားသော"ပြန်လည်ရုပ်သိမ်းခွင့်မရှိသော အထူးကိုယ်စားလှယ် လွှဲစာအမှတ်(၃၂၇၃၇/၂၀၁၄)"သည် ဦးစိန်သန်းဦးကိုယ်တိုင် ဦးခင်မောင်လေးအား တရားဝင်လွှဲပေးထားသည့် ပြန်လည်ရုပ်သိမ်းခွင့်မရှိသော အထူးကိုယ်စားလှယ်လွှဲစာသာဖြစ်ပြီး ဦးစိန်သန်းဦး (အဖ)ဦးဝက်စု (မှတ်ပုံတင်အမှတ်-[၁၃/ရစန(နိုင်)၀၀၈၁၀၉]ကိုယ်တိုင် လက်မှတ်ရေးထိုး လက်ဗွေနှိပ်ကာ မှတ်ပုံတင်သွင်းထားပြီးဖြစ်သဖြင့် "ပြန်လည်ရုပ်သိမ်းခွင့်မရှိသော အထူးကိုယ်စားလှယ်လွှဲစာ"ကို သတင်းစာမှ"အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် (၃၂၇၃၇/၂၀၁၄)"အား ၂၂-၇-၂၀၁၅ရက်မှစပြီး ရုပ်သိမ်းပြီးဖြစ်ပါသည်ဟု မမှန်မကန်ကြော်ငြာခြင်းသည် ကျွန်ုပ်၏မိတ်ဆွေ ဦးခင်မောင်လေး၏ ဂုဏ်သိက္ခာထိခိုက်စေပါသဖြင့် ဦးစိန်သန်းဦးအပေါ် ဥပဒေနှင့်အညီ တရားစွဲဆိုပေးပါရန် ညွှန်ကြားထားပြီးဖြစ်ပါကြောင်း ဦးစိန်သန်းဦးနှင့်အများသိစေရန် ကြော်ငြာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ
ဦးမင်းဆွေ တရားလွှတ်တော်ရှေ့နေ(၁၇၇၀)
အမှတ်(၈၃)၊ အခန်း(၁၄)၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။



သင့်သွေးဖြင့် အသက်ကယ်ပါ

# သွေးလွန်တုပ်ကွေးရောဂါကာကွယ်နိုင်ရေး ကျေးရွာများတွင် ခြင်ဆေးဖျန်း



**ငါန်းဇွန် ဩဂုတ် ၆**

မန္တလေးတိုင်းဒေသကြီး မြင်းခြံခရိုင် ငါန်းဇွန်မြို့နယ် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်တို့၏ ဦးစီးဆောင်ရွက်မှုအရ ကော်မတီဝင်များ၊ ကျေးရွာစည်းရုံးရေးအဖွဲ့ဝင်များနှင့် ပါတီဝင်များ၊ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ဝန်ထမ်းများနှင့် ကျေးရွာအုပ်ချုပ်ရေးမှူးတို့ ပူးပေါင်း၍ ဩဂုတ် ၄ ရက် နံနက် ၉ နာရီက မကြီးကြပ်ကျေးရွာအုပ်စု မကြီးကြပ်ကျေးရွာနှင့် ညောင်လေးပင်ကျေးရွာသို့ ဒေသခံပြည်သူများ၏ရင်သွေးငယ်များ သွေးလွန်တုပ်ကွေးရောဂါကာကွယ်ရေးအတွက် ခြင်ဆေးများ သွားရောက် ပက်ဖျန်းပေးခဲ့သည်။

ထိုသို့ဆောင်ရွက်ရာ၌ သွေးလွန်တုပ်ကွေးရောဂါစတင်ဖြစ်ပွားလျက်ရှိသည့် မကြီးကြပ်အုပ်စု ညောင်လေးပင်ကျေးရွာတွင် မကြီးကြပ်ဘုန်းတော်ကြီးကျောင်း၊ အခြေခံပညာမူလတန်းကျောင်းနှင့် အိမ်ခြေ ၂၈၄ အိမ်ရှိသည့်အနက် ခြင်ဆေးဖျန်းရန်လိုအပ်သော အိမ်ခြေ ၄၇ အိမ်သို့သွားရောက်၍ခြင်ဆေးဖျန်းခြင်းများဆောင်ရွက်ခဲ့သည်။

ထို့အပြင် မကြီးကြပ်ကျေးရွာတွင် အိမ်ခြေ ၂၅၀ ရှိသည့်အနက် ခြင်ဆေးဖျန်းရန်လိုအပ်သော အိမ်ခြေ ၂၅ အိမ်သို့လည်းကောင်း သွားရောက် ခြင်ဆေးဖျန်းခြင်းများ ဆောင်ရွက်ခဲ့ကြကြောင်းသိရသည်။

**သက်နောင်ဦး(ငါန်းဇွန်)**

# ကရင်ပြည်နယ်အတွင်းရှိ ရေဘေးသင့်ပြည်သူများအတွက် ထပ်မံစုပေါင်းထောက်ပံ့

**ဘားအံ ဩဂုတ် ၆**

ကရင်ပြည်နယ်အတွင်းရှိ ရေဘေးသင့်ပြည်သူများအတွက် အလှူငွေများ၊ စားရိက္ခာများထောက်ပံ့လှူဒါန်းခြင်းကို ဩဂုတ် ၄ ရက် မွန်းလွဲ ၂ နာရီတွင် ရွှေယဉ်မျှော်ဘုရားရေဘေးစခန်းတွင်ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာများ၊ အလှူရှင်စေတနာရှင်များ၊ရေဘေးသင့်ပြည်သူများတက်ရောက်ကြသည်။

ကရင်ပြည်နယ်ဝန်ကြီးချုပ်ဦးဇော်မင်း မိသားစုက ငွေကျပ်နှစ်သိန်း၊ ပြည်နယ်ပအိုဝ်းတိုင်းသားရေးရာဝန်ကြီးမှ ကျပ်ငါးသောင်း၊ ပြည်နယ်ညွှန်ကြားရေးမှူး၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား ကျောင်းသူများက ကျပ် ၁၆၅၁၈၀၀၊ ရွှေသံလွင်ကုမ္ပဏီမှ ကျပ်သိန်း ၁၀၀၊ ဟိုတယ်လုပ်ငန်းရှင်များအသင်းမှ ကျပ်၂၀၃၅၀၀၀၊ ကရင်ပြည်နယ်ကုန်သည်ကြီးများနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းမှ ကျပ် ၁၅ သိန်း၊ မြန်မာသစ်တောက်ငှက်ကုမ္ပဏီမှ ကျပ် ၁၀ သိန်းတို့ကို ပေးအပ်လှူဒါန်းခဲ့သည်။

ထို့အပြင် ဘားအံမော်တော်ယာဉ်လိုင်းပေါင်းစုံအသင်းမှ ကျပ် ၁၀ သိန်း၊ ဦးဟန်စိုး(KSDကုမ္ပဏီ) မှ ကျပ်ငါးသိန်း၊ မဟာဘားအံကုမ္ပဏီမှ ကျပ်ငါးသိန်း၊ ကရင်ပြည်နယ်မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့နှင့် အမျိုးသမီးရေးရာအဖွဲ့မှ ကျပ်ခြောက်သိန်း၊ ရွှေမင်းတမန်ကုမ္ပဏီမှ ကျပ်နှစ်သိန်း၊ UMH ကုမ္ပဏီမှ ကျပ်တစ်သိန်း၊ မြလင်းသစ်အချောထည်စက်ရုံမှ ကျပ်တစ်သိန်း၊ ဒေါနအောင်မြေဓာတ်ဆီဆိုင်မှ ကျပ်တစ်သိန်း၊ ချောစုဓာတ်ဆီဆိုင်မှ ကျပ်တစ်သိန်း၊ ဝင်းဝင်းဖယောင်းတိုင်လုပ်ငန်းမှ ကျပ်ငါးသောင်းတို့ကို ပေးအပ်လှူဒါန်းခဲ့သည်။

ယင်းအပြင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ ဆန် ၃၃၂ အိတ်နှင့် ခေါက်ဆွဲဖာများ၊ ဖဒိုအောင်ဆန်းငြိမ်းချမ်းရေးအဖွဲ့မှ ဆန်အိတ် ၁၀၀၊ ကျော်လွှမ်းမိုးကုမ္ပဏီမှ ဆန်အိတ် ၂၀၀၊ ကရင်ပြည်နယ်ကြက်ခြေနီအသင်းမှ H ydeing Kid ပုံး ၂၀၀၊ ဗာမဏ္ဍိုင် Group မှ ဆန်၊ ဆီ၊ ခေါက်ဆွဲများ၊ KNU/KNLA(PC)အဖွဲ့တို့မှ စုပေါင်းလှူဒါန်းပေးအပ်ခဲ့သည်။

အလားတူ ကရင်ပြည်နယ်ဝန်ကြီးချုပ်ဦးဇော်မင်း၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ်တိုင်းမှူးဗိုလ်ချုပ်တင်မောင်ဝင်းနှင့် တာဝန်ရှိသူများက လှိုင်းဘွဲ့မြို့နယ်တွင် မိုးရွာသွန်းမှုများပြား၍ အနိမ့်ပိုင်းများဖြစ်သော (က)ရပ်ကွက်၊ (ခ)ရပ်ကွက်များ ရေလွှမ်းမိုး၍ ဩဂုတ် ၄ ရက်နေ့က (က)ရပ်ကွက်ရှိ အမှတ်(၆) အ-မ-က ကျောင်း ရေဘေးစခန်းတွင် အိမ်ထောင်စု ၂၂ စု၊ လူဦးရေ ၁၉၀ ကိုလည်းကောင်း၊ (ခ)ရပ်ကွက် မူလတန်းကြိုကျောင်းတွင် အိမ်ထောင်စု ၁၁ စု၊ လူဦးရေ ၆၆ ဦးကိုလည်းကောင်း သွားရောက်ကြည့်ရှုအားပေးကာ ဆန်၊ ဆီ၊ကြက်ဥနှင့် ခေါက်ဆွဲခြောက်များ ထောက်ပံ့ပေးခဲ့သည်။ **နေမျိုးလွင်(ပြန်/ဆက်)**

## ပညာတံခွန်စာကြည့်တိုက်အဆောက်အအုံသစ်ဖွင့်

**ကသာ ဩဂုတ် ၆**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ကသာမြို့နယ် ဒိုးပင်ကျေးရွာ၌ ကျေးရွာကိုယ့်အားကိုယ်ကိုး ပညာတံခွန်စာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲကို ဩဂုတ် ၂ ရက် နံနက် ၉ နာရီခွဲက ဖွင့်လှစ်ခဲ့သည်။

ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြင့်ကေခိုင်က စာကြည့်တိုက်ဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်နှင့် စာကြည့်တိုက် ရေရှည်တည်တံ့ခိုင်မြဲရေးတို့အား ဆွေးနွေးခဲ့သည်။

ထို့နောက် စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမိုးဇော်ဟိန်းက ဒိုးပင်ကျေးရွာအတွက် Sky Net တစ်စုံ၊ TV(ဖူဂျီ-၃၆လက်မ) တစ်လုံး၊ မီးစက်တစ်လုံးနှင့်ကျေးရွာစာကြည့်တိုက်အတွက် ကျပ် ၁၅ သိန်းအား လှူဒါန်းခဲ့သည်။

အဆိုပါ ပညာတံခွန်စာကြည့်တိုက်သည် သွပ်မိုး၊ အုတ်ကာနှစ်ထပ်အဆောက်အအုံဖြစ်ပြီး ရွာဦးဆရာတော် ဦးစိန္တိတဦးစီး၍ ကျေးရွာကိုယ့်အားကိုယ်ကိုး ဆောက်လုပ်ခဲ့ရာစုစုပေါင်း ၉၇ သိန်းကုန်ကျကြောင်းသိရသည်။ **ကသာ(ခရိုင်ပြန်/ဆက်)**


## အန္တရာယ်ကင်းပရိတ်တရားတော်များရွတ်ဖတ်ပူဇော်

**မြဝတီ ဩဂုတ် ၆**

ကရင်ပြည်နယ် မြဝတီခရိုင် မြဝတီမြို့တွင် အမျိုးမျိုးသော ဘေးအန္တရာယ်များမှ ကင်းဝေးရေး အန္တရယ်ကင်း ပရိတ်တရားတော်များ မြို့အနှံ့ ရွတ်ဖတ်ပူဇော်ပွဲကို ဩဂုတ် ၄ ရက် နံနက် ၇ နာရီခွဲတွင် စတင်ရွတ်ဖတ်ပူဇော်ခဲ့ကြောင်း သိရသည်။

ထိုသို့ အန္တရာယ်ကင်းပရိတ်တရားတော်များ ရွတ်ဖတ်ပူဇော်ရာ အမှတ်(၂၇၅) မြသုခတပ်ဦးကျောင်းဆရာတော်၊ မြို့နယ်သံဃနာယကဥက္ကဋ္ဌ ဘဒ္ဒန္တဒေါက်တာပညာနန္ဒ ဆရာတော်အမှူးပြုသော ဆရာတော်၊ သံဃာတော်များက ရွှေမြင်းဝန်းစေတီတော်ကြီးမှစတင်၍ မြဝတီမြို့တွင်း လှည့်လည်ရွတ်ဖတ်ပူဇော်ခဲ့သည်။

ယင်းသို့ ခရိုင်အုပ်ချုပ်ရေးမှူး ဦးလွင်ကိုဦး၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးခင်မောင်ဇော်နှင့် တာဝန်ရှိသူများက အန္တရာယ်ကင်းပရိတ်တရားတော်များ ရွတ်ဖတ်ပူဇော်ပေးခဲ့သည့်ဆရာတော်၊ သံဃာတော်များအား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းပြီး နေ့ဆွမ်းဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။ **ထိန်လင်းအောင်(ပြန်/ဆက်)**




### ဖိတ်ကြားခြင်း

ဒုရဲအုပ်လောင်းသင်တန်း အပတ်စဉ် ၁၆/၈၄ သာရေး၊ နာရေးအဖွဲ့(ရန်ကုန်) ၏ တတိယအကြိမ်မြောက် ဝါဆိုသင်္ကန်းကပ်လှူပွဲအား ဒေါပုံမြို့နယ် လမုတန်း ရပ်ကွက်၊ လမုတန်းဘုန်းကြီးကျောင်းတွင် အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ် လှူဒါန်းမည်ဖြစ်ပါ၍ သူငယ်ချင်းအားလုံး မိသားစုနှင့်တကွ ကြွရောက်ကြပါရန် ခင်မင် ရင်းနှီးစွာ ဖိတ်ကြားအပ်ပါသည်။

နေ့ရက် - ၁၆-၈-၂၀၁၅ရက်(တနင်္ဂနွေနေ့)
အချိန် - နံနက် ၁၀း၀၀နာရီမှ မွန်းတည့် ၁၂း၀၀နာရီအထိ
နေရာ - လမုတန်းဘုန်းကြီးကျောင်း၊ ဒေါပုံမြို့နယ်။ (ဝါဆိုမှတ်တိုင် သီရိစံ Hotel ဘေးလမ်းမှဝင်ပါရန်)

သာရေး/နာရေးအဖွဲ့(ရန်ကုန်)
(ကြော်ငြာကုန်ကျငွေအား ဦးအေးမင်းဦး တော်ဝင်ရွှေဆိုင် ဖျာပုံမြို့)
**Ph: 045-24065** မှ ပံ့ပိုးကူညီပါသည်။




### ဆင်မင်းပုဆိုး

ရေဘေးကုသိုလ်အဖြစ် ဆင်မင်းပုဆိုးမှ ၃၀၀၀ကျပ်ဖြင့် ရောင်းချသောပုဆိုးများကို ရေဘေးဒုက္ခသည်များ လှူဒါန်းနိုင်ရန်အတွက် အထူးနှုန်း၁၆၀၀ကျပ်နှုန်းဖြင့် လည်းကောင်း၊ အမျိုးသမီးများအတွက်လည်း ၂၅၀၀ကျပ်နှုန်းဖြင့် လက်လီလက်ကား ရောင်းချပေးလျက်ရှိပါတယ်။ မှာယူလိုပါကအမှတ်(၁၅၅)၊ လမ်း(၃၀)၊ (၈၂×၈၃) လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

ဖုန်း-၀၂-၃၄၁၀၁၊ ၀၂-၂၄၂၈၆

### မွေးနေ့ဆုတောင်း

ညီမလေး မမေဇော်(ခ)စိုင်း(Grade3-A)၏ ၇-၈-၂၀၁၅ရက်တွင် ကျရောက်သော(၈)နှစ်ပြည့်မွေးနေ့မှသည် နောင်နှစ်ပေါင်းများစွာ တိုင်အောင် သက်ရှည်ကျန်းမာပြီး ထူးချွန်ထက်မြက် လိမ္မာရေးခြားရှိသော သမီးကောင်းရတနာတစ်ယောက်ဖြစ်ပါစေကြောင်း ဆုမွန်ကောင်းတောင်း အပ်ပါသည်။

ကိုကို-သုတ
**Grade-5(F)**
အ. လ. က(၁)ဒဂုံ

### ဝန်ထမ်းအလိုရှိသည်

၁။ ရှေ့နေ 1Position / Male
လုပ်ငန်းအတွေ့အကြုံ(၁)နှစ်ရှိရမည်။
စာချုပ်စာတမ်းနှင့်ပတ်သက်ပြီး အတွေ့အကြုံရှိရမည်။
အစိုးရရုံး အဝင်အထွက် လုပ်နိုင်ရမည်။
၂။ Graphic Designer 1Position / Male
ကွန်ပျူတာ Photoshop/Design ကျွမ်းကျင်
Idea စိတ်ကူးကောင်းမွန်သူ၊ တီထွင်ဆန်းသစ်နိုင်သူဖြစ်ရမည်။
လုပ်ငန်းအတွေ့အကြုံ(၁)နှစ်ရှိရမည်။
၃။ Marketing Staff 2Position / F or M
ကျန်းမာရေးနှင့်အလှအပဆိုင်ရာ လုပ်ငန်းအတွေ့အကြုံ အနည်းဆုံး (၁) နှစ် ရှိရမည်။
ရန်ကုန်မြို့တွင်း ကျွမ်းကျင်စွာသွားလာနိုင်သူ၊
စကားပြောသွက်လက်ပြီး ဆက်ဆံရေးပြေပြစ်သူဖြစ်ရမည်။
၁၅ရက်နေ့နောက်ဆုံးထားလာလျှောက်ပါရန်

**COSMO WELLNESS CO.,LTD.**
**No.(103),(2)Ward,Yangon-Insein Road, Mayangone Township, Yangon.**
**Tel:01 650141, 651956**

ကြော်ငြာ


## မွေးနေ့ဆုတောင်း

---

လယ်ပြည့် 09-50-37438, 532200

---

562829, 09-73198239, 509782, 09-450006779

---

ကိုအောင်နိုင် CAR RENTAL

---

## ရန်ကုန်စက်မှုတက္ကသိုလ် ဘာသာရပ်ပေါင်းစုံ သူငယ်ချင်းများအုပ်စုကြီး (1984-1993)

- နေရာ - Golden Hall, M3 Food Center, Bahan Sport Ground, Bahan Tsp.

(EC)(095181133), (EC)(09254106277), (EC)(095124577), (Mech)(09730601117), (Mech)(092002924), (Mech)(098627852), (Chemical)(09450011880), (Civil)(095128593)

---

## PRINCIPLES of SELLING @ WISE College

WISE College တွင် Principles of Selling Certificate Course

Principles of Selling Course Topics များမှာ -

1. Fundamental of Sales & Distribution
2. Selling Methods
3. Selling Points
4. Sales Call Plan
5. Sales Pitch Process
6. Basic Call Procedures
7. Sales Communication
8. Sales Negotiation
9. Salesmanship
10. Merchandising

20% Discount Until 16.8.2015

WISE College ... (Total Credit Hours) ...

WISE College, No.1009(A-B), 10th Floor, Yuzana Tower, Shwe Gone Dine, Bahan Tsp.
Ph : 09-253 528 520, 09-253 528 521

---

Building a Brighter FUTURE

VALUESTAR EDUCATION CENTRE

- **SME Management** (6-Weeks)
- **HR Management** (8-Weeks)

09-5043580, 5200547, 09-450001145

---

## တက္ကသိုလ်ဝင်တန်းမအောင်လို့ စိတ်မပျက်ပါနဲ့, MCC Polytechnic မှာနှင့် ဆက်သွယ်ပါ

အသက်မွေးဝမ်းကျောင်း ဒီပလိုမာ (Vocational Diploma) ရယူနိုင်ခြင်း

- B.Sc (Engineering) / B.Sc (Computing)
- Level (5) HND (Higher National Diploma)
- Level (4) HNC (Higher National Certificate)
- တက္ကသိုလ်ဝင်တန်း (Grade 11) — Pass
- (Grade 10) — Pass
- (Grade 9)
- Level (3) Diploma (Engineering, IT)
- Level (2) Certificate (Engineering, IT)

- Middlesex University (UK)
- Birmingham City University (UK)

edexcel | BTEC

- MCC Polytechnic (Yangon) - 01-245762, 249152, 395512
- MCC Polytechnic (Mandalay) - 09-91034062, 09-402671562, 02-77930
- MCC Polytechnic (Nay Pyi Taw) - 09-31354842, 09-254148940
- MCC Polytechnic (Yatanarpon) - 02-5178112, 02-5178132

Enroll Now!

www.facebook.com/mcc.institute

---

NCC education — Level 4 Diploma in BUSINESS

UKမှ စီးပွားရေးဘွဲ့ရယူရန် အဆိုနိုင်ပြည့် ဒီပလိုမာများ

## STRATEGY FIRST INSTITUTE



ဧက်တင်ဘာလ (၇) ရက် အတန်းများဖွင့်မည်။ ကျောင်းအပ်လက်ခံနေပါပြီ။

CALL NOW: 09250 717166 - 67 - 68

ကြော်ငြာ

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန
## မြန်မာ့မီးရထား
## ရန်ကုန်ဘူတာကြီး ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက်
## ရင်းနှီးမြှုပ်နှံလိုသူများ၏ အဆိုပြုလွှာများကို ဖိတ်ခေါ်ခြင်း

(Expression of Interest) (EOI)

CD Copy

www.yangonrailwaystation.com.mm website

E-mail-ymdev@yangonrailwaystation.com.mm

ဦးဆောင်ညွှန်ကြားရေးမှူး
မြန်မာ့မီးရထား
ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန





မှုယာစ်ဆိုက
ဆန်ကျွင်ကြ

MAUK (Serving Humanity Myanmar) မှ

MAUK
MAUK (ရန်ကုန်)
MAUK (မန္တလေး)

ရှမ်းဦး
ရွှေတောင်ဂျာနယ် ဖော်ကြွ
Ph-01-297184, 01-9000017

Mini Bus




- Diploma in Business (HND)
- Diploma in Advertising & Branding (HND)
- Diploma in Hospitality & Tourism (HND)
- Bachelor of Business & Management
- Bachelor of Marketing Management
- Bachelor of Tourism Management

MBA DBA

- Northampton University Diploma Bachelor Qualifications
- Professional Lecturers

09 732 10001 / 09 4211 00222

Enroll Now!

ကြော်ငြာ

"ဂုဏ်ယူဝမ်းမြောက်ခြင်းနှင့် အထူးကျေးဇူးတင်လွှာ"

1.8.2015 (စနေနေ့)တွင် ထုတ်ပြန်ခဲ့သော Association of Chartered Certified Accountants (ACCA - UK) ၏ June 2015 စာမေးပွဲရလဒ်များအရ ACCA Professional ဘာသာရပ်အားလုံးအောင်မြင်ပြီးစီးသူ မြန်မာနိုင်ငံမှ Affiliate (၆)ဦးတွင် ZAW Business School မှ အောင်မြင်ပြီးစီးခဲ့သူ Affiliate (၅)ဦးတို့အား အထူးပင် ဂုဏ်ယူဝမ်းမြောက်ပါကြောင်း နှင့်

3.8.2015 (တနင်္လာနေ့)တွင် ACCA (UK) မှ ZAW Business School ကို 'GOLD' Approved Learning Partner အဖြစ် အသိအမှတ်ပြုပေးခဲ့ခြင်းအတွက် ACCA CEO Ms Helen Brand OBE, Director of Learning Mr Alan Hartfield, Business Relationship Manager Mr. Alex Foong နှင့် Head of ACCA Myanmar Mr.Kyaw Lwin Oo တို့ကို ZBS မိသားစုမှ အထူးပင် ကျေးဇူးတင်ရှိပါသည်။

ZAW Business School

Gold Approved Learning Partner of ACCA,
Approved Quality Startegic Learning Partner of CIMA,
Globally recognised Professional Qualifications for Finance and Management

ACCA | CIMA | CFA | CPA | DIFR | FIA | LCCI

Phone : 01-299 288, 09-501 3589, 09-507 4974

MiTA MYANMAR
MEDICAL AND HEALTHCARE EXHIBITION & CONFERENCE 2015
7th-9th Aug 2015 Friday – Sunday 9 am - 5 pm Tatmadaw Hall, Yangon

CAFETERIA
B-2-B Meeting
COFFEE
FREE High Speed WIFI by REDLINK

Medical & Healthcare
Pharmaceutical
Sports, Fitness & Cosmetics

Entry Free

Amazing Event ... Opportunity to meet:
More than 55 International & Local Companies
Prominent Medical Professors & Doctors

စာပေလောက ၅ အား 27-7-2015 to 15-8-2015 Up to 50% Off 30% 20% 10%

စာပေနန်းတော် စာအုပ်ဆိုင်အမည်ဖြင့် ပြောင်းလဲခြင်းအထိမ်းအမှတ် ဆိုင်ရှိစာအုပ်အားလုံးကို အထူးလျှော့ဈေး ဖြင့် ရောင်းချပေးနေပါသည်။



KMD Telecom Training

Opening Date

• Huawei Certified Network Graduate Course (HCNG)
HCNG Course တွင် Telecom Network ... ICT Basic, IP Network, Core Network Introduction, GSM & WCDMA Network Fundamental, Transmission Network Introduction ...

HCNG (14 - Aug - 2015) 1:00 pm to 4:00 pm (Mon - Fri)

• Mobile Broadband Course (MBB)
MBB Course တွင် Mobile Base Station ... Introduction to Mobile Network, Tower ... BTS ...

MBB (28 - Aug - 2015) 9:00 am to 12:00 pm (Mon - Fri)

Telecom Engineer ... Telecom Industry ...











## အာရက်ဦးပေါင်းသကြားစက်အား လွှဲပြောင်းရောင်းချမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး တကောင်းမြို့နယ်၊ မကျီးကုန်းကျေးရွာအုပ်စု၊ ကွင်းအမှတ်(OSS)၊ မကျီးကုန်းကြေးပြင်ကွင်းရှိ (၇.၄၁) ဧက အကျယ်အဝန်းရှိ မြေနှင့် ယင်းမြေပေါ်ရှိ "အာရက်ဦး" ပေါင်းသကြားစက်၏ ပိုင်ဆိုင်အကျိုးခံစားခွင့်အရပ်ရပ်တို့နှင့် အာရက်ဦးပေါင်းသကြားစက်၏ ကော်စေးမှုဂုဏ်သတင်း အပါအဝင်တို့အား ပိုင်ရှင်ဖြစ်သူ ဦးကြည်လွင်(ဘ) ဦးအောင်ချစ် [၉/မထလ(နိုင်)၀၃၁၈၂၃] ကိုယ်တိုင်မှ ညှိနှိုင်းဈေးဖြင့် လွှဲပြောင်းရောင်းချမည်ဖြစ်ပါသည်။ ဝယ်ယူလိုသူများမှ ကျွန်ုပ်ထံသို့ဖြစ်စေ၊ သို့တည်းမဟုတ် ပိုင်ရှင်ဖြစ်သူ ဦးကြည်လွင်ထံသို့ဖြစ်စေ ဆက်သွယ်ဝယ်ယူနိုင်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

| လွှဲအပ်ညွှန်ကြားသူ | လွှဲအပ်ညွှန်ကြားချက်အရ |
|---|---|
| ဦးကြည်လွင် | ဦးနေမျိုးဇော်၊ တရားလွှတ်တော်ရှေ့နေ (စဉ်-၉၇၅၅) |
| [၉/မထလ(နိုင်)၀၃၁၈၂၃] | အမှတ်(၃၅)၊ ၂၇-လမ်း၊ ၇၀×၇၁ လမ်းကြား၊ ပါတ်ကုန်းဝန်းကျင်ရပ်၊ |
| ဖုန်း-၀၉-၂၅၀၈၇၁၀၄၈၇ | ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့၊ ဖုန်း-၀၉- ၉၁၀၁၀၈၄၆၈ |


ဖုန်းခေါ်ဆိုခ အနည်းဆုံး
၂၀ကျပ်/မိနစ်
အခုပဲ ငွေဖြည့်ပြီး တစ်မိနစ် ၂၀ကျပ်နဲ့
ပြည်တွင်းဖုန်းအားလုံးကို ခေါ်ဆိုလိုက်ပါ။
ooredoo

# Legend of Beauty HINATURE®

This Year 30 years old
Next Year 18 years old



HINATURE

Hinature




Ph - 09 402 762 174, 09 974 454 903
Ph - 09 7989 44704, 09 79 6060 422
SHAR SHAR ( Dressmaker ) Ph - 09 7320 6104, 09799880273
Ph - 01 564212, 09 799 616047, 09 420210731
Ph - 09 360 315 73, 09 257 024 550, 09 974 5151 88

ကြော်ငြာ

## အထူးဝမ်းနည်းခြင်း

**ဗိုလ်မှူးကြီးတင်လှိုင်(ငြိမ်း)**
**အသက်(၈၂)နှစ်**
**နိုင်ငံတော်ကောင်စီရုံးညွှန်ချုပ်(ငြိမ်း)**
**စစ်တက္ကသိုလ်အမှတ်စဉ်(၁)**
**သူရဲကောင်းမှတ်တမ်းဝင်(၂)ထပ်ကွမ်း**

ဦးဝင်းကို-ဒေါ်မာလာလှိုင် (ဝင်းမာလာအောင်ကုမ္ပဏီ)၊ ဦးထေရလှိုင်-ဒေါ်စန္ဒာမိုး(ကြယ်ငါးပွင့်သဘော်လိုင်း)၊ (ဦးပုညလှိုင်)-ဒေါ်ခင်မာကြည်၊ (ဦးတေဇလှိုင်-ဒေါ်ကြည်ကြည်အေး)တို့၏ဖခင်၊ မအေးမြတ်မွန်၊ မောင်ကောင်းဝေယံလှိုင်-မခင်မြတ်သူတို့၏အဘိုး၊ ဒေါ်ရီရီ၏ ချစ်လှစွာသောခင်ပွန်း ဗိုလ်မှူးကြီးတင်လှိုင်(ငြိမ်း)သည် ၁-၈-၂၀၁၅ရက်တွင် ကွယ်လွန်ကြောင်းသိရသဖြင့် မိသားစုနှင့်အတူတကွ ထပ်တူထပ်မျှ ဝမ်းနည်းရပါကြောင်း ဖော်ပြအပ်ပါသည်။

**ဦးလှကျော် ဒုအထွေထွေမန်နေဂျာ(ငြိမ်း)**
**မြန်မာ့သစ်လုပ်ငန်းနှင့်**
**သမီး ဒေါက်တာအေးအေးမွန်(U.N.I.C.E.F)**

## အထူးဝမ်းနည်းခြင်း

**ဗိုလ်မှူးကြီးတင်လှိုင် (ငြိမ်း)**
**အသက်(၈၂)နှစ်**
**နိုင်ငံတော်ကောင်စီရုံးညွှန်ချုပ် (ငြိမ်း)**
**စစ်တက္ကသိုလ် အမှတ်စဉ်(၁)**
**သူရဲကောင်းမှတ်တမ်းဝင် (၂)ထပ်ကွမ်း**

ဒေါ်ရီရီ၏ ချစ်လှစွာသောခင်ပွန်း၊ ဦးဝင်းကို-ဒေါ်မာလာလှိုင် (ဝင်းမာလာအောင်သစ်အချောထည်စက်ရုံ) မန္တလေးမြို့၊ ဦးထေရလှိုင်-ဒေါ်စန္ဒာမိုး၊ (ဦးပုညလှိုင်)-ဒေါ်ခင်မာကြည်၊ (ဦးတေဇလှိုင်-ဒေါ်ကြည်ကြည်အေး)တို့၏ဖခင်၊ မအေးမြတ်မွန်၊ မောင်ကောင်းဝေယံလှိုင်-မခင်မြတ်သူတို့၏အဘိုး ဗိုလ်မှူးကြီးတင်လှိုင်(ငြိမ်း)သည် ၁-၈-၂၀၁၅ရက်တွင် ကွယ်လွန်ကြောင်းသိရသဖြင့် မိသားစုနှင့် အတူတကွ ထပ်တူထပ်မျှ ဝမ်းနည်းရပါကြောင်း ဖော်ပြအပ်ပါသည်။

**ဒေါက်တာကျော်နိုင် (ပါမောက္ခခွဲစိတ်အထူးကုဆရာဝန်ကြီး)နှင့်ဇနီး**
**ဒေါက်တာ မြမြမွန် (သားဖွား မီးယပ်အထူးကု)**
**ခုတင် (၃၀၀) သင်ကြားရေးဆေးရုံ၊ မန္တလေးမြို့။**

## ဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ ကျောင်းဒါယကာ
ဗိုလ်မှူးကြီးတင်လှိုင် (ငြိမ်း)
အသက်(၈၂)နှစ်
နိုင်ငံတော်ကောင်စီရုံးညွှန်ချုပ် (ငြိမ်း)
စစ်တက္ကသိုလ် အမှတ်စဉ်(၁)
သူရဲကောင်းမှတ်တမ်းဝင် (၂)ထပ်ကွမ်း

ဦးဝင်းကို-ဒေါ်မာလာလှိုင်၊ ဦးထေရလှိုင်-ဒေါ်စန္ဒာမိုးတို့၏ ဖခင် ဒေါ်ရီရီ၏ ခင်ပွန်း ဗိုလ်မှူးကြီးတင်လှိုင်(ငြိမ်း)သည် ၁-၈-၂၀၁၅ရက် ညနေ ၅း၃၅ နာရီတွင် ကွယ်လွန်သွားသည့်အတွက် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးသိန်းဟန်-ဒေါ်ဝင်းစိန်**
**မြင့်စန္ဒာရတနာ**

## အထူးဝမ်းနည်းကြေကွဲခြင်း

**Building Engineering Institute (BEI) စတင်ဖွဲ့စည်းဆောင်ရွက်ခဲ့သော**
**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ တန်ဆောင်း၊ ရေကန်၊ ဒါယကာကြီး**

**Engr: ဦးသန်းမြင့် P.E.**

**အသက်(၇၆)နှစ်**

B.Sc(Civil Engg.), M.A.Sc(Structural Engg.)
M.ASCE, F.MES, H.Fellow AFEO, F.AAET

**ဒုတိယ အင်ဂျင်နီယာချုပ်(ငြိမ်း)၊ မြန်မာ့မီးရထား**
**M.Dအေးရိပ်မွန် ကုမ္ပဏီ**

Past President, Myanmar Engineering Society (MES)
Ex.Chairman, Myanmar National Building Code(MNBC)
Ex.Chairman, Myanmar Earthquake Committee(MEC)
Ex.Chairman, Committee for Quality Control of High-rise Building Construction Projects (CQHP)
Ex.Chairman, Assessment Committee, Myanmar Engineering Council
Founder and Ex.Chairman, Building Engineering Institute(BEI)

**အင်ဂျင်နီယာဂုဏ်ရည်ဆု**
DISTINGUISHED AWARD FOR LIFELONG ENGINEERING ACHIEVEMENT

မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း၏ Past President, Ex.Chairman, Building Engineering Institute (BEI), Founder Engr.ဦးသန်းမြင့် P.Eအသက်(၇၆)နှစ်သည် ၃-၈-၂၀၁၅ရက် (တနင်္လာနေ့) နံနက် ၃း၄၅နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ အထူးကြေကွဲ ဝမ်းနည်းရပါသည်။

**Building Engineering Institute (BEI)**

## အထူးဝမ်းနည်းကြေကွဲခြင်း

Engr. ဦးသန်းမြင့် P.E.

B.Sc (Civil Engg.), M.A.Sc (Structural Engg.)
M.ASCE, F.MES, H.Fellow AFEO, F.AAET
Past President, Myanmar Engineering Society (MES)
Ex. Chairman, Myanmar Earthquake Committee (MEC)
Ex. Chairman, Committee for Quality Control of High-Rise Building Projects (CQHP)
Ex. President, Assessment Committee/Myanmar Engineering Council
Ex. Chairman, Building Engineering Institute (BEI)
Ex. Chairman, Myanmar National Building Code
DISTINGUISHED AWARD FOR LIFELONG ENGINEERING ACHIEVEMENT

Myanmar Earthquake Committee (MEC)

## အထူးဝမ်းနည်းကြေကွဲခြင်း

Engr. ဦးသန်းမြင့် P.E.

B.Sc (Civil Engg.), M.A.Sc (Structural Engg.)
M.ASCE, F.MES, H.Fellow AFEO, F.AAET
Past President, Myanmar Engineering Society (MES)
Ex. Chairman, Myanmar Earthquake Committee (MEC)
Ex. Chairman, Committee for Quality Control of High-Rise Building Projects (CQHP)
Ex. President, Assessment Committee/Myanmar Engineering Council
Ex. Chairman, Building Engineering Institute (BEI)
Ex. Chairman, Myanmar National Building Code
DISTINGUISHED AWARD FOR LIFELONG ENGINEERING ACHIEVEMENT

Special Project Committee
Myanmar National Building Code Group

## ဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**
**ဦးဘကြင် အသက်(၇၇)နှစ်**

Director (Green Power Myanmar Co.,Ltd)

**စက်ရုံမှူး(အငြိမ်းစား)**
**ပိုးချည်စက်ရုံ(ပြင်ဦးလွင်)**
**ချည်မျှင်နှင့်အထည်စက်ရုံ(မိတ္ထီလာ)**

ရန်ကုန်မြို့၊ (၇)မိုင်ခွဲ၊ တေးနုယဉ်လမ်း၊ အမှတ်-45(P/4)နေ ဒေါ်စန်းစန်းမြင့်၏ခင်ပွန်း၊ ဦးတင်မောင်ကြင် MD (Tembusu Industries Pte Ltd.(Singapore)၊ ဦးမြင့်နိုင်-ဒေါ်ထားထားကြင်(ကော်ပီမန္တလာ)၊ မန္တလေးမြို့၊ ဗိုလ်မှူးပြည်စိုး(ငြိမ်း) COO (Green Power Myanmar Co.,Ltd)-ဒေါ်နီလာကြင် MD (Green Power Myanmar Co.,Ltd)တို့၏ ကျေးဇူးရှင်ဖခင်ကြီး၊ မောင်ဝေယံရှင်းသန့် MCCI B.I.T၊ မဖြူစင်ရှင်းသန့် Kaplan University (Singapore)တို့၏ ကျေးဇူးရှင်ဘိုးဘိုးကြီးသည် ၃-၈-၂၀၁၅ရက်(တနင်္လာနေ့) နံနက် ၈း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ဝမ်းနည်းကြေကွဲရပါသည်။

**အုပ်ချုပ်သူနှင့် ဝန်ထမ်းများ**
**Green Power Myanmar Co.,Ltd**
**Grand Kawthaung Co.,Ltd**

## ဝမ်းနည်းကြေကွဲခြင်း

(MD)

F.MES, M.ASCE, F.AFEO, B.Sc (Civil Engg.)
M.A.Sc (Structural Engg.) Waterloo Canada
Past President, Myanmar Engineering Society (MES)
Ex. Chairman, Myanmar Earthquake Committee (MEC)
Ex. Chairman, Committee for Quality Control of High-rise Building Project (CQHP)

Nay Engineering Group Co.,Ltd

| | | | |
|---|---|---|---|
| | - Aye Yoke Mon Co.,Ltd | | - Yadana Hoe Family Construction Co.,Ltd |
| | - Aung Myin Pyae Sone Co.,Ltd | | - Real Home Construction Co.,Ltd |
| | - Myanmar Golden Crown Co.,Ltd | | - Pyi Nyein Thu Construction Co.,Ltd |
| | - International Contact Co.,Ltd | | - OSC - Hospital |
| | - Aung Kyaw & Brothers Construction Group Ltd | | |

## အထူးဝမ်းနည်းကြေကွဲခြင်း

Engr. ဦးသန်းမြင့် P.E.

## အထူးဝမ်းနည်းကြေကွဲခြင်း

Engr. ဦးသန်းမြင့် P.E.

ပြေးမှူ
Hot Line No-0930500100

# အရေးပေါ်အခြေအနေစီမံခန့်ခွဲမှုဗဟိုဌာန လုပ်ငန်းဆောင်ရွက်မှုများ ဒုတိယသမ္မတ ဦးညွန့်ထွန်း ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဩဂုတ် ၆**

အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးညွန့်ထွန်းသည် ယနေ့နံနက်ပိုင်းတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနရှိ အရေးပေါ်အခြေအနေစီမံခန့်ခွဲမှုဗဟိုဌာနတွင် အာဆီယံသဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုဆိုင်ရာ လူသားချင်းစာနာမှုအကူအညီပေးရေးညှိနှိုင်းမှုဌာနမှ အရေးပေါ်ကြိုတင်ပြင်ဆင်ရေးနှင့် တုံ့ပြန်ရေးအကြီးတန်းအရာရှိ Mr. Janggam Adhityaawrama၊ ဆက်သွယ်ရေးနှင့် သတင်းအချက်အလက် နည်းပညာအရာရှိ Mr.Adi Bishry၊ ထောက်ပံ့ပို့ဆောင်ရေးအရာရှိ Mr. Yoran Lukas၊ အရေးပေါ်အခြေအနေစီမံခန့်ခွဲမှုဗဟိုဌာနအကြံပေး Mr. Don Price၊ ကုလသမဂ္ဂ လူသားချင်းစာနာမှုဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းရေးရုံးနှင့် မြန်မာသတင်းအချက်အလက်စီမံခန့်ခွဲမှု ယူနစ်တို့မှ တာဝန်ထမ်းဆောင်နေသူများက မြန်မာနိုင်ငံတစ်ဝန်း ရေကြီးရေလျှံမှု၊ မြေပြိုမှုများအပါအဝင် သဘာဝဘေးအန္တရာယ်ဆိုင်ရာ သတင်းအချက်အလက်များ စုဆောင်းခြင်း၊ ဆန်းစစ်သုံးသပ်ခြင်း၊ သတင်းထုတ်ပြန်ခြင်းဆိုင်ရာ ဆောင်ရွက်ချက်တို့နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြပြီး ဒုတိယသမ္မတက လိုအပ်သည်များ ဖြည့်ဆည်းညှိနှိုင်းဆောင်ရွက်ပေးသည်။

ယင်းနောက် ဒုတိယသမ္မတသည် မြန်မာနိုင်ငံတစ်ဝန်း ဖြစ်ပွားနေသည့် ရေဘေးသင့်ပြည်သူများအတွက် သတ္တုတွင်းဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံကျောက်မျက်လုပ်ငန်းရှင်များအသင်းမှ **စာမျက်နှာ ၈ ကော်လံ ၁ သို့ ☆**




**ယနေ့ မာတိကာ**

တရုတ်နိုင်ငံမှ ကယ်ဆယ်ရေးပစ္စည်းများ မူဆယ်မြို့မှတစ်ဆင့် ရောက်ရှိ

စာမျက်နှာ - ၄

အပြည်ပြည်ဆိုင်ရာ ကြေးနန်းဆက်သွယ်ရေးအဖွဲ့ချုပ်က ဂြိုဟ်တု စနစ်သုံးတယ်လီဖုန်းများ ပေးပို့ကူညီ

စာမျက်နှာ - ၇

ငမိုးရိပ်ရေလှောင်တမံ ရေလှောင်ပမာဏ ပြည့်မီသဖြင့် ရေပိုလွှဲမှ ရေထုတ်လွှတ်လျက်ရှိ

စာမျက်နှာ - ၁၀

# အရန်ဆန်အိတ် တစ်သိန်းခုနစ်သောင်းကျော်ရှိပြီး ပြည်တွင်းစားနပ်ရိက္ခာဖူလုံလျက်ရှိ အခြေအနေအရ လိုအပ်မှုရှိပါကလည်း အိမ်နီးချင်းနိုင်ငံများမှ ပြန်လည်တင်သွင်းသွားရန် စီစဉ်ထား

**ရန်ကုန် ဩဂုတ် ၆**

မြန်မာနိုင်ငံတွင် ဖြစ်ပေါ်နေသော ရေကြီးရေလျှံမှုများကြောင့် လယ်မြေဧကအများအပြား ပျက်စီးဆုံးရှုံးမှုဖြစ်ပေါ်ခဲ့ရာ လက်ရှိရေဘေးသင့်ဒေသများအတွက် ဆန်ထောက်ပံ့ခြင်းအပါအဝင် စားနပ်ရိက္ခာအတွက် ဆန်ဖူလုံလျက်ရှိပြီး အရန်ဆန်အိတ်တစ်သိန်းခုနစ်သောင်းကျော်ရှိကြောင်း မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်မှ သတင်းရရှိသည်။

လက်ရှိတွင် ပြည်တွင်း၌ ဆန်လုံလောက်မှုရှိပြီး အခြေအနေအရ လိုအပ်မှုရှိလာပါကလည်း အိမ်နီးချင်းနိုင်ငံများမှ ပြန်လည်ဝယ်ယူတင်သွင်းသွားရန်ကိုလည်း နိုင်ငံတော်သို့ တင်ပြကာ စီစဉ်ထားရှိပြီးဖြစ်သည်ဟု သိရသည်။

ပြည်တွင်းဆန်လိုအပ်ချက် လုံလောက်မှုရှိနေပြီး လက်ရှိတွင် ရေဘေးသင့်ဒေသများအတွက် ကူညီကယ်ဆယ်ရေး၊ စားနပ်ရိက္ခာလုံလောက်ရေး၊ ဆန်စျေးနှုန်းတည်ငြိမ်စွာဖြင့် လိုအပ်သောနေရာများကို မှန်မှန်ကန်ကန် **စာမျက်နှာ ၆ ကော်လံ ၄ သို့ ✳**

ဓာတ်ပုံ - ဇိုဟေဆာ



## ရေဘေးသင့်ပြည်သူများအား လျှုဒါန်းကူညီရန် အိန္ဒိယနိုင်ငံမှ ထောက်ပံ့ရေးလေယာဉ်နှစ်စင်းရောက်ရှိ

သတင်း စာမျက်နှာ » ၆

## တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးဆိုင်ရာ စာချုပ်အချောသပ်နိုင်ရေးအတွက် နှစ်ဖက်အဖွဲ့များ (၉)ကြိမ်မြောက် ဆွေးနွေး

သတင်း စာမျက်နှာ » ၅

DECO-LAND
DECO
PAPER CUPS (HOT/COLD)
PAPER PLATES, PAPER LUNCH BOXES
APOLO
Available with customized printing
6.5 oz
8 oz
11 oz
12 oz
14 oz
HOT-LINE : 01 684284, 685961, 687729
SHOWROOM (1)
No. 326/328, Strand Road,
Corner of 24th Street,
Lathar Township, Yangon, Myanmar.
Tel : 01 382789, 09 73228182
New Manufacturer in Myanmar!
SHOWROOM (2)
No. 157, 31st Street (Middle Block),
Pabedan Township, Yongon, Myanmar.
Tel : 01 250425, 242469

